ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (16-4-2015) (စ၁၇၇)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၅ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် မစ္စ ဟယ်လ် သော်နင်း ရှမစ်ဒ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)


နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အကြတ်နေ့တွင် ဆက်လက်ပါဝင်ဆင်နွှဲ

သတင်း၊ စာမျက်နှာ - ၈

သပြေ၏ မဟာရန်ကုန်ရဲ့ အတာသင်္ကြန်

ဆောင်းပါး၊ စာမျက်နှာ - ၆

မဟာသင်္ကြန်အကြတ်နေ့ နေပြည်တော်တစ်ဝန်း ရေကစားသူ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိ

သတင်း၊ စာမျက်နှာ - ၃

ကိုးကန့်သောင်းကျန်းသူများ ခံစစ်ဆင်ထားသည့် တောင်ကုန်းအား တပ်မတော်က ရဲဝံ့စွာနှင့်စား ချေမှုန်းသိမ်းပိုက်

သတင်း၊ စာမျက်နှာ - ၁၂





သတင်း စာမျက်နှာ ၉ »»»

မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ အနော်ရထာလမ်းမတစ်လျှောက်တွင် အတာသင်္ကြန်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)




ကြေးမုံ စာ တည်း ရှု ထောင့် — ၁၆-၄-၂၀၁၅ [ကြာသပတေးနေ့]

# သင်္ကြန်နှစ်ကူး ယဉ်ကျေးမှု

ယနေ့သည် မဟာသင်္ကြန်အတက်နေ့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလ၏ နောက်ဆုံးနေ့ဖြစ်ပါသည်။ မြန်မာတို့၏ နှစ်တစ်နှစ်ကူးပြောင်းချိန်ကာလ ပြီးဆုံး၍ ၁၃၇၇ ခုနှစ် နှစ်သစ်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ပါသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်ကူးအတာသင်္ကြန်ကာလတွင် သင်္ကြန်ရေအေးဖြင့် ပက်ဖျန်းပြီး ဆေးကြောသန့်စင်ပြီးဖြစ်ပါမည်။

အကြိုနေ့အပါအဝင် သင်္ကြန်ရေသဘင်ပွဲဆင်နွှဲသည့် လေးရက်တာကာလအတွင်း မြန်မာနိုင်ငံတွင် ကြီးမားသည့် အကုသိုလ်အမှု၊ ဒုစရိုက်မှုများ မတွေ့ရပါ။ ထင်ရှားသည့် မြို့ကြီးများတွင်သာမက နိုင်ငံအတွင်းရှိ မြို့တိုင်း၊ နေရာတိုင်း၌ လူငယ်တို့သဘာဝ အပျော်လွန်ခဲ့သည်အချို့ရှိခဲ့သည်မှအပ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ရေကစားခဲ့ကြ၍ လွန်စွာကျေနပ်ဝမ်းသာပီတိဖြစ်မိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းမှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်၍ ကြင်နာသနားခြင်း၊ စာနာထောက်ထားခြင်း၊ မကောင်းသောအမူအကျင့်များနှင့်ပတ်သက်၍ ပြည်သူအများစုမှာ ရှက်ရမည်ကို ရှက်ခြင်း၊ ကြောက်ရမည်ကို ကြောက်ခြင်းတို့ကိုအခြေခံသည့် အမျိုးသားယဉ်ကျေးမှု 'စံ'နှင့်အညီ ပြုမူကျင့်ကြံဆင်နွှဲကြသည်ကို တွေ့ရပါသည်။

သို့သော် "ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရော" ဆိုသကဲ့သို့ အမျိုးသားယဉ်ကျေးမှုစံနှုန်းများမှ သွေဖည်ခဲ့ကြသူအချို့လည်း ရှိနေသည်ကို နားလည်မိပါသည်။ မည်သို့ပင်ဆိုစေကာမူ ဆင်နွှဲခဲ့ပြီး သင်္ကြန်မျက်နှာစာများတွင် ပျော်ရွှင်မှုလွန်ကဲခြင်းမှအပ ရိုးရာယဉ်ကျေးမှုကို သိသာစွာပွန်းရှစေသော အပြုအမူများနည်းပါးသည်ကို မြင်တွေ့နိုင်ပါသည်။ ထိုသို့နည်းပါးအောင်လည်း သက်ဆိုင်ရာတို့က သင်္ကြန်မတိုင်မီ ကာလကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်မှုများလည်း ပါဝင်ပါသည်။

ယမန်နှစ်သင်္ကြန်ကာလက ဟီရိဩတ္တပ္ပ အရှက်၊ အကြောက်နည်းသော အမြင်မတင့်ဖွယ်ရာ ပြုမူဆောင်ရွက်မှုများရှိခဲ့၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့ခဲ့သည်မှန်သော်လည်း ယခုနှစ်တွင်မူ ယမန်နှစ်ကလောက် အမြင်မတင့်ဖွယ်ရာများနည်းခဲ့သည်မှာ အမှန်ဖြစ်ပါသည်။ သို့သော် သင်္ကြန်နှင့် ယမကာယဉ်ကျေးမှုမှာ သိသာစွာလျော့နည်းမှု မရှိသေးသည်ကိုမူ လက်ခံရမည်ဖြစ်သည်။ ထို့ကြောင့် အရက်သေစာများကိုမူ သင်္ကြန်တွင်းသာမဟုတ်ဘဲ အခြားအချိန်ကာလများတွင်လည်း စည်းကမ်းနှင့်အညီ ထိန်းသိမ်းကြပ်မတ်သွားဖို့ လိုအပ်မည်ဖြစ်သည်။

မည်သည့်အရာတွင်မဆို ထုတ်လုပ်သူရှိ၍ ရောင်းသူရှိပြီး၊ ရောင်းသူရှိ၍ သုံးစွဲသူရှိနေခြင်းဖြစ်ပါသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ရောင်းဝယ်ဖြန့်ချိ၊ သယ်ဆောင်၊ သုံးစွဲသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စဉ်ဆက်မပြတ်ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူလျက်ရှိနေရာ အရှိန်အဟုန်သိသာစွာကျဆင်းခြင်းမရှိသေးသည်မှာ အဓိကထုတ်လုပ်သူရှိနေသေး၍ ဖြစ်မည်ဟု ယူဆပါသည်။ အလားတူ အရက်သေစာသုံးစွဲမှုတွင် ထုတ်လုပ်မှု၌ အခွန်ငွေပေးဆောင်၍ တရားဝင်လုပ်ကိုင်ကြသည်မှာ မှန်သော်လည်း ဥပဒေအတိုင်း စည်းကမ်းတကျသုံးစွဲကြနိုင်ရေး အလေးထားဆောင်ရွက်ကြရန်လည်း လိုအပ်နေပါသေးသည်။

ယမကာယဉ်ကျေးမှုသည် မြို့ပြတွင်သာမက ကျေးလက်များအထိပါ ကူးစက်ပျံ့နှံ့ခဲ့သည်။ မြန်မာနိုင်ငံတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးလုပ်ငန်းစဉ်၌ ပါဝင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် အရက်သေစာရောင်းချခြင်းမရှိသော ကျေးရွာများအား စီမံကိန်းပါ အထောက်အပံ့များကိုပေးအပ် သွားမည့်အချက်တစ်ချက်လည်းပါဝင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နမူနာယူစရာကောင်းမွန်သည့်လုပ်ဆောင်ချက်ဟု ဆိုထိုက်ပါသည်။

သို့ဖြစ်ရာ ယခုကျင်းပနေသော မြန်မာ့ရိုးရာရေသဘင်ပွဲတော်တွင် မြန်မာ့ယဉ်ကျေးမှုကို အတတ်နိုင်ဆုံး ထိန်းသိမ်းနိုင်ခဲ့သည်ဟုဆိုရမည်ဖြစ်သလို သင်္ကြန်နှစ်ကူးပွဲတော်ပြီး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသောကာလတွင်လည်း နှစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန်အတွက် ကျန်ရှိနေသေးသော ယဉ်ကျေးမှုကို ထိခိုက်စေမည့် လုပ်ဆောင်မှုများကို ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ။



မေ ၁၅ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် ဇနီးတို့က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကော့ပါးကျေးရွာ ကရင်ရိုးရာယဉ်ကျေးမှုဒိုးအဖွဲ့အား ဆုချီးမြှင့်ငွေကျပ်ငါးသိန်းကို ပေးအပ်စဉ်။ (စောသိန်းဝင်း)

## ပူတာအိုခရိုင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် တပျော်တပါးဆင်နွှဲ

**ပူတာအို မေ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ မေ ၁၃ ရက် ညနေ ၃ နာရီခွဲက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းမပေါ်ရှိ နမ်ထွမ်ချောင်းတံတားအမှတ် (၁/၂၁၈) သံကူကွန်ကရစ်တံတား တည်ဆောက်ရေး စီမံကိန်းရှေ့ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပူတာအိုခရိုင် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီ နာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(ဗဟိုမဏ္ဍပ်)ကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ကျော်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ယိမ်းအကအဖွဲ့များနှင့်အတူ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များက သင်္ကြန်အကများဖြင့် တပျော်တပါးပါဝင်ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ကျော်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ ယိမ်းအကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပြည်ပနိုင်ငံခြားဧည့်သည်တော်များ တက်ရောက်ကာ သင်္ကြန်အကများဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ဖုန်ကန်(iprd)**



## မန္တလေးမဟာမုနိဘုရားကြီး၌ ဝေယျာဝစ္စကုသိုလ်ယူသည့်လူငယ်အဖွဲ့ ပိုမိုများပြားလာ

**မန္တလေး မေ ၁၅**


မန္တလေးမြို့ရောက်သည်နှင့် မဟာမုနိဘုရားကြီးကိုဖူးလိုက်ရမှ မန္တလေးရောက်သည်ဟု ပြောနိုင်ကြောင်း တင်စားထားကြသည်။ မဟာမုနိဘုရားကြီးတွင် လေ့လာစရာများစွာရှိပြီး နေ့စဉ်ဘုရားဖူးတို့စည်ကားသော တန်ခိုးကြီး ဘုရားတစ်ဆူပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် နိုင်ငံတကာ ယဉ်ကျေးမှုလွှမ်းမိုးမှုအကြား ဘာသာတရားကိုင်းရှိုင်းမှု နည်းလာသည်ဟုလည်းဆိုကြသည်။ မျိုးဆက်သစ်လူငယ်များ ဘာသာတရားရိုသေကိုင်းရှိုင်းရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးများမှအစ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ကျေးလက်ဒေသများ၌ နွေရာသီ ကျောင်းပိတ်ရက်တွင် ဘုန်းတော်ကြီးကျောင်းများသို့ ပို့ကာ သင်ယူစေပေသည်။

မန္တလေးမြို့တွင် ဂုဏ်ယူဖွယ်ရာ လူငယ်ဝေယျာဝစ္စအဖွဲ့များစွာရှိသည်။ တက္ကသိုလ် ဆရာ ဆရာမမှအစ ကျောင်းသားအဆုံးအားလုံး ပါဝင်လေ့ရှိသည်။အပတ်စဉ်တနင်္ဂနွေနေ့မှအစ အခြားနေ့ရက်များတွင် သတ်မှတ်ထားသော ဘုရားများသို့ ဝေယျာဝစ္စကုသိုလ်များယူလေ့ရှိသည်။ တနင်္ဂနွေနေ့တွင် မဟာမုနိဘုရားကြီး၌ အဖွဲ့လိုက် ဝေယျာဝစ္စကုသိုလ်ယူနေသည်ကို ဘုရားဖူးများ စိတ်ဝင်စားပြီး ဂုဏ်ယူချီးကျူးလေ့ရှိသည်။

ဝေယျာဝစ္စဟူသည် ပါဠိစကားဖြစ်ပြီး မိမိထက်အသက်၊ သိက္ခာကြီးသူ၊ မကျန်းမာသူတို့အား မျှော်လင့်တောင့်တချက်မထားဘဲ မြတ်သောအလိုဆန္ဒဖြင့် ကိစ္စကြီးငယ်တို့ကို ပြုလုပ်ဆောင်ရွက်သော စေတနာနှင့် ကျောင်း၊ အိမ်၊ ရပ်ရွာတို့၌ သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ဘုရားစေတီတို့တွင်သန့်ရှင်းအောင် ပြုလုပ်ခြင်း၊ တံမြက်စည်းလှည်းခြင်း တို့မှအစ အရာအားလုံးကိုဝေယျာဝစ္စကုသိုလ်ပြုခြင်းဖြစ်သည်။

ဘာသာတရား ကိုင်းရှိုင်းသည့် လူငယ်အုပ်စုမဟာမုနိဘုရားကြီးတွင် ညနေ လေးနာရီ ဗုံတောင်တီးသည်မှ စကာကြမ်းတိုက်ခြင်း၊ တံမြက်စည်းလှည်းခြင်းနှင့် အမှိုက်ကျုံးခြင်းများကို ညီညာစွာ ပြုလုပ်နေသည်မှာ ဂုဏ်ယူဖွယ်မြင်ကွင်းပင်ဖြစ်သည်။ တံမြက်စည်းလှည်း ဝေယျာဝစ္စကုသိုလ်သည် လက်တွေ့သဘောအရ ကိုယ်လက်လှုပ်ရှားခြင်းကြောင့် ကျန်းမာရေးကောင်းမွန်လှသည်။ လောကုတ္တရာအရရရှိသောအကျိုးများတွင် မိမိကိုယ်တိုင် စိတ်ကြည်လင်ခြင်း၊ သူတစ်ပါးတို့ စိတ်ကြည်လင်ခြင်း၊ နတ်များ ချစ်ခင်ခြင်း၊အရောင်အဆင်းလှပတင့်တယ်ခြင်း၊ သေလွန်သောအခါ နတ်ပြည်သို့ရောက်ရခြင်းတို့ရှိသည်ဟုသိရပြီး တံမြက်စည်းလှည်းသည့် ကုသိုလ်ကြောင့်ရရှိသောအကျိုးနှင့်ပတ်သက်၍ ဇာတ်တော်များတွင် ပြဆိုထားသည်။

လက်တွေ့အားဖြင့် မန္တလေးမြို့ရှိ လူငယ်ဝေယျာဝစ္စအဖွဲ့များတွင် အဖွဲ့ဝင်များ ပိုမိုများပြားလာလျက်ရှိသည်။ ရာထူးအဆင့်ဆင့် အမျိုးမျိုးမှအစ လူငယ်များစွာပါဝင်ပြီး အချင်းချင်း လေးစားစွာဆက်ဆံရင်း လူမှုရေးရာ ကျယ်ပြန့်လာကြသည်။ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြောဆိုခြင်းကြောင့် မိဘဆွေမျိုး သားချင်းများ သဘောကျပြီး လိမ္မာယဉ်ကျေးရေးကို အလိုလိုသင်ယူပြီးဖြစ်ကာ လူတိုင်းလေးစားချီးကျူးခြင်းခံရ၍ အများအကျိုးဆောင်ရွက်လိုစိတ်တို့ကြွယ်ဝလာသည်။ ဝေယျာဝစ္စအဖွဲ့အား စားသောက်ဖွယ်ရာ ကုသိုလ်ပြုသူများလည်းရှိပြီးစုပေါင်းကာ ပြုလုပ်ခြင်းဖြင့် အချင်းချင်းစည်းလုံးညီညွတ်မှုတို့ရရှိပြီး လက်တွေ့စိတ်ချမ်းသာကာ ဂုဏ်ယူနေရသော ကုသိုလ်လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် တစ်နေ့ထက်တစ်နေ့ အဖွဲ့ဝင်များပြားလာလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**



# မဟာသင်္ကြန်အကြတ်နေ့ နေပြည်တော်တစ်ဝန်း ရေကစားသူ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဧပြီ ၁၅**

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ယနေ့တွင် နေပြည်တော်တစ်ဝန်း ဆက်လက်ဆင်နွှဲကြရာ နံနက်ပိုင်းမှစတင်၍ ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

နေပြည်တော် ရာဇသင်္ဂဟလမ်း ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်များ၌ နိုင်ငံကျော် တေးသံရှင်များ၊ အနုပညာရှင်များက တေးသီချင်းများ၊ သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ လာရောက်ကြည့်ရှုအားပေးကြသူ ပရိသတ်များဖြင့် လမ်းမကြီးတစ်လျှောက် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

နေပြည်တော်ပျဉ်းမနား ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေကစားမဏ္ဍပ်ငယ်လေးများ အများအပြားရှိနေသကဲ့သို့ အုန်းလက်မဏ္ဍပ်ငယ်လေးများ ဆောက်လုပ်ကာ စုဖွဲ့ ရေပက်ကစားသူများ၊ ရေပက်ခံထွက်ကြသူများကိုလည်း တွေ့ရသည်။



နေပြည်တော် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်ကြီးများတွင် ရေပက်ခံသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



နေပြည်တော်ပျဉ်းမနားရေကစားမဏ္ဍပ်များတွင် ရေကစားသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့ပြင် ပျဉ်းမနားမြို့နယ်အတွင်း ရပ်ကွက်များဖြစ်ကြသည့် ပေါင်းလောင်း၊ ကုန်းမြင့်နှင့် ပန်းခင်းရပ်ကွက်များတွင် လူကြီးလူငယ်များစုပေါင်းကာ လမ်းမပေါ်တွင် ယာယီမဏ္ဍပ်ငယ်လေးများဆောက်လုပ်၍ ပျော်ရွှင်စွာ ရေပက်ကစားနေကြသည်။

အလှူဒါနတွင် နှစ်လိုကြသည့် မြန်မာများပီပီ လမ်းတိုင်းတွင် စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးလျက်ရှိပြီး နှစ်သက်စွာ စားသုံးကြသူများလည်း များပြားစွာတွေ့ရသည်။

မွန်းလွဲပိုင်းတွင် ရေပက်ကစားခြင်းရပ်နားပြီး အေးရိပ်ခိုနားစဉ် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ငလိုက်ကန်သာနှင့် နေပြည်တော်ရေပန်းဥယျာဉ်စသည့် နေရာများတွင် စည်ကားနေပြန်သည်။

ညနေပိုင်းတွင် သင်္ကြန်ချစ်သူများသည် ညမှောင်သည်အထိ ပျော်ရွှင်စွာ ဆက်လက်ရေကစားခဲ့ကြသည်။

**(သတင်းစဉ်)**

## ကော့သောင်းမြို့ သင်္ကြန်အကြတ်နေ့ အေးချမ်းစည်ကားပျော်ရွှင်စွာ ရေးကစား

**ကော့သောင်း ဧပြီ ၁၅**

ကော့သောင်းမြို့တွင် ၂၀၁၅ ခုနှစ် ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့အဖြစ် မြို့သူမြို့သားများ အေးချမ်းပျော်ရွှင်စွာဖြင့် တစ်မြို့လုံးစည်ကားသိုက်မြိုက်စွာရေကစားကြသည်။

ကော့သောင်းမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် နံနက် ၈ နာရီမှစတင်၍ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ ရပ်ကွက်အလိုက် မြန်မာ့ရိုးရာယဉ်ကျေးမှုယိမ်းအကအဖွဲ့များက ဧည့်ခံကပြသီဆိုဖျော်ဖြေကြပြီး စတုဒိသာကျွေးမွေးမှုအစီအစဉ်များအား မြို့နေမိဘပြည်သူများ၊ လူငယ်လူရွယ်များ ပျော်ရွှင်စွာ လာရောက်အားပေးရေကစားကြသည်။

မြို့ပေါ်ရပ်ကွက် ရေကစားဖျော်ဖြေရေးမဏ္ဍပ်များဖြစ်သည့် ပိတောက်ရွှေဝါရပ်ကွက်နှင့် ကော့သောင်းတပ်နယ်ဖျော်ဖြေရေး ရေကစားမဏ္ဍပ်များတွင် ရခိုင်ရိုးရာခလေ့ထုံးစံရေပက်ကစားခြင်း၊ မြန်မာ့ရိုးရာသပြေခက်ဖြင့် ရေပက်ကစားကြခြင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ မြန်မာ့ရိုးရာယိမ်းအကအဖွဲ့များ သီဆိုဖျော်ဖြေဧည့်ခံကြရာ မြို့နေရေကစားသူများ၊ မော်တော်ယာဉ်များဖြင့် လှည့်လည်ရေပက်ခံထွက်ကြသည့် မိသားစုများ ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

❑❑





သင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ဌေးအောင်)



မိတ္ထီလာ နန်းတော်ကုန်းရပ် သရဖူဆေးရုံတွင် ဧပြီ ၁၅ ရက် နံနက် ၃ နာရီခွဲက ပျော်ဘွယ်မြို့နယ် အိုင်တိုရွာသစ်ကျေးရွာမှ ကိုဝင်း၏ဇနီး မခင်လှိုင်၏ ငါးကြိမ်မြောက်ကိုယ်ဝန်ဆောင်ကို လာရောက်ခွဲစိတ်မွေးဖွားခဲ့သည်။ ယခု ငါးကြိမ် မြောက်မွေးဖွားရာတွင် သားတစ်ဦးနှင့် သမီးနှစ်ဦး သုံးမြွှာပူးကလေးကို အထူးကုဆရာဝန်ကြီးများက အခမဲ့ မွေးဖွားပေးခဲ့သည်။

**ကိုတင်လှိုင်(မိတ္ထီလာ)**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိသည်။

# ၄၂ နှစ်တာကာလအတွင်း အိန္ဒိယခေါင်းဆောင်တစ်ဦး ကနေဒါသို့ ပထမဆုံးအကြိမ် ရောက်ရှိ



**အော်တဝါ မေ ၁၅**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ၄၂ နှစ်တာကာလအတွင်း ကနေဒါနိုင်ငံသို့ လာရောက်သည့် ပထမဆုံးသော အိန္ဒိယခေါင်းဆောင်တစ်ဦးဖြစ်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်မိုဒီသည် မေ ၁၅ ရက်က ဂျာမနီနိုင်ငံမှတစ်ဆင့် ကနေဒါနိုင်ငံ အော်တဝါမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။**(အပေါ်ယာပုံ)**

ကနေဒါဝန်ကြီးချုပ် စတီဗင်ဟာပါသည် မိုဒီနှင့် တွေ့ဆုံသည့်အခါ ကုန်သွယ်ရေး၊ စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှသည် လုံခြုံရေးနှင့် ယဉ်ကျေးမှုတို့အထိ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကြောင်းရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၌ ကနေဒါနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးကို ဝန်ကြီးချုပ်မိုဒီက အလေးပေးကြောင်း၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှုန်းဖြင့် စီးပွားရေးတိုးတက်လျက်ရှိသော နိုင်ငံဖြစ်ကြောင်း အိပ်ဖဲလ်ရန်ပုံငွေအဖွဲ့၏ အကြီးအကဲ အက်စ်ဒီဟီရာက ပြောကြားသည်။

ကနေဒါ ကမ်မီကို ကော်ပိုရေးရှင်းထံမှ ယူရေနီယမ်ဝယ်ယူခွင့်ရရှိရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ထုတ်ပြန်ရန်ရှိကြောင်း အိန္ဒိယ အဏုမြူစွမ်းအင်ဌာန ပြောရေးဆိုခွင့်ရှိသူ အက်စ်ကေ မပော်ထရာက ပြောကြားသည်။

ကနေဒါနိုင်ငံက အိန္ဒိယနိုင်ငံ၏ အရပ်ဘက်နျူကလီးယားလုပ်ငန်းအတွက် အကူအညီပေးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို မိုဒီ၏ ခရီးစဉ်အကြိုကာလတွင် ပြုလုပ်ခဲ့ကြသည်။ **ပီတီအိုင်။**

# သိပ္ပံသုတေသနအတွက် ဝေလငါးဖမ်းဆီးခွင့်ရရေး နိုင်ငံတကာကော်မရှင်ထံသို့ ဂျပန်တင်ပြမည်

**တိုကျို မေ ၁၅**

အန္တာတိကသမုဒ္ဒရာ၌ သိပ္ပံရေးရာ သုတေသနလုပ်ငန်းအလို့ငှာ ဝေလငါးဖမ်းရန် ဖော်ပြသည့် အစီအစဉ်တစ်ရပ်ကို နိုင်ငံတကာ ဝေလငါးကော်မရှင်(အိုင်ဒဗလျူစီ)ထံသို့ ဂျပန်နိုင်ငံက တင်သွင်းမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသည် သိပ္ပံသုတေသနလုပ်ငန်းအတွက် အန္တာတိကသမုဒ္ဒရာအတွင်း ဝေလငါးဖမ်းဆီးရန် လိုအပ်ပုံကို အထောက်အထားပြသရန် လိုအပ်မည်ဖြစ်ကြောင်း နိုင်ငံတကာ ဝေလငါးကော်မရှင်၏ ကျွမ်းကျင်သူပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။

နိုင်ငံတကာ ဝေလငါးကော်မရှင် ကျွမ်းကျင်သူပညာရှင်များ၏ အကြံပြုချက်များကို မိမိတို့ အလေးထားမည်ဖြစ်ကြောင်း၊ ယင်းအကြံပြုချက်များနှင့်အညီ သုတေသနလုပ်ငန်းအတွက် ဝေလငါးဖမ်းဆီးရန် လိုအပ်ပုံကို အစီရင်ခံစာပြုစုပြီး မိမိတို့ တင်သွင်းသွားမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျိုဂျိမိုရိရှိတာက မြို့တော်တိုကျို၌ သတင်းထောက်များအား ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ ဝေလငါးဖမ်းဆီးမှုကို ပိတ်ပင်ထားသော်လည်း သုတေသနလုပ်ငန်းဆိုင်ရာ ကင်းလွတ်ခွင့်အရ ဂျပန်နိုင်ငံက တောင်ပိုင်းသမုဒ္ဒရာတွင် နှစ်စဉ် ဝေလငါးဖမ်းဆီးမှု ပြုလုပ်ခဲ့သည်။

သုတေသနပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် သတ်ဖြတ်ခံရသော ဝေလငါးများသည် လူတို့၏ အစားအစာအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများက ဂျပန်နိုင်ငံအား ဝေဖန်ရှုတ်ချခဲ့ကြသည်။

ဂျပန်နိုင်ငံသည် သိပ္ပံရေးရာ သုတေသနလုပ်ငန်းကို ဗန်းပြကာ ဝေလငါးများကို စီးပွားဖြစ် ဖမ်းဆီးသတ်ဖြတ်နေသည်ဟု ကုလသမဂ္ဂ ၏ အမြင့်ဆုံးတရားရုံးဖြစ်သော နိုင်ငံတကာ တရားရုံးက ပြီးခဲ့သည့်နှစ် မတ်လက ဆုံးဖြတ်ခဲ့သည်။ **ရိုက်တာ။**




# ဂျိမ်းစ်ဘွန်းမင်းသား ဒန်နီရယ်လ် ကရက်ခ်ကို မြေမြှုပ်မိုင်းပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသံတမန်အဖြစ်ခန့်

**ဝါရှင်တန် မေ ၁၅**

ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး သည်းထိတ်ရင်ဖို သူလျှိုဇာတ်လမ်းများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အသက်(၄၇)နှစ်အရွယ် ဂျိမ်းစ်ဘွန်းမင်းသား ဒန်နီရယ်လ် ကရက်ခ်ကို ကုလသမဂ္ဂ၏ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲပစ္စည်းအန္တရာယ် ပပျောက်ရေးဆိုင်ရာ ပထမဆုံး နိုင်ငံတကာ ချစ်ကြည်ရေးသံတမန်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၁၄ ရက်တွင် ခန့်အပ်လိုက်သည်။ **(အပေါ်ပုံ)**

ဒန်နီရယ်လ် ကရက်ခ်သည် ဂျိမ်းစ်ဘွန်းမင်းသားတစ်ဦးအနေဖြင့် လူသတ်ခွင့်လိုင်စင်ရှိသလို ယခုအခါ မိမိအနေဖြင့် သူ့ကို အသက်ကယ်ဆယ်ခွင့်လိုင်စင် ပေးအပ်လိုက်ကြောင်း၊ ကရက်ခ်သည် ၎င်း၏ ထင်ပေါ်ကျော်ကြားမှုဖြင့် ကုလသမဂ္ဂ၏ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲပစ္စည်းအန္တရာယ် ပပျောက်ရေးတာဝန်ကို တက်ကြွစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် မစ္စတာဘန်ကီမွန်းက နယူးယောက်အခြေစိုက် ကုလသမဂ္ဂဌာန ချုပ်တွင် ကျင်းပသည့် သံတမန်တာဝန် ခန့်အပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ယခုကဲ့သို့ တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ သာမန်လူများ၏ နေ့စဉ်နေထိုင်မှုဘဝကို အထောက်အကူပြုရန် အသက်ပေးဆောင်ရွက်လုပ်ကိုင်နေကြသူများနှင့်အတူ လက်တွဲပြီး ဆောင်ရွက်ခွင့်ရတော့မည်ဖြစ်သည့်အတွက် ယခုခန့်အပ်သည့် တာဝန်အပေါ် မိမိအနေဖြင့် ဂုဏ်ယူမိပါကြောင်း ဒန်နီရယ်လ် ကရက်ခ်က တုံ့ပြန်ပြောကြားခဲ့သည်။

အီရတ်၊ ဆိုမာလီယာ၊ မာလီ၊ ဆီးရီးယားနိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည့် လက်လုပ်ဗုံးများနှင့် ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ အာဖဂန်နစ္စတန်နိုင်ငံတို့ရှိ မြေမြှုပ်မိုင်းအန္တရာယ်အားလုံးကို တစ်ပြိုင်တည်းဖြေရှင်းသွားနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

၂၀၁၂ ခုနှစ်က မြေမြှုပ်မိုင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်အရ ၁၉၉၉ ခုနှစ် မြေမြှုပ်မိုင်းတားမြစ်ရေးသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများက မြေမြှုပ်မိုင်းသိုလှောင်ရုံ ၄၆ သန်းကျော်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။ မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများထဲတွင် နိုင်ငံပေါင်း ၁၆၂ နိုင်ငံပါဝင်ကြောင်းသိရသည်။

၂၀၁၄ ခုနှစ် တစ်နှစ်တည်းတွင် ပင်လျှင် မြေမြှုပ်မိုင်းတားဆီးကာကွယ်ရေး သဘောတူချက်စာချုပ်နှင့်အညီ မြေမြှုပ်မိုင်းအလုံး ၄၀၀၀၀၀ နှင့် ပေါက်ကွဲပစ္စည်းတန်ချိန် ၂၀၀၀ ခန့်ကို ဖျက်ဆီးခဲ့သည်ဟု တောင်ကိုရီးယား အခြေစိုက်ယွန်ဟာပ် သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။ **ယူပီအိုင်။**

# တရုတ်၊ ရုရှားနှင့် အရှေ့ဥရောပနိုင်ငံများ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်

**စတော့ဟုမ်း မေ ၁၅**

၂၀၁၄ ခုနှစ်တွင် တရုတ်နှင့်ရုရှားနိုင်ငံတို့သည် ၎င်းတို့၏ စစ်ရေးအသုံးစရိတ်များကို သိသိသာသာတိုးမြှင့်ခဲ့ကြကြောင်း၊ ယူကရိန်းပဋိပက္ခ၏ အကျိုးသက်ရောက်မှုအဖြစ် အရှေ့ဥရောပနိုင်ငံများကလည်း ၎င်းတို့၏ ကာကွယ်ရေးဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ခဲ့ကြကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးသုတေသနသိပ္ပံက ထုတ်ပြန်သော လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကာကွယ်ရေးအသုံးစရိတ်အများဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သော်လည်း ၂၀၁၄ ခုနှစ်တွင် နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ကာကွယ်ရေးအသုံးစရိတ် ၆ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုလျော့နည်းသွားကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ကမ္ဘာ့စစ်အသုံးစရိတ် အများဆုံး သုံးနိုင်ငံအဖြစ် တရုတ်၊ ရုရှားနှင့် ဆော်ဒီအာရေဗျတို့ တည်ရှိနေကြောင်း သုတေသန လေ့လာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ယမန်နှစ်က ကာကွယ်ရေးအသုံးစရိတ် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၁၆ ဘီလီယံ (ယူရို ၂၀၄ ဘီလီယံ) သုံးစွဲခဲ့ရာ ၂၀၁၃ ခုနှစ် အသုံးစရိတ်ထက် ၉ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသည်။

ယူကရိန်းအစိုးရနှင့် ရုရှားလိုလားသော သူပုန်များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရုရှားနိုင်ငံ၏ အိမ်နီးချင်း အရှေ့ဥရောပနိုင်ငံများအနေဖြင့် ၎င်းတို့၏ ကာကွယ်ရေးအသုံးစရိတ်များကို မြှင့်တင်လာကြပြီး ကာကွယ်ရေးဆိုင်ရာ အစီအစဉ်များကိုလည်း ပြန်လည်သုံးသပ်လာကြသည်။

ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေး အသုံးစရိတ်ကို ၂၀ ရာခိုင်နှုန်းကျော် မြှင့်တင်ခဲ့ပြီး ရုရှားနိုင်ငံကမူ ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်ကို ၈ ရာခိုင်နှုန်း မြှင့်တင်ခဲ့သည်။

**ရိုက်တာ။**

# ထိုင်းဆွန်ခရန်ပွဲတော် ငါးရက်အတွင်း လူ ၂၅၁ ဦးသေ

**ဗန်ကောက် မေ ၁၅**

ထိုင်းဆွန်ခရန်ပွဲတော်(ထိုင်းသင်္ကြန်)တွင် ငါးရက်တာကာလအတွင်း မတော်တဆထိခိုက်မှုများကြောင့် သေဆုံးသူ ၂၅၁ ဦးအထိရှိလာပြီး ထိခိုက်ဒဏ်ရာရသူ ၂၅၃၂ ဦးရှိသွား ပြီဖြစ်သည်။

လမ်းအန္တရာယ်ကင်းရှင်းရေးညွှန်ကြားမှုဗဟိုဌာန၏ မေ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာချက်အရ မေ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်ကို အန္တရာယ်များသောရက်များအဖြစ် သတ်မှတ်ထားပြီး မေ ၁၃ ရက် တစ်ရက်တည်းမှာပင် သေဆုံးသူ ၆၀ ကျော်နှင့် ထိခိုက်ဒဏ်ရာရသူ ၇၂၄ ဦးရှိခဲ့သည်ဟုဆိုသည်။အဆိုပါဌာန၏ မှတ်တမ်းအရ မေ ၁၃ ရက်တစ်နေ့တည်းမှာပင် ထိုင်းနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှု ၆၇၁ မှုရှိခဲ့သည်ဟု သိရသည်။

မေ ၉ ရက်မှ ၁၃ ရက်ထိ ထိုင်းနိုင်ငံတစ်ဝန်း ယာဉ်တိုက်မှု ၂၀၄၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၅၁ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၂၅၃၂ ဦးရှိခဲ့သည်။ ထိုင်းနိုင်ငံတောင်ပိုင်း နခွန်းဆီမားရတ် ပြည်နယ်သည် ယာဉ်မတော်တဆမှုအများဆုံးပြည်နယ်ဖြစ်ပြီး ယာဉ်တိုက်မှု ၉၄ မှုဖြစ်ခဲ့သည်။ အရှေ့မြောက်ပိုင်းရှိ ယိုအိပြည်နယ်သည် လူသေဆုံးမှုအများဆုံးပြည်နယ်ဖြစ်ပြီး လွန်ခဲ့သည့် ငါးရက်အတွင်း သေဆုံးသူ ၁၁ ဦးတိုးလာခဲ့သည်။

အရက်မူး၍ ယာဉ်တိုက်မှုဖြစ်သည့် မတော်တဆမှုမှာ အများဆုံးဖြစ်ပြီး ၄၄ ဒသမ ၂၆ ရာခိုင်နှုန်း၊ သတ်မှတ်ထားသည့်အရှိန်ထက် မြန်နှုန်းမြင့်မောင်းနှင်မှုကြောင့် ဖြစ်ရသည့် ယာဉ်တိုက်မှုမှာ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းနှင့် ယာဉ်တိုက်မှုများတွင် မော်တော်ဆိုင်ကယ်တိုက်မှုမှာ အများဆုံးဖြစ်ပြီး ၈၁ ဒသမ ၈၃ ရာခိုင်နှုန်းရှိသည်။

လူသေစေနိုင်လောက်သည့် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့် နေရာများမှာ ဖြောင့်တန်းသည့် ဆင့်ပွားလမ်းသွယ်များဖြစ်ပြီး ယာဉ်တိုက်မှု ၆၂ ဒသမ ၃၀ ရာခိုင်နှုန်းရှိသည်။ ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့် အချိန်မှာ ညနေ ၄ နာရီမှ ၈ နာရီအတွင်းဖြစ်သည်။

**ထိုင်းပီဘီအက်စ်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ ရေသဘင်ပွဲဆင်နွှဲ



**နေပြည်တော် ဧပြီ ၁၅**

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန် အကြတ်နေ့ဖြစ်သော ယနေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများနှင့်အတူ နေပြည်တော်ရှိ ရေကစားမဏ္ဍပ်များသို့သွားရောက်၍ သင်္ကြန်ချစ်သူ ပြည်သူများ မဟာသင်္ကြန်ရေသဘင်ပွဲ ပါဝင်ဆင်နွှဲနေမှုများကို တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ နေပြည်တော် တည်းခိုရေးစခန်း (ရွာတော်)ရှိ ရေကစားမဏ္ဍပ်သို့ သွားရောက်၍ သင်္ကြန်ယိမ်းအက အဖွဲ့များနှင့် တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှု များကို ကြည့်ရှုအား ပေးကြသည်။

ဆက်လက်ပြီးနေပြည်တော်တိုင်းစစ်ဌာနချုပ်မိသားစုရေကစားမဏ္ဍပ်၊ နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေသံလွင်ကုမ္ပဏီမိသားစု မြန်မာ့ရိုးရာရေကစားမဏ္ဍပ်နှင့် ဇေယျာသီရိမိသားစု ရေကစားမဏ္ဍပ်များသို့သွားရောက်၍ ယိမ်းအဖွဲ့ များနှင့် တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ ရုံး/ဌာနများမှ မိသားစုရေကစားမဏ္ဍပ်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမိသားစုရေကစားမဏ္ဍပ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံလာသူများ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ တေးသံရှင်များကလည်း တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ မဏ္ဍပ်တိုင်းတွင်လည်း စတုဒိသာအကျွေးအမွေးဖြင့် လာရောက်ရေကစားကြသူများအား တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မန္တလေးသင်္ကြန်၌ ကျုံးတော်ကြီးရေဖြင့် အတာရေပက်ဖျန်းသူများ စည်ကားလျက်ရှိ

**မန္တလေး ဧပြီ ၁၅**

မန္တလေးမြို့၌ ဧပြီ ၁၅ ရက်တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ရေကစားကြပြီး မန္တလေးနန်းမြို့ကျုံးတော်ကြီးပတ်လည်ရှိ သင်္ကြန်ရေကစားမဏ္ဍပ်များတွင် ကျုံးတော်ကြီးရေဖြင့် အတာရေပက်ဖျန်းကစားနေကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

အဆိုပါမဏ္ဍပ်များတွင် မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များကိုပါ တွေ့ရသည်။

ရေကစားကြသူများသည် နံနက်ပိုင်းမှ မွန်းတည့် ၁၂ နာရီအထိ ပျော်ရွှင်စွာ ရေကစားကြပြီးနောက် မွန်းလွဲပိုင်းတွင် မန္တလေးတောင်ကုသိုလ်တော် စန္ဒာမုနိဘုရား၊ ကျုံးမြောက်ဘက်ရှိ တိရစ္ဆာန်ဉယျာဉ်သို့ လာရောက်အေးရိပ်ခို အပန်းဖြေအနားယူသူများ၊ ရေပက်ခံလာရောက်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ အမရပူရမြို့နယ် တံခွန်တိုင်တောင်သမန်ဖြတ်လမ်းမှ တံခွန်တိုင် မောင်မယ်သင်္ကြန်ရေကစားမဏ္ဍပ်၊ ချမ်းမြသာစည်မြို့နယ်မှ ကန်တော်ကြီးကန်ပတ်လမ်းရှိ သင်္ကြန်ရေကစားမဏ္ဍပ်များ၊ မြို့တွင်း (၃၅)လမ်းရှိ ရှမ်းတိုင်းရင်းသားမိသားစု သင်္ကြန်ရေကစားမဏ္ဍပ်နှင့် မိသားစုရေကစားမဏ္ဍပ်များ၊ (၇၈)လမ်းနှင့် လမ်း(၈၀)ရှိ မိသားစုသင်္ကြန် ရေကစားမဏ္ဍပ်တို့မှာလည်း ပျော်ရွှင်စွာရေကစားလျက်ရှိပြီး သင်္ကြန်မဏ္ဍပ်တို့မှ ကြာဆံဟင်း၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ ဆီထမင်းနှင့် အအေးတို့ဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်များသည်လည်း ပြိုင်ပွဲဝင်ဓာတ်ပုံများကို စိတ်တိုင်းကျ ရိုက်ကူးလျက်ရှိသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ လာရောက်ပြိုင်ပွဲဝင်ကြသည့် မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မိတ္ထီလာခရိုင် ကိုယ်စားပြု သင်္ကြန်အလှပြယာဉ်များကို အကဲဖြတ်စိစစ်ရွေးချယ်လျက်ရှိပြီး ရန်ကုန်မြို့မှ မမတို့အဖွဲ့က လာရောက်၍ မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်ကြသည်။



သင်္ကြန်လှုပ်ျဖြူများက မန်းစည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အဆို၊ အကများနှင့် ဖျော်ဖြေ၍ နာမည်ကြီးရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များကလည်း သင်္ကြန်တေးများဖြင့် သီဆို ကပြဧည့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် ဇနီး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

**တင်မောင်(မန္တလေး)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၁၆**

၂၀၁၅ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ်ဘုရင်မကြီး၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတင်လီဒါဂတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



**သင်္ကြန်အကြတ်နေ့က DICE အထည်ချုပ်မှ ဦးစိုးမြင့်နှင့် အာအာဘီ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီတို့က နှစ်ပေါင်း ၃၀ ကျော်ကြာ မပျက်မကွက်ဆင်နွှဲသည့် ပုဇွန်တောင်မြို့နယ် လမ်း(၅၀)ထိပ်ရှိ BACHELORS ရေကစားမဏ္ဍပ်တွင် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ နွှဲပျော်ကြစဉ်။** (မောင်မောင်ထွေး)



**မန္တလေးမြို့ သင်္ကြန်ပွဲတော်အကြတ်နေ့တွင် နန်းရှေ့နယူးစီဗီလိုင်း တိုက်တန်းအနီး (၆၂)လမ်းမပေါ်တွင် ဆိုင်ကယ်တစ်စီး အပူလွန်၍ မီးလောင်နေစဉ်။** မင်းထက်အောင်(မန်းကိုယ်ပွား)



**ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၌ လျှပ်စစ်ဝါယာရှော့မှ မီးလန့်မှုဖြစ်ပွားစဉ်။** (သက်ပိုင်)

**● ကျောဖုံးမှ**

အိမ်ရှင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတို့နှင့် အုပ်စု(က)အတွင်း ကျရောက်ခဲ့သည်။ အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ လာအို၊ ဘရူနိုင်းနှင့် တီမောအသင်းတို့ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုတွင်းကျရောက်နေသည့် အသင်းများအနက် ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားအသင်းတို့နှင့် နှစ်ကြိမ်ဆက်တွေ့ဆုံခြင်းဖြစ်ပြီး ကမ္ဘောဒီးယားအသင်းကို အုပ်စုအဖွင့်ပွဲတွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း နောက်ဆုံးပွဲတွင် အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်း ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု(က)ပွဲစဉ်များကို Jalan Besar ကွင်း၌လည်းကောင်း၊ အုပ်စု(ခ)ပွဲစဉ်များကို Bishan ကွင်း၌လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို စင်ကာပူအမျိုးသားအားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက်တွင် ထိုင်းက ရွှေ ၁၄ ခုဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး မလေးရှားက ရွှေခြောက်ခု၊ မြန်မာက ရွှေ ငါးခုရရှိထားသည်။

ဆောင်းပါး

# မဟာရန်ကုန်ရဲ့ အတာသင်္ကြန်

(သပြေ)

"ရေကိုသားလို့အကြားမထင်" ဆိုသည့်အတိုင်း ရန်ကုန်မြို့တော်၏ မဟာသင်္ကြန်အကျနေ့ ရေသဘင်ပွဲတော်သည် "ညီမျှခြင်း"၊ "တန်းတူရည်တူရှိခြင်း"၊ "စည်းလုံးညီညွတ်ခြင်း" အဓိပ္ပာယ်ကို ဖော်ဆောင်လျက်ရှိသည်။

ရာသီဥတု၏ နေပူရှိန်ပြင်းပြမှုနှင့် လူ့ဘဝ၏ ဘဝမောအဖုံဖုံ၊ လောင်မြိုက်မှုမျိုးစုံကို ဘေးဖယ်ထားပြီး လူမျိုးမရွေး၊ ဘာသာမရွေးအလွှာပေါင်းစုံသည် သောကကင်းဝေးစွာဖြင့် သင်္ကြန်ကာလခဏတာ အချိန်အခါသမယကို ပျော်ရွှင်စွာ လိုက်ပါရေကစားနေကြသည်။

ကမ္ဘာတစ်ဝန်းတွင် မည်သည့်နေရာမျှ မြင်တွေ့နိုင်ခွင့်မရနိုင်သည့် မြင်ကွင်းတစ်ခုကို ရတောင့်ရခဲမြင်တွေ့ခွင့်ရလိုက်သည်ဆိုသည့် ခံစားချက်ကို ဖြစ်ပေါ်စေသည်။

"အများပျော်ရွှင်အောင် ဖန်တီးပေးရတာက ပါဝင်ပျော်မြူးရတာထက် ပိုပြီးကြည်နူးတယ်၊ ကျေနပ်တယ်"ဟု ရေကစားမဏ္ဍပ်ဖန်တီးရှင်တစ်ဦး၏ ရင်တွင်းစကားကို ကြားသိရသည်။

ပြည်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းပေါ်က မဏ္ဍပ်ကြီးများမှာ ကြော်ငြာမျိုးစုံ၊ စပွန်ဆာမျိုးစုံဖြင့် ဟီးထနေသည်။ မြူးကြွသည့် အဆိုအကများနှင့်အပြိုင် ရေပိုက်မျိုးစုံဖြင့် ရေကစားနေကြသည့် လုပျိုဖြူများ၏ ဟန်ပန်ကလည်း ရဲတင်းတက်ကြွလွန်းလှသည်။

အင်းလျားကန်စောင်းတွင် ခိုနားပြီး သင်္ကြန်မြင်ကွင်းနှင့် သဘာဝရှုခင်းအလှကို ခံစားနေကြသည့် လူထုပရိသတ်မှာလည်း ကမ်းလုံးညွတ်မျှ ပြည့်လျှံနေသည်။

ရေပက်ခံကားများမှာ တန်းစီစနစ်ဖြင့် ရွေ့ရှုံသာသွားနိုင်သော်လည်း တိုးဝင်တန်းစီကြသည့် ယာဉ်များမှာ လျော့နည်းမသွားဘဲ တိုး၍တိုး၍သာ မြင်တွေ့နေရသည်။

သင်္ကြန်ကားမျိုးစုံကို မြင်တွေ့ရသကဲ့သို့ ဇိမ်ခံကားများကိုလည်း ဘေးတံခါးနှင့် နောက်ပိတ်တံခါးများဖြုတ်ပြီး ကားအမိုးပေါ်ထိတက်၍ ကခုန်မှုကိုလည်း တွေ့ရသည်။



သင်္ကြန်အကြတ်နေ့က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းတစ်လျှောက်ရှိ ရေကစားမဏ္ဍပ်များ၌ စည်ကားအေးချမ်းစွာဖြင့် ပြည်သူများ ပျော်ရွှင်စွာရေကစားနေကြစဉ်။ ကိုကြီးစိုး(ဆိပ်ကမ်း)

"လိုက်ထရပ်"ဟု ခေါ်တွင်နေကြသည့် ကုန်တင်ယာဉ်ငယ်၊ ယာဉ်လတ်မျိုးစုံကို အခိုင်အမာ "သံဘော်ဒီ"တပ်ဆင်ပြီး ရေပက်ခံကားပြုလုပ်ကြသကဲ့သို့ ဝါးလုံးနှင့် ပျဉ်ကိုကြိုးတုတ်ချည်နှောင်ပြီး ယာယီအရံအတားပြုလုပ်ကြသည့် ရေပက်ခံယာဉ်များစွာကိုလည်း တွေ့မြင်နေရသည်။

"လိုက်ထရပ်ကားကတော့ ရေပက်ခံကားအငှားလိုက်တာမှာ တွက်ခြေအကိုက်ဆုံးပဲ။ ဘာလို့လဲဆိုတော့ ငှားတဲ့သူတွေဘက်ကလည်း လူများများဆံ့ပြီးစီးနိုင်တော့ ထည့်ဝင်ငွေသက်သာတယ်။ ကားပိုင်ရှင်နဲ့ ငှားတဲ့သူဘက်ကလည်း တန်ဖိုးကြီးကားတွေမဟုတ်တော့ ကားဘော်ဒီပျက်စီးမှာ၊ ပြုပြင်ရမှာကို မစိုးရိမ်ရဘူးလေ"ဟု ကြားသိရပြန်သည်။

"ကားဝပ်ရှော့"ခေါ် ယာဉ်ပြုပြင်ရေးလုပ်ကိုင်သူများကလည်း "ကားပိုင်ရှင်တွေက ယာဉ်ပြုပြင်စရာရှိတာတွေကို သင်္ကြန်ပြီးမှ စုပြီးပြင်ကြတာ။ ရေပက်ခံကားငှားသူတွေက လူများများစုငှားပြီး ယာဉ်ပေါ်မှာ မညှာမတာခုန်ပေါက်ကြတာ။ ယာဉ်တွေကလည်း ပိတ်ကျပ်နေတော့ ထိခိုက်မိပြီး အပျက်အစီးတွေများတော့တာပါ။ ဘာပဲပြောပြော သင်္ကြန်ပြီးချိန်မှာ ယာဉ်ပြင်ဆင်ရတာတွေများတော့ အဆင်ပြေတာပေါ့"ဟု ပြောသည်။

သင်္ကြန်တွင်းမှာ ရေပက်ခံကားမငှားဘဲ ဘတ်စ်ကားခေါ် လိုင်းကားများစီးနင်းပြီး လည်ပတ်သူများလည်းရှိသည်။ လိုင်းကားပေါ်တွင် အချင်းချင်း ရေကစားသကဲ့သို့ယာဉ်ဆင်း၊ ယာဉ်တက်ပြုလုပ်မှုဖြင့် လမ်းလျှောက်ရေကစားသူများလည်း တွေ့မြင်ရသည်။ လိုင်းကားများအဝင်၊ အထွက်မှန်ကန်စေရေး၊ သွားလာမှုအဆင်ပြေချောမွေ့စေရေး စစ်ဆေးကြပ်မတ်သည့်အဖွဲ့များကိုလည်း မြင်တွေ့နေရသည်။ သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ သွားလာမှုလျင်မြန်ချောမွေ့စေရေး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးတာဝန် ထမ်းဆောင်နေကြသည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များစွာကိုလည်း မြင်တွေ့ရသည်။

"ကန်တော်ကြီးပတ်လမ်းက ကျဉ်းတော့ တစ်လမ်းမောင်းစနစ်သတ်မှတ်ရုံနဲ့ မလုံလောက်ဘဲ တပ်ဖွဲ့ဝင်တော်တော်များများနဲ့လုပ်နေရတယ်။ သောက်စားထားသူတွေကလည်းများတော့ ယာဉ်အန္တရာယ်မဖြစ်ပွားအောင်စိတ်ရှည်သည်းခံပြီး လမ်းရှင်းနေရတာပါ"ဟု ဗဟန်းအဝိုင်းလမ်းဆုံတွင် တာဝန်ကျနေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များတွင် နှစ်သစ်ကူးသင်္ကြန်ရေသဘင်ပွဲတော်ကို အကြိုက်ဆုံးဖြစ်သည်။ လူမျိုး၊ ဘာသာ အဆင့်အတန်းမရွေးပါဝင်ဆင်နွှဲနိုင်သည်။ ပျော်ရွှင်စွာဆင်နွှဲကြသည်။ ရေ၏သန့်ရှင်းစင်ကြယ်ခြင်း၊ ကြည်လင်အေးချမ်းခြင်းအဓိပ္ပာယ်ရသည့် အတာရေဖြင့် ဆေးကြောပက်ဖျန်းသွန်းလောင်းမှုဖြင့် စိတ်သစ်၊ လူသစ်၊ ဘဝသစ်၊ ခွန်အားသစ်များမွေးမြူနိုင်ခြင်းမှာ အနှစ်သာရပြည့်ဝလွန်းလှသည်။

ထိုအချက်ကြောင့်ပင် "မြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော်"မှာ ကမ္ဘာကျော်ခြင်းဖြစ်သည်ဟု ခံစားချက်ဖြစ်ပေါ်စေသည်။

"ဒီလောက် ပျော်ရွှင်ဖို့ကောင်းတဲ့ ရေသဘင်ပွဲတော်ကို အရင်ကမမြင်ဖူးသေးဘူး"ဆိုသည့် နော်ဝေနိုင်ငံခြားသား စုံတွဲ၏ ပြောဆိုသံက မြို့တော်ဝန်မဏ္ဍပ်ရှေ့မှ သင်္ကြန်မြင်ကွင်းအလှကို ငေးမောနေမှုအား တွေဝေသွားစေသည်။

ထိုသို့အဓိပ္ပာယ်ပြည့်ဝလှသည့်သင်္ကြန်ပွဲတော်ကို အန္တရာယ်ကင်း၊ ဘေးရှင်းစွာဖြင့် အများပြည်သူပျော်ရွှင်အောင် ဘက်စုံထောင့်စုံမှ ဖော်ဆောင်ပေးနိုင်မှုသည်လည်း "အပျော်ရွှင်ဆုံး"ဖြစ်သင့်သည်ဟု ထပ်ဆင့်ခံစားရပြန်သည်။

အတာတန်ခူး၏ ပိတောက်ဝါဝါ၊ ငုဝါဝါတို့အပြိုင်ဖူးပွင့်နေကြပြီ။ သင်္ကြန်မိုးကလည်း အုံ့ဆိုင်းလျက် ရွာသွန်းဖြိုးရန်ဟန်ရေးပြနေပါပြီ။ သင်္ကြန်၏ အဓိပ္ပာယ်ဖြစ်သည့် ရွေ့လျားခြင်း၊ ကူးပြောင်းခြင်းမှ အသစ်အသစ်တို့ ဖြစ်ပေါ်နေခြင်းများသည်လည်း စဉ်ဆက်မပြတ်ပေါ်ထွန်းလျက်ရှိနေပေတော့သည်။ ။

❐❐

> အဓိပ္ပာယ်ပြည့်ဝလှသည့် သင်္ကြန်ပွဲတော်ကို အန္တရာယ်ကင်း၊ ဘေးရှင်းစွာဖြင့် အများပြည်သူပျော်ရွှင်အောင် ဘက်စုံထောင့်စုံမှ ဖော်ဆောင်ပေးနိုင်မှုသည်လည်း "အပျော်ရွှင်ဆုံး" ဖြစ်သင့်သည်ဟု ထပ်ဆင့်ခံစားရ။

# ချောင်းသာကမ်းခြေသင်္ကြန် စည်ကားသိုက်မြိုက်စွာပျော်ရွှင်ဆင်နွှဲ

ယခုနှစ်မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကိုပျော်ရွှင်စွာဆင်နွှဲကြရာတွင် ချောင်းသာကမ်းခြေသင်္ကြန်ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာပျော်ရွှင်ဆင်နွှဲလျက်ရှိသည်။ အတာသင်္ကြန်ရုံးပိတ်ရက်များအတွင်း မြန်မာနိုင်ငံအမြို့မြို့အနယ်နယ်သို့ခရီးသွားသူများဖြင့်စည်ကားလျက်ရှိပြီး ကမ်းခြေသင်္ကြန်ပွဲဆင်နွှဲရင်း အပန်းဖြေလာရောက်သူများလည်း အထူးများပြားလျက်ရှိရာ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ အဆောင်များ အပြင်ရွာထဲရှိတည်းခိုရာနေရာများပင် ပြည့်နှက်သည်အထိ ချောင်းသာကမ်းခြေသင်္ကြန်သည် အခြားသောကမ်းခြေများထက် စည်ကားသိုက်မြိုက်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းနှင့် အစားအသောက် ပေါများခြင်း၊ ပြည်တွင်းခရီးသွားများအကြိုက်ဖြစ်သောကြောင့် ငပလီ၊ ငွေဆောင်ကမ်းခြေတို့ထက်ရပ်နီးရပ်ဝေးမှ ကမ်းခြေသင်္ကြန်လာရောက်ဆင်နွှဲကြသူများ၊ အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ အထူးသဖြင့် ယခုနှစ်သင်္ကြန်တွင်နာမည်ကျော်ရော့ခ်အဆိုတော် ဇော်ဝင်းထွဋ်နှင့်အတူ အင်ပါယာတေးဂီတအဖွဲ့၏ ဖျော်ဖြေရေးအစီအစဉ်များကို ချောင်းသာကမ်းခြေရှိ ဟိုတယ်မက်စ်တွင် စီစဉ်ထားရှိသည်။ အခြားသောကမ်းခြေဟိုတယ်များတွင်လည်း သင်္ကြန်အထူးအစီအစဉ်များ၊ စတုဒိသာအစီအစဉ်များ၊ ဟိုတယ်များ၏ ယိမ်းအကအဖွဲ့ များဖြင့် အထူးဝန်ဆောင်မှုပေးလျက်ရှိသည်။

"မနှစ်ကသင်္ကြန်မှာ ငွေဆောင်ကမ်းခြေကိုသွားဖြစ်တယ်။ ငွေဆောင်ကကမ်းခြေကျယ်တယ်။ ပင်လယ်ရေပိုလှတယ်။ ဒါပေမယ့်အစားအသောက်ရှားတယ်။ ချောင်းသာကတော့ငွေဆောင်လိုမဟုတ်ဘူး။ လူများတယ်။ ပင်လယ်စာပေါတယ်။ ဒါကြောင့် ဒီနှစ်တော့ ချောင်းသာကိုပဲအပန်းလာဖြေဖြစ်တယ်။ ရုံးပိတ်ရက်ရှည်က ဒီအချိန်ပဲရှိတော့ မိသားစုကို အချိန်ပေးရတယ်။ ဒါပေမယ့်သင်္ကြန်အချိန်ဆိုတော့ ကမ်းခြေဟိုတယ်တွေက ဈေးနှစ်ဆနီးပါးဖြစ်တာတော့ရှိတယ်။ ဒါတောင်ကြိုတင်ဘွတ်ကင်လုပ်ထားတာ။ ကပ်ပြီးမှသွားတဲ့သူတွေအတွက် ဈေးအဆမတန်တက်သွားတယ်။ ဟိုတယ်ကောင်းတွေကတော့ ကြိုတင်ဘွတ်ကင်လုပ်ထားတာအကောင်းဆုံးပါပဲ" ဟု ချောင်းသာကမ်းခြေသို့ သင်္ကြန်ပိတ်ရက်အတွင်း အပန်းဖြေလာရောက်သည့် ဧည့်သည်တစ်ဦးကပြောသည်။

သင်္ကြန်ကာလအတွင်းတွင် ကမ်းခြေဟိုတယ်များအနေဖြင့်ဈေးနှုန်းတိုးမြှင့်လေ့ရှိပြီး ဧပြီ ၁၁ ရက်မှ ၁၆ ရက်အထိသင်္ကြန်အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ အခြားသောအချိန်များတွင်ပုံမှန်ဈေးနှုန်းဖြင့်သာ ဝန်ဆောင်မှုပေးသည်ဟု ချောင်းသာကမ်းခြေ ဟိုတယ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နှစ်စဉ်သင်္ကြန်ရက်များအတွင်း ကမ်းခြေသင်္ကြန်လာရောက်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိရာ ယခုနှစ်တွင် ရန်ကုန်- ပုသိမ်လမ်းပိုင်းနှင့် ပုသိမ်- ချောင်းသာ လမ်းပိုင်းများ လမ်းကောင်းမွန်မှုကြောင့် သွားလာရေး ပိုမိုအဆင်ပြေလျက်ရှိသည်။ ခရီးသွားဧည့်သည်များပြားမှုအပေါ်တွင်လည်း ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ဧည့်သည်များအန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်းခရီးသွားများအများဆုံးလာရောက်အပန်းဖြေလျက်ရှိသောချောင်းသာကမ်းခြေတွင် လျှပ်စစ်မီးအချိန်ပြည့်နှင့်သက်သက်သာသာရရှိပါက ယခုထက်ပိုမို၍ဈေးနှုန်းနှင့် ဝန်ဆောင်မှုပိုင်းပိုမိုပေးနိုင်မည်ဟု ချောင်းသာကမ်းခြေဟိုတယ်များမှသိရသည်။ မဟာသင်္ကြန်ပွဲတော်ကိုအမြို့မြို့အနယ်နယ်တွင် ပျော်ရွှင်စွာဆင်နွှဲလျက်ရှိရာ ချောင်းသာကမ်းခြေသင်္ကြန်သည်လည်း ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာဖြင့် နှစ်သစ်ကိုကြိုဆိုလျက်ရှိကြသည်။



(ဆုနှင်းလဲ့)

❐❐

ပြည်တွင်းရေးရာ

# ကျိုင်းတုံဒေသ ရှမ်းမျိုးနွယ်စုတို့၏ ရိုးရာသင်္ကြန် နန္ဒပေးရီး မင်္ဂလာစည်တော်ပို့ဆောင်

**ကျိုင်းတုံ ဧပြီ ၁၅**

ကျိုင်းတုံမြို့ တုံဂပူရီး(သို့မဟုတ်)ခေမရဋ္ဌဒေသ၏ မဟာသင်္ကြန်ပွဲတော်သည် ဂုံရှမ်းမျိုးနွယ်စုတို့၏ ဘိုးစဉ်ဘောင်ဆက် ဓလေ့ထုံးတမ်းစဉ်လာအရ ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် (၆၀၄)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ဂုံရှမ်းရိုးရာသင်္ကြန်တွင် မင်္ဂလာစည်တော်တင်ခြင်းနှင့် ပို့ဆောင်ခြင်းအခမ်းအနားကို နှစ်စဉ်ကျင်းပကြသည်။

မင်္ဂလာစည်တော်ပွဲကျင်းပခြင်းဖြင့် ရှေးလူကြီးများ၏အဆိုအရ စည်တော်ကြီးနန္ဒဖေးရီး တီးခတ်ခြင်းဖြင့် ရန်ဟူသမျှ မောင်းနှင်ထုတ်ခြင်း၊ မဟာသင်္ကြန်နတ်မင်းရေသပ္ပာယ်ခြင်းအားဖြင့် ပြည်သူပြည်သားများ ကြံ့ခိုင်ကျန်းမာခြင်း၊ နန့်ခင်ရေချောင်းလောင့်ကုပ်ဆိုသည့်နေရာတွင် ရွှံ့စေးဖြင့် ပြုလုပ်ထားသော ဖားရုပ်လစန္ဒာငုံထားသည့် ရုပ်တုနှင့် သဲပုံစေတီကို ပူဇော်ကန်တော့ခြင်းဖြင့် မိုးရေရွာသွန်းမှုပုံမှန်ရရှိခြင်းဖြစ်သည်ဟု ဆိုကြသည်။

မင်္ဂလာစည်တော်တင်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပခဲ့ပြီး စည်တော်ပို့ဆောင်ပွဲကို ဧပြီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကျိုင်းတုံမြို့အမှတ်(၃)ရပ်ကွက် စဝ်လုံကတ်အောင်မြေနတ်နန်းမှ နမ့်ခင်ချောင်းသို့ပို့ဆောင်ရာ လိုက်ပါပို့ဆောင်သူများ၊ လမ်းဘေးဝဲ၊ ယာမှ ကြိုဆိုသူပရိသတ်များဖြင့် အထူးစည်ကားကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**





**ဧပြီ ၁၅ ရက်က မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့ရှိ သံချပ်အဖွဲ့များအနက်မှ "မောင်မောင်ဆိုလေ ထီးရိုးရှည်" အဖွဲ့၏ အလှပြမော်တော်ယာဉ်ဖြင့် လှည့်လည်ဖျော်ဖြေမှုကို တွေ့ရစဉ်။** (၆၈၀)

# မုံရွာမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်

**မုံရွာ ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး (မုံရွာမြို့) ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီခွဲတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့်ဇနီး ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအလှပျိုဖြူလေးများ၊ အလှပြယာဉ်အဖွဲ့များနှင့် ပြည်သူများ တက်ရောက်ပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက နှစ်သစ်ကူး အကြိုနှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး (မုံရွာမြို့) မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုမဏ္ဍပ်မှ ယိမ်းအလှပျိုဖြူလေးများနှင့်ဖျော်ဖြေရေးမဏ္ဍပ်များမှ ယိမ်းအလှပျိုဖြူလေးများက ကပြဖျော်ဖြေကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များက အမွှေးနံ့သာရည်တို့ကို သပြေခက်များဖြင့် မဟာသင်္ကြန်ရေပက်ဖျန်းကြသည်။

ထို့နောက် အလှပြယာဉ်အဖွဲ့များက အလှည့်ကျဖျော်ဖြေကြပြီး ဗဟိုမဏ္ဍပ်မှ ယိမ်းအလှပျိုဖြူလေးများက ပြန်လည်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**





**ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ နေ့လယ်က လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် (၁၁)လမ်းထောင့် ရေကစားမဏ္ဍပ်ရှေ့ရှိ ရေပက်ခံထွက်ယာဉ်များမှ စွန့်ပစ်ခဲ့သော အမှိုက်များကို ရေကစားရပ်နားသည့်အချိန် မွန်းလွဲ ၁ နာရီက မြို့နယ်စည်ပင်သန့်ရှင်းရေးဝန်ထမ်းများ နေပူကျဲကျဲတွင် သိမ်းဆည်းနေစဉ်။** (မောင်စေအောင်)



# နှစ်ဆန်းတစ်ရက်ငှက်လွှတ်ရန် ငှက်ဖမ်းသူများ အလုပ်ဖြစ်နေ

**ရန်ကုန် ဧပြီ ၁၅**

လာမည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကုသိုလ်ပြုကာ ယတြာချေ ငှက်လွှတ်သူများအတွက် ကြိုတင်ကာ ငှက်များ ဖမ်းဆီးရောင်းချသည့် ငှက်ဖမ်းသမားများ အလုပ်ဖြစ်နေလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါငှက်ဖမ်းသမားများသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆင်ခြေဖုံးဒေသများတွင် ငှက်ဖမ်းပိုက်ကွန်များကို ချကာ ထောင်ချောက်ပြုလုပ်၍ဖမ်းဆီးခြင်းဖြစ်ပြီး တစ်ကြိမ်လျှင် ငှက်ကောင်ရေအများအပြား ရရှိတတ်ကြောင်း သိရသည်။

"အရေအတွက် အမှန်တော့ သိပ်မရှိဘူး။ စာကလေးအုပ်လိုက်လာနားချိန်ဆိုရင် အကုန်နီးပါးမိတာပဲ" ဟု ငှက်ဖမ်းသူ တစ်ဦးက ဆိုသည်။ ထိုသို့ ဖမ်းဆီးရမိသော ငှက်များကို လှောင်အိမ်အတွင်း ထည့်ကာ တစ်ဆင့်ပြန်ရောင်းချပြီး စေတီပုထိုးများနှင့် လူစည်ကားရာ နေရာများတွင် ငှက်လွှတ်နိုင်ရန် ပြန်လည်ရောင်းချလေ့ရှိကြသည်။ ထိုငှက်ဖမ်းသမားများထံမှ ငှက်လွှတ်ရန် ငှက်ရောင်းချမည့်သူများသည် တစ်ဆင့် ပြန်လည်ဝယ်ယူရာတွင် အကောင်အရွယ်အစားပေါ်မူတည်၍ တစ်ကောင်လျှင် ငွေကျပ် ၁၅၀ မှ ၂၅၀ ကြားသာ ပေး၍ဝယ်ယူခြင်းဖြစ်ပြီး ပိုက်ဖြင့်ဖမ်းဆီးစဉ် နာကျင်သော ငှက်များကို ဝယ်ယူမှုမပြုကြကြောင်း၊ ထိုမှတစ်ဆင့် ဝယ်ယူသူများက ကုသိုလ်ပြုငှက်လွှတ်လိုပါက တစ်ကောင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချကြကြောင်း သိရသည်။

"ကိုယ်တွေ ကုသိုလ်ဖြစ်ငှက်လွှတ်ဖို့အတွက် ငှက်ဖမ်းသူတွေက ငှက်တွေကို ဖမ်းကြတယ်ဆိုတာ သိရတော့ စိတ်တောင်မကောင်းဘူး။ ငှက်လွှတ်မယ့်သူတွေမရှိရင် ငှက်ဖမ်းပြီးရောင်းတဲ့သူတွေလည်း မရှိနိုင်တော့တဲ့အပြင် ဖမ်းရင်းပိုက်ကွန်ထဲမှာ ထိမိ၊ ခိုက်မိလို့နာကျင်တာတွေ သေဆုံးသွားရတာတွေရှိတယ်ကြားတော့ စာနာစိတ်နဲ့ အခုဆိုရင် ငှက်လွှတ်တာကို မလုပ်တော့ဘူး" ဟု ကုသိုလ်ဖြစ်ငှက်လွှတ်ခဲ့ဖူးသူတစ်ဦးက ပြောသည်။

သဘာဝအတိုင်း ပျံသန်းသွားလာကာ နေထိုင်ကြသောငှက်များကို ဆင်ခြေဖုံးဒေသများတွင် လုပ်ကိုင်လာသည့် ငှက်ဖမ်းဆီးမှုများက ကျေးငှက်သတ္တဝါများကို ညှဉ်းပန်းနှိပ်စက်ရာရောက်စေပြီး မိမိကဝယ်ယူ လွှတ်ကျောင်းမှုပြုလုပ်တိုင်း ငှက်ဖမ်းသူများက ရောင်းချရန် ပြန်လည် ဖမ်းယူခြင်းတို့ဖြင့် သံသရာလည်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်တိုင် ဆင်ခြင်မှုများဖြင့် ငှက်ဖမ်းရောင်းချမှုများ လျော့ပါးစေရန် တစ်တပ်တစ်အားလုပ်ဆောင်နိုင်ကြောင်း၊ ကျေးငှက်တိရစ္ဆာန်များသည်လည်း လူနှင့် ပတ်ဝန်းကျင်ဂေဟစနစ်များအပေါ် အကျိုးပြုနေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။



**ပိုက်ကွန်ထောင်ချောက်ဖြင့် ဖမ်းဆီးရမိသောငှက်များကို လှောင်အိမ်အတွင်းထည့်နေစဉ်။**

မကြာမီရောက်ရှိတော့မည့် မြန်မာနှစ်ဆန်းတစ်ရက်တွင် ယတြာချေ ငှက်လွှတ်ကာ ကုသိုလ်ပြုလုပ်ဆောင်လိုသူများအတွက် ငှက်ဖမ်းသမားများ အလုပ်ဖြစ်နေကြပြီး တစ်ဆင့်ပြန်ဝယ်သူများက ၎င်းတို့ ဖမ်းဆီးရမိသလောက် အကုန်ပြန်ဝယ်ကာ ဝယ်လိုအားကောင်းသော အခြေအနေမျိုးဖြစ်ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် ဆက်လက်ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့ (မဟာသင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပသည့် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ဆက်လက်ပါဝင်ဆင်နွှဲကြသည်။**



**မဟာသင်္ကြန်အကြတ်နေ့တွင် နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ မြန်မာ့ရိုးရာမဟာသင်္ကြန် အတာရေသဘင်ပွဲတော် နွှဲပျော်ကြစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်သည်တော်များသည် ငုရွှေဝါခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ နိုင်ငံတော်သမ္မတရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ယိမ်းအဖွဲ့များ၊ ဓနုတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များ၏ ခါသင်္ကြန်အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဓနုတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးယိမ်းအဖွဲ့နှင့် နိုင်ငံတော်သမ္မတရုံး ငုရွှေဝါယိမ်းအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့က ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးယိမ်းအဖွဲ့နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ယိမ်းအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့က အမှတ်(၆)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ယိမ်းအဖွဲ့နှင့် တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်း တပ်ယိမ်းအဖွဲ့တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် အမှတ်(၁၀၉)ခြေမြန်တပ်ရင်းယိမ်းအဖွဲ့တို့အား လည်းကောင်း၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဖွဲ့အားလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့က ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များအား လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

**စာမျက်နှာ ၉ သို့** ❒



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသင်္ကြန်အကြတ်နေ့တွင် အတာရေသဘင်ပွဲတော်၌ ပါဝင်ဆင်နွှဲစဉ်။** (သတင်းစဉ်)

## ပြည်တွင်းရေးရာ

❒ စာမျက်နှာ ၈ မှ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်သမ္မတအိမ်တော်မြက်ခင်းပြင်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အတာရေသဘင်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

မဟာသင်္ကြန် အကြတ်နေ့ ရေသဘင်ပွဲပါဝင်ဆင်နွှဲစဉ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နှစ်သစ်ကူးဆုမွန်စကားပြောကြားရာတွင် “နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ရော၊ တပ်မတော်သားအားလုံးရော၊ ပြည်သူလူထုရော ဝိုင်းပြီးကြိုးစားခဲ့တာ အများကြီးအောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ တည်ငြိမ်အေးချမ်းမှုအတွက် တပ်မတော်အနေနဲ့ အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။ ဒီတည်ငြိမ်အေးချမ်းမှုက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူပြည်သားတွေရဲ့ ဘဝတိုးတက်မှုအတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

လာမယ့်နှစ်တွေမှာလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းသူပြည်သားတွေရဲ့ဘဝသာယာဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။ ရှေ့တန်းမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေအားလုံးဟာလည်း နိုင်ငံတော်အကျိုးကို ရှေးရှုပြီးတော့မှ တည်ငြိမ်အေးချမ်းအောင်၊ တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာလည်း ပြောကြားလိုပါတယ်။ နှစ်သစ်မင်္ဂလာမှာ ပြည်သူပြည်သားအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ၊ ဘဝခရီးတစ်လျှောက်လုံး တိုးတက်မှုနဲ့ ပြည်စုံကြပါစေ”ဟု ပြောကြားခဲ့သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှကလည်း “မြန်မာပြည်သူပြည်သားအားလုံး နှစ်သစ်မှာ ကိုယ်သစ်၊ စိတ်သစ်နဲ့ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အားလုံးစုရုံးပြီးတော့ စွမ်းဆောင်နိုင်တဲ့သူများ ဖြစ်ကြပါစေ၊ တစ်တိုင်းပြည်လုံးလည်း အေးချမ်းသာယာပါစေလို့ ဆုတောင်းပါတယ်” ဟု ပြောကြားသည်။

အလားတူ လာရောက်သီဆိုကပြဖျော်ဖြေကြသည့် နိုင်ငံကျော် အနုပညာရှင်များမှ တေးသံရှင် မေဆွိက “တိုင်းရင်းသားပြည်သူအပေါင်းက စည်းကမ်းတကျနဲ့ မိမိတိုင်းပြည် အောင်မြင်အောင်၊ ငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် စည်းကမ်းတကျနဲ့ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါလို့ နှစ်သစ်ဆုတောင်းအဖြစ် ဆုတောင်းပေးလိုက်ပါတယ်”ဟုလည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် မေသန်းနုက “နှစ်သစ်မှာ ချစ်သောပရိသတ်တွေနဲ့နိုင်ငံသူ နိုင်ငံသားအားလုံး စိတ်၏ချမ်း သာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီးတော့ စီးပွားလာဘ်လာဘတွေ ဒီထက်မက တိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်” ဟု လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် မိုးယုစံက “နှစ်သစ်မှာ ပြည်သူတွေအားလုံး စိတ်သစ်၊ လူသစ်နဲ့ ပျော်ရွှင်နိုင်ကြပါစေ။ တစ်နှစ်ပတ်လုံးလည်း စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်တွေအားလုံး အဆင်ပြေပြီး မိသားစုနဲ့အတူ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပျော်ရွှင်နိုင်ကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်”ဟု လည်းကောင်း ပြောကြားခဲ့သည်။


တေးသံရှင် ချမ်းချမ်း။


ရုပ်ရှင်သရုပ်ဆောင် မေသန်းနု။


ရုပ်ရှင်သရုပ်ဆောင် မိုးယုစံ။

ထို့ပြင် တေးသံရှင် ချမ်းချမ်းက “ပြည်သူပြည်သားတွေ အားလုံး နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောပြီးတော့ နှစ်သစ်မှာ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတွေ၊ လိုအပ်ချက်တွေ၊ ရည်ရွယ်ချက်တွေ ပြည့်စုံပါစေ”ဟုလည်းကောင်း၊ သရုပ်ဆောင် စိုးရန်အောင်က “မြန်မာနိုင်ငံသားအားလုံးကို ငြိမ်းချမ်းစေချင်ပါတယ်။ အေးချမ်းစေချင်ပါတယ်။ နှစ်သစ်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအားလုံး ကျန်းမာချမ်းသာကြပါစေ၊ နှစ်ဟောင်းမှာ ရှိခဲ့တဲ့ စိတ်ညစ်စရာတွေ ကင်းစင်ပပျောက်ပြီးတော့ နှစ်သစ်မှာ လိုအင်ဆန္ဒတွေပြည့်ဝပါစေ”ဟုလည်းကောင်း ဆန္ဒပြုခဲ့ကြသည်။

(သတင်းစဉ်)

❒❒


နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ယိမ်းအဖွဲ့များက ဖြေဖျော်တင်ဆက်စဉ်။ (သတင်းစဉ်)

# ရန်ကုန်မဟာသင်္ကြန်အကြတ်နေ့ အထူးစည်ကား

**ရန်ကုန် မေ ၁၅**

ကဗျာကဝိဆရာကြီး မင်းယုဝေ၏ “နှစ်ကူးချိန်ခါ”ကဗျာပါ “ယဉ်ကျေးစဉ်လာ ပြည်မြန်မာ၊ သာယာနှစ်ကူး အလှထူး ကူးတယ်လေ့ ထူးတယ်လေး။ မောင်မယ်စုံလင် ပြုံးပန်းဆင်၊ ကြည်လင်ရွှင်လန်း ရေစင်ဖျန်း၊ လန်းတယ်လေ့ ဖျန်းတယ်လေး”ဟူသည့်နှယ် ၁၃၇၇ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော်၏ အကြတ်နေ့သည် ရန်ကုန်မြို့ခံသင်္ကြန်ချစ်သူများ၏ ကြည်လင်ရွှင်လန်းရေစင်ဖျန်းပက်ကစားမှုတို့ကြောင့် တစ်ရက်ထက်တစ်ရက် ပို၍ တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်၌ ယနေ့နံနက်ပိုင်းမှစ၍ သင်္ကြန်ရေသဘင်ပွဲတော်နွှဲပျော်ကြသူများ၊ ဖျော်ဖြေရေးအစီအစဉ်များကို လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ နံနက်ပိုင်းမှစတင်၍ ယိမ်းအကအဖွဲ့များ၏ သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ထွန်းရတီ၊ ဝေလ၊ ချစ်ဖွဲ့သာ၊ ထက်အောင်၊ စုချစ်ဇော်၊ ဝိုင်းလေး၊ ရဲရင့်အောင်၊ ပွင့်၊ ပိုးအိစံ၊ ရှင်မင်းမောင်၊ နန်းထက်ထက်သူ၊ ခိုင်ထူးနှင့် အိမ့်ချစ်တို့က တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ သင်္ကြန်ပွဲတော်နွှဲပျော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပြည်ပမှ နာမည်ကျော် DJ အဖွဲ့များ ပါဝင်ဆင်နွှဲရာ ကမ္ဘာအေးစေတီလမ်းနှင့် မဏ္ဍပ်များ တစုတဝေးတည်းရှိရာ ကန်တော်ကြီးပတ်လမ်းရှိ ရေကစားမဏ္ဍပ်များမှာမူ ယခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်၏ အစည်ကားဆုံးနေရာများဖြစ်၍ ရေပက်ခံကားများတိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ နွှဲပျော်နိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)က ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အားပြည့်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ယင်းတို့အနက် ယခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်၏ အစည်ကားဆုံးစုရပ်ဖြစ်သည့် ကမ္ဘာအေးစေတီလမ်းတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို အများဆုံးတာဝန်ချထားကြောင်း သက်ဆိုင်ရာမှ သိရသည်။

သို့သော် ၁၃၇၆ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်အတွင်း ယာဉ်တိုက်မှုများလည်းဖြစ်ပွားခဲ့ရာ သင်္ကြန်အကြို မေ ၁၃ ရက်တွင် ယာဉ်တိုက်မှု ခြောက်မှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ သင်္ကြန်အကျနေ့ မေ ၁၄ ရက်တွင် ယာဉ်တိုက်မှု ၁၁ မှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ ၂၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ကာလတွင် ယာဉ်တိုက်မှု ၄၆ မှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ကာလတွင်မူ ယာဉ်တိုက်မှု ၆၂ မှုဖြစ်ပွားခဲ့ ပြီး ဒဏ်ရာရရှိသူ ၅၄ ဦးရှိခဲ့ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုများဖြစ်ရခြင်းအကြောင်းရင်းအနက် အများစုမှာ အရက်သေစာသောက်စားမူးယစ်ပြီး မဆင်မခြင်မောင်းနှင်ခြင်း၊ Over Weight များ တင်ဆောင်ခြင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

ငြိမ်အေးအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(ရုံးချုပ်)က သင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသူ သင်္ကြန်ချစ်ပရိသတ်များအရေးပေါ် အခြေအနေကြုံတွေ့ပါက ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ကယ်ဆယ်ရေးယာဉ်ဖြင့် မြို့နယ်များအတွင်း အလှည့်ကျလှည့်လည်ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်အကြတ်နေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် ဆင်ခြေဖုံးရပ်ကွက်များပါ မကျန် အစုအဖွဲ့အလိုက်သာမက တစ်ဦးချင်းပါပျော်ရွှင်စွာ ရေကစားကြသည့် နည်းတူ ရန်ကုန်မြို့ရောက် နိုင်ငံခြားခရီးသွားများသည်လည်း မြန်မာတို့၏ အစဉ်အလာကြီးမားလှသော မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို အိမ်ရှင်မြန်မာတို့ထက်ပင် ပိုမိုပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

ကမ္ဘာပေါ်တွင် တစ်ခုတည်းသောအရာ၊ မြန်မာတို့၏ ချစ်စရာဓလေ့တစ်ခုဖြစ်သည့် စတုဒိသာအလှူမဏ္ဍပ်များမှာလည်း ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ မြို့လုံးပတ်လည်ဖွင့်လှစ်ကာ အရပ်လေးမျက်နှာမှလာသမျှ ပြည်သူများကို အယုတ်အလတ်အမြတ်မရွေး၊ သင်္ကြန်အကြတ်နေ့တွင် ဆက်လက်ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း တွေ့ရသည်။

၁၃၇၆ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော်အကြတ်နေ့တွင် သင်္ကြန်ချစ်သူ ပြည်သူများသည် ရေသဘင်ပွဲတော်ကို သင်္ကြန်အကျနေ့ကထက် ပိုမိုစည်ကားများပြားစွာ နွှဲပျော်ခဲ့ကြသည်။

(ရန်ကုန်သတင်းအဖွဲ့)

# သက်ကြီးပူဇော်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၅**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ တိုက်တန်းကွက်သစ်မှ လူငယ်များ စုပေါင်းပြီး ၁၃၇၆ ခုနှစ် မဟာသင်္ကြန်အကြိုနေ့ နေ့လယ်ပိုင်းက သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပြီး ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပန်းချီ တောရဆရာတော် အရှင်ဝိစာရ ဟောကြားသော အနုမောဒနာတရားကို နာယူခဲ့ကြသည်။

(မြင့်ကျော်ဦး)

# နှစ်သစ်အတာသင်္ကြန်ကာလ သားသမီးတို့အတွက် ဆန္ဒ

ဘဘကြီး
ဦးလှမြိုင်
(မောင်တက္ကသိုလ်)

**သားတို့သမီးတို့-**

ယနေ့ခေတ်လူငယ် မောင်မယ်အနည်းစုသည် ကိုယ်တိုင်တိုးတက်ကြီးပွားရေးနှင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ဘာသာ၊ သာသနာတိုးတက်ကြီးပွားရေးအတွက် ပြည်တွင်းပြည်ပတွင် အလေးအနက်ထားကြပြီး သိတတ်စွာ အစွမ်းကုန်ကြိုးစားအားထုတ်နေကြပေပြီ။ သို့သော် အများစုဖြစ်သော လူငယ်၊ မောင်မယ်တို့ကမူ မိမိတို့၏ အဓိကတာဝန်ကို ဂရုမစိုက်ကြဘဲ လမ်းမပေါ်တွင် အချိန်ဖြုန်းနေကြသည်။ ဘဘကြီးတို့နိုင်ငံတွင် ခေတ်အစဉ်အဆက် လူချွန်လူမွန် ရဟန်းရှင်လူတို့၏ အင်အားသည် နည်းပါလှပြီး ကိုယ်ကျိုးရှာ အချောင်သမား လူညံ့လူဖျင်း ဆန်ကုန်မြေလေး အင်အားစုတို့ကသာ အဆများစွာ အင်အားသာလွန်နေပါသည်။ ထိုအင်အားစုတို့၏ ဝန်ထုပ် ဝန်ပိုးနှင့် အန္တရာယ်ပေးမှုကြောင့် ဘဘကြီးတို့ နိုင်ငံတော်နှင့် လူမျိုးသည် အောက်ကျနောက်ကျဘဝန္ဓဲတွင်းမှ မလွတ်ကင်းနိုင်ရှိခဲ့သည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံး အပူချိန်မြင့်မားလာခြင်းကြောင့် ရေတွင်း ရေကန်များ စောစီးစွာ ခန်းခြောက်ကြပါသည်။ ဘဘကြီးတို့ ငယ်စဉ်က မိုးခေါင်ရေရှား မိုးနည်းရပ်ဝန်းအပူပိုင်းဒေသတွင်သာ အပူချိန်မြင့်မားသဖြင့် ရေရှားပါးပါသည်။ ယခုအခါတွင် ရန်ကုန်ဝန်းကျင်အနီးအပါး မြို့နယ်ရပ်ကွက် ကျေးရွာများသာမက၊ အောက်အရပ်မြစ်ဝကျွန်းပေါ်ဒေသတို့တွင်ပင် အပူချိန်လွန်ကဲသည့်အတွက် သောက်သုံးရေများ ရှားပါးသည့် အခက်အခဲတွေ့ကြုံနေကြရပါသည်။ လျှပ်စစ်ဓာတ်အားဖြင့် မော်တာရေစုပ်စက်များကို ရပ်ကွက်များအတွင်း စည်းကမ်းမဲ့စွာအလွယ်တကူတွင်ကျယ်စွာ သုံးဖြုန်းကြသဖြင့် မြန်မာတို့နှစ်သစ်ကူး ရေသဘင်ပွဲကြီးတွင် လျှပ်စစ်ဓာတ်အားယူနစ်ပေါင်း သိန်းသန်းများစွာနှင့် ရေချို ရေကောင်း ဂါလန်ပေါင်း ကုဋေကုဋာ ဆုံးရှုံးပေသည်။

ကမ္ဘာကြီးပူပြင်းလာခြင်း၏ အဓိကအကြောင်းအရင်းမှာ အကြောင်းတရားများစွာနှင့် လူသားတို့၏ ပယောဂကြောင့် မြေထုအတွင်း၌ ရေထုအအေးဓာတ်ခန်းခြောက်သောကြောင့်ဖြစ်သည်။ ရေထုခန်းခြောက်ရခြင်းသည် သစ်တောပြုန်းတီးမှုကြောင့်ဖြစ်သည်။ ကမ္ဘာကြီး၏ ဂေဟစနစ်ပျက်ယွင်းလာသည့်အတွက် သဘာဝသစ်တောများ လျော့ပါးပျောက်ကွယ်ပြီး အိုဇုန်းလွှာပျက်စီးမှု၊ ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကြီးမားစွာ ကျရောက်နေသည်။ မြန်မာနိုင်ငံ တောင်ဘက်အစွန်း ကော့သောင်းမြို့ပေါ်သို့ ကျရောက်သည့် ခရမ်းလွန်ရောင်ခြည်သည် တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဖြစ်သည့် UV Index 14.0 အထိ မြင့်မားစွာဖြစ်ပေါ်နေကြောင်း သိရသည်။

**သားတို့သမီးတို့-**

ဘဘကြီးတို့လူမျိုးမှာ သာရေးနာရေး မည်သည့်ကိစ္စမျိုးပင်ဖြစ်ဖြစ် ပွဲအဖြစ်သတ်မှတ်ပြီး စည်ကားသိုက်မြိုက်စွာကျင်းပကြဖို့ ဇွဲနပဲစိုက်ပြီး အစွမ်းကုန်ကြိုးစားကြသည့် လူမျိုးဖြစ်သည်။

သင်္ကြန်အတာရေသဘင်ပွဲတော်ကြီး စည်ကားသိုက်မြိုက်ဖို့ လျှပ်စစ်ဓာတ်အားယူနစ်များစွာနှင့် ရေချိုဂါလန်ပေါင်း သိန်းသန်းပေါင်းများစွာ ဖြုန်းတီးပစ်နိုင်သည်။ ကိုယ့်အနီးအနားကျေးရွာရပ်ကွက်နှင့် နိုင်ငံတစ်ဝန်း နေရာများများမှာ ရေရှားပါး၍ ဒုက္ခရောက်နေကြသူများကို ငဲ့ညှာထောက်ထားစာနာသနားခြင်းကင်းမဲ့ပြီး တစ်ကိုယ်ကောင်းအပျော်ကြူးရာ ရောက်သည်။

သင်္ကြန်တွင် ရေကစားကြသူများအတွက် ဆောင်ရန်၊ ရှောင်ရန် တိုက်တွန်းနှိုးဆော်ချက်များကို နှစ်စဉ်နှစ်တိုင်းပင် ပုံမှန်တွေ့ရှိရသော်လည်း အတာရေသဘင်ပွဲကြီး၌ကား အရှိန်အဟုန်မပျက် ဆင်နွှဲခဲ့ကြသည်။ ရေအားပြင်းသည့် ပိုက်များကို နှစ်စဉ်သုံးစွဲမြဲ၊ သုံးစွဲနေကြသဖြင့် နားနှင့် မျက်စိဒဏ်ရာရရှိကြပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစားအသောက်ကို မဆင်မခြင် တွေ့ကရာစားကြသဖြင့် ဝမ်းပျက်ဝမ်းကိုက်၊ အစာအိမ်ရောဂါ အဖြစ်များကြသည်။ အလှအပမက်မောသူများ ဆံပင်ဆိုးဆေးမှ ဓာတုဗေဒဆေးကြောင့် အပူအအေးတွေ့ပြီး ဓာတ်ပြောင်းသွားသဖြင့် ဦးရေပြား၏ အောက်ခြေဆံပင်အမြစ်အိတ်များ ပျက်စီးရပြီး ခေါင်းတုံးပြောင်ကေသာဘဝ ရောက်ကြပေမည်။ ခရမ်းလွန်ရောင်ခြည်သည်လည်း လူများအတွက် ကျန်းမာရေးအန္တရာယ်များဖြစ်သည့် အသားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းဝေဒနာကို ရုပ်ပျက်၊ ဆင်းပျက် ခံစားနေရသူတို့ကို ဘဘကြီးတို့နိုင်ငံတွင် တွေ့မြင်ကြရဖို့နီးပါပြီ။ ထို့အပြင် ရေထုဆုတ်ယုတ်လာပြီး နိုင်ငံအနှံ့ သောက်သုံးရေ ဒုက္ခကျရောက်နေကြစဉ် မလိုအပ်ဘဲ ရေဖြုန်းတီးခြင်းသည် နိုင်ငံသားအချင်းချင်း စာနာမှုကင်းမဲ့ရာ ရောက်သည်။ ကြုံကြိုက်တုန်း နှစ်သစ်ကူးသင်္ကြန်ရုံးပိတ်ရက်နှင့် ပတ်သက်ပြီး ရေးသားသည့် နငယ်အမြီးအတိုအရှည် ဆွဲသူများ၊ ရတာ မလို လိုတာ မရ အဆိုးမြင်သူများ၊ နှမ်းဝင်ဖြူးတတ်သည့် ဝါသနာရှင်များ၊ အဆိုးဆုံးမှာ ဝေဖန်ရေးပါရဂူတို့အကြောင်းကိုလည်း ပြောချင်သည်။

မြန်မာနှစ်သစ်ကူးသင်္ကြန်ရက်ကာလကို မိဘဘိုးဘွား ရှေးလူကြီးများ အစဉ်အဆက်က ရွေးချယ်သတ်မှတ်ပေးသွားပါသည်။ ထိုသတ်မှတ်ချက်သည် ယနေ့ကာလသို့တိုင်အောင် ပြဿနာလုံးဝမရှိပါ။ သင်္ကြန်ကာလ ရေပက်ခြင်း၊ ရေပက်ခံခြင်း၊ ရေကစားကြစဉ် အမှုပေါင်းစုံဖြစ်မှုကြီးငယ် ပြဿနာများစွာ ဖြစ်ပွားပါသည်။ ဖြစ်ပွားရခြင်းမှာ စာရိတ္တနှင့် စည်းကမ်းကင်းမဲ့ခြင်းကြောင့် ဖြစ်ရသည်။ ထိုဖြစ်ရပ်အတွက် သင်္ကြန်ကာလနှစ်သစ်ကူး ရေသဘင်ပွဲနှင့် မသက်ဆိုင်ပါ။ ဥပမာဖော်ပြရသော် အင်းလျားကန်အတွင်း၌ ရေနစ်၍ အသက်ဆုံးရှုံးကြသူများရှိပါသည်။ ရေနစ်သေဆုံးသူတို့ကသာ အင်းလျားကန်အတွင်းသို့ ဆင်းသက်ကြခြင်းကြောင့် သေဆုံးကြခြင်းဖြစ်သည်။ သင်္ကြန်အတွင်း အမှုပေါင်းစုံဖြစ်ရခြင်း၊ အင်းလျားကန်အတွင်း၌ ရေနစ်သေဆုံးရခြင်းတို့သည် သင်္ကြန်ရေသဘင်ပွဲကြောင့်သော်လည်းကောင်း၊ အင်းလျားကန်ကြောင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိပါ။ သေသူ၊ နာသူတို့နှင့်သာ သက်ဆိုင်ပါသည်။ တစ်နည်းအားဖြင့် လူတို့ပေါ့လျော့စွာ အပျော်ကြူးကြခြင်းကြောင့် ဖြစ်သည်။ လူသာပဓာနအကြောင်းအရင်းမှန်ဖြစ်သည်ကို ဆင်ခြင်ပြီး ပြုပြင်ထိန်းသိမ်းကြဖို့ လိုပါသည်။

**သားတို့သမီးတို့-**

၁၃၇၅- ၁၃၇၆ ခုနှစ် ၂၀၁၄ ခုနှစ် ဧပြီ နှစ်သစ်ကူး ရုံးပိတ်ရက်ကာလ ၁၀ ရက်ကို မနှစ်က အပြစ်တင်ဝေဖန်ပါသည်။ ရုံးပိတ်ရက်ကာလ ရှည်ကြာလွန်းသည့်အတွက် အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ရပြီး ငွေကြေးဆုံးရှုံးမှုများဖြစ်ရကြောင်း ဖော်ပြထားသည်။ သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်ကြောင့် လုပ်ငန်းများလုပ်ကိုင်ရာ၌ အခက်အခဲ အကျပ်အတည်းများတွေ့ရပြီး ဆုံးရှုံးမှုများဖြစ်ရသည်ဟု ဆိုသည်။ ၂၀၁၄ ခုနှစ် ဧပြီလ ပြက္ခဒိန်၌ ရုံးပိတ်ရက် ၁၀ ရက်ကို လေ့လာသင့်သည်။ ဧပြီ ၁၂ ရက်မှ ဧပြီ ၂၁ ရက် ရုံးပိတ်ရက် ၁၀ ရက်တွင် ဧပြီ ၁၂၊ ၁၃၊ ၁၉၊ ၂၀ ရက် တို့သည် စနေ၊ တနင်္ဂနွေနေ့ မူလရုံးပိတ်ရက် လေးရက်ပါဝင်သည်။ ဧပြီ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့သည်လည်း အတာသင်္ကြန်ရေပွဲ နှစ်စဉ်ရုံးပိတ်ရက်များပင် ဖြစ်သည်။ ဖော်ပြပါရုံးပိတ်ရက် ၈ ရက်သည် ပိတ်ရိုးပိတ်စဉ် ရုံးပိတ်ရက်များသာဖြစ်သည်။ ထို့ကြောင့် နှစ်သစ်ကူးရုံးပိတ်ရက် ၁၀ ရက်တွင် ရှစ်ရက်မှာ မူလရုံးပိတ်ရက်များသာဖြစ်ပြီး ကျန် ၂ ရက် ဧပြီ ၁၈ ရက်နှင့် ၂၁ ရက်ပေါင်း နှစ်ရက်သာ ရုံးပိတ်ရက်အသစ်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ပြက္ခဒိန်ကို လေ့လာကြည့်ပါက ၂၀၁၄ ခုနှစ် ပြက္ခဒိန် ရုံးပိတ်ရက်များ ကဲ့သို့ပင် တွေ့ရမည်။

**သားတို့သမီးတို့-**

အစိုးရရုံးဝန်ထမ်းများ၊ ပုဂ္ဂလိကရုံးဝန်ထမ်းများနှင့် အခြားသော အလုပ်သမားပေါင်းစုံတို့သည် အစိုးရသတ်မှတ်ပေးသည့် ရုံးပိတ်ရက်တွင် ကိုယ်ပိုင်အချိန်ရကြသဖြင့် ရပ်ဝေးနေ မိဘအိုဘအိုတို့ထံ သွားရောက်ကန်တော့ခွင့်ရကြသည်။ ရပ်ဝေးမှမိသားစုတို့နှင့် တွေ့ခွင့်ရကြပြီး ရဟန်းခံရှင်ပြုကောင်းမှုပြုခွင့်ရကြသည်။ မိမိတို့ကိုယ်တိုင် ဥပုသ်သီလစောင့်၍ တရားအားထုတ်နိုင်ကြသည် စသော ကောင်းကျိုးများစွာရရှိကြသည့်အတွက် အစိုးရရုံးပိတ်ရက် ၁၀ ရက်ကို "အရိုးများသော ချေးခါးသော အမြင်ဆိုးအမြင်ယုတ် မကောင်းမြင် အရိုးစွဲအမြင်တို့ကို စွန့်လွှတ်၍ တစ်ဆက်တည်း ရုံးပိတ်ရက် ၁၀ ရက် သတ်မှတ်စီစဉ်ပေးသွားသူ ပုဂ္ဂိုလ်တို့အား ကျေးဇူးတင်တတ်ကြပါစေ" သက်ဆိုင်ရာအစိုးရနှင့် ပုဂ္ဂလိကဌာနအသီးသီးတို့မှ ရုံးပိတ်ရက်အတွင်း တာဝန်ကျသည့် ဝန်ထမ်းများကိုလည်း စာနာထောက်ထားသင့်ပါသည်။ မူလတာဝန်အရ လုံခြုံရေးတာဝန်ထမ်းဆောင်ကြရသော ရှေ့တန်းနောက်တန်းမှ နိုင်ငံ့ဝန်ထမ်းများ၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများ၊ ကျန်းမာရေးဆိုင်ရာ ဆေးဝန်ထမ်းများစသော ဖော်ပြပါနိုင်ငံ့ဝန်ထမ်းများကား နိုင်ငံအကျိုးအတွက် ခြွင်းချက်ထားကြသည်။ အခြေအနေအချိန်အခါအရသာ နားခွင့်ရရှိနိုင်ကြပါသည်။ နားခွင့်မရကြသော နိုင်ငံ့ဝန်ထမ်းများစွာအတွက် ကိုယ်ချင်းစာနာကျေးဇူးတင်ကြင်နာကြရမည်။

**သားတို့ သမီးတို့ရေ ဘဘကြီး သားတို့သမီးတို့ကို အဓိကတင်ပြလိုသော အချက် (၂)ချက်မှာ-**

(၁) သင်္ကြန်ရေသဘင်ပွဲတော်ကာလတွင် မသေ၊ မနာ၊ အမှုကင်းရှင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခြင်းနှင့် ရွှင်လန်းကြစေဖို့

(၂) ရေချိုရေကောင်းဂါလန်ပေါင်းများစွာကို ဖြုန်းတီးပစ်ကြသူ၊ လျှပ်စစ်ဓာတ်အားကို အလွန်ပင် စည်းကမ်းကင်းမဲ့စွာ သုံးဖြုန်းကြသူမဖြစ်ကြစေဖို့ ဆင်ခြင်ကြရန်အပြင် ပါရမီကုသိုလ်ကောင်းမှုကို အထူးကြိုးစားပြုကြဖို့ အဓိကအရေးကြီးဆုံး(၂)ချက် ဖြစ်ပါကြောင်း မေတ္တာဖြင့် မှာကြားလိုက်ပါသည်။ ။

## ဥသြကြိန်းမှ အစပြု၍

❀ နှစ်ဟောင်းကုန်ပြီ
အာရုံကိုဖြတ်၊ စိတ်ကိုမှတ်၍
မတ်မတ်မားမား၊ ရှေ့မှာကြွားသည့်
ခံ့ညားပျိုမျစ်၊ နှစ်အသစ်ကို
ချစ်မြတ်နိုးစွာ၊ ကြိုဆိုပါအံ့။

❀ အညစ်အကြေး၊ ကင်းစင်ဝေးစေ
အေးမြရေစင်၊ တစ်စက်တင်နှင့်
ယှဉ်တွဲလျှော့ကျပါစေသတည်း။

❀ နှစ်အသစ်၌
စိတ်သစ်လူသစ်၊ အချစ်သစ်နှင့်
ခေတ်သစ်ကိုရည်၊ တိုင်းပြည်နိုင်ငံ
ထူထောင်ဟန်မှာ၊ တစ်ဆံတစ်မျှင်
တစ်နိုင်ဝန်ဖြင့်
ကျေပွန်နိုင်ကြပါစေသတည်း။

❀ ပိတောက်ပန်းက
လန်းလန်းလှလှ၊ လောကအဝန်း
ရွှေဝါဖျန်းလျက်
အေးချမ်းသာယာ၊ တို့ရပ်ရွာ။

❀ ကောင်းသောစိတ်က
တစ်ရိပ်ရိပ်တက်၊
တစ်ဆက်ဆက်လွှမ်း
ချစ်ကြည်ခန်းနှင့်
ငြိမ်းချမ်းသာယာ၊ တို့ရပ်ရွာ။

❀ သည်ယနေ့ထက်၊ ပိုတိုးတက်အံ့
မနက်ဖြန်သည်၊ ခေတ်လည်းမီကာ
ညီလည်းညီညွတ်၊ လောကသစ်ဟု
အနှစ်သာရ၊ ဖော်ဆောင်ကြအံ့။

❀ ဥသြကြိန်းမှ
အစပြု၍၊ ချမ်းမြေ့ကမ္ဘာ
လောကရွာ
ဖြစ်ပါစေသတည်း။ ။

စိုးမြင့်သန်းမောင်(ဓာပေဗိမာန်)

ပြည်တွင်းရေးရာ

# ဇာတိမြေလွမ်းသူများနှင့် ပျော်ရွှင်စရာ မြန်မာတို့၏သင်္ကြန်ပွဲတော်



မြန်မာတို့၏ ၁၂ လရာသီ ပွဲတော်များအနက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခွင့်ရသည့် ပွဲတော်မှာ မြန်မာ့ရိုးရာသင်္ကြန် ရေပက်ကစားခြင်းပင်ဖြစ်သည်။ ယခုနှစ်တွင် ချစ်စရာ့သင်္ကြန်ကို မြန်မာတို့သာမက နိုင်ငံခြားသားများပင် ပါဝင်ဆင်နွှဲနေသည့် မြင်ကွင်းများကလည်း နေရာအနှံ့ ကြည်နူးဖွယ်။

သင်္ကြန်သည် မြန်မာတို့၏နှလုံးသား။ မည်သည့်အရပ်ဒေသ၊ မည်သည့်နိုင်ငံ၊ မည်သို့ပင် ရေမြေခြားနေပါစေ သင်္ကြန်အခါ ကျရောက်လာပြီဆိုရင်ဖြင့် မိမိတို့ ဇာတိမွေးရပ်မြေကို အပြေးပြန်ပြီး ဆင်နွှဲလိုကြသည်ချည်းဖြစ်၏။ ထို့ပြင် ဘဝရပ်တည်ရေးအတွက် မိမိတို့လုပ်ငန်းဌာနများတည်ရှိရာ ဒေသအသီးသီး သွားရောက်နေထိုင်ပြီးအလုပ်လုပ်နေရသော်လည်း သင်္ကြန်ကာလနီးလာပြီဆိုသည်နှင့် မိမိတို့ဇာတိအရပ်ဒေသသို့ အပြေးပြန်ပြီး သင်္ကြန်ပွဲဆင်နွှဲသူများကိုလည်း ပတ်ဝန်းကျင်တွင် အများအပြားတွေ့မြင်ရမည်ဖြစ်သည်။

တစ်ကြောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို သင်္ကြန်ကျရောက်ပြီဆိုသည်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း ပုပ္ပားတောင်တစ်ဝိုက်မြို့ရွာများမှ လူငယ်များကလည်း ပုပ္ပားတောင်တစ်ဝိုက်တွင် အလေ့ကျပွင့်သည့် စံကားဝါပန်းများဝယ်ယူကာ မိမိနှစ်သက်ခင်မင်သည့် မိတ်ဆွေသူငယ်ချင်းများအား ပန်းပေးသည့် အလေ့အထကလည်း ယနေ့တိုင် အစဉ်အလာမပျက် ပြုလုပ်နေဆဲဖြစ်ကြောင်းသိရသည်။

"သင်္ကြန်ရောက်ရင် ကျွန်တော်က ချောက်ကိုအမြဲပြန်တယ်၊ အဓိကကတော့ ပုပ္ပားကိုတက်ပြီး စကားဝါပန်းဝယ်ဖို့ပေါ့။ ရှေးလူကြီးပြောပြခဲ့တာက သင်္ကြန်မှာ ကိုယ်ချစ်တဲ့သူကို စကားဝါပန်းပေးနိုင်တယ်ဆို အဲဒါတကယ့် ဂုဏ်ယူစရာကောင်းတာပေါ့။ ဟိုတုန်းက သွားလာရေးခက်တယ်လေ"ဟု ချောက်မြို့နေ ကိုကျော်ခန့်က ပြောသည်။

သင်္ကြန်ရောက်ပြီဆိုရင်ဖြင့် ပုပ္ပားတောင်နှင့် အနီးအနားမြို့များဖြစ်သည့် ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း စသည့်မြို့များက ဒေသခံများသည် ပုပ္ပားတောင်ခြေရှိ မဏ္ဍပ်များသို့ သွားရောက်၍ ရေကစားလေ့ရှိကြောင်းသိရသည်။

" နှစ်စဉ်နှစ်တိုင်း ပုပ္ပားတောင်ခြေမှာ ရေပေါက်မဏ္ဍပ်တွေရှိတယ်၊ သင်္ကြန်ရက်ဆို အကျနေ့ကနေ နှစ်ဆန်းတစ်ရက်နေ့အထိ အတော်စည်တယ်၊ နှစ်ဆန်းတစ်ရက်နေ့မှာ လူကြီးတွေကအစ ကားနဲ့သွားကြတယ်။ တောင်မကြီးတော့မသွားကြဘူး၊ တောင်ကလပ်ကအနည်းငယ်လှမ်းတယ်လေ။ အခုတော့လမ်းကပေါက်နေလို့ သွားလာရေးလွယ်ကူနေပြီ"ဟု ကိုကျော်ခန့်ကဆက်ပြောသည်။

"သင်္ကြန်က တကယ်တော့ မြန်မာတွေအတွက် ဂုဏ်ယူစရာပါ။ကမ္ဘာမှာ မြန်မာမှာပဲ ရေသဘင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပတာ တကယ်တော့ နိုင်ငံခြားသားတွေကို တကယ်ဆွဲဆောင်နိုင်တဲ့ပွဲဗျ။ နိုင်ငံပိုပြီးပွင့်လင်းလာရင် ကမ္ဘာလှည့်ခရီးသွားတွေ ပိုဝင်လာလိမ့်မယ်"ဟု မိတ်ဆွေတစ်ဦးက နိုင်ငံခြားသားများ သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်တစ်ခုရှေ့ ကခုန်နေသည်ကိုကြည့်ရင်းသုံးသပ်သည်။

အမေရိကန်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ စသောပြည်ပနိုင်ငံများတွင် အလုပ်သွားရောက် လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများကလည်း မိမိတို့နေထိုင်ရာနိုင်ငံများတွင် မြန်မာလူမျိုးများ စုစည်း၍ အတာသင်္ကြန်ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြကြောင်းသိရသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် အလုပ်လုပ်နေသော ကိုဇော်မိုးက "အေးဗျာ သင်္ကြန်ရောက်ရင် အလိုလိုအိမ်လွမ်းတယ်ဗျာ၊ ကိုယ့်နိုင်ငံမှာ ပျော်ပျော်ရွှင်ရွှင်နေရတာ။ အပေါင်းအသင်းတွေ တရုန်းရုန်းနဲ့ ပျော်ကြပါးကြတာတွေ ပြန်သတိရတယ်ဗျာ၊ မလေးရှားမှာလည်း မြန်မာတွေစုပြီး ရေကစားပါတယ်၊ ဒါပေမယ့်ဗျာ မြန်မာနိုင်ငံလောက်တော့ မပျော်ပါဘူး။ အောင်ကိုလတ်သီချင်းလိုပေါ့ ဘယ်နေရာကိုရောက်ရောက် အမြဲတမ်းမှတ်ပါ မင်းမြန်မာဆိုတဲ့အတိုင်းပါပဲ"ဟု ပြောသည်။

ကိုဇော်မိုးလိုပင် ပြည်ပရောက် မြန်မာနိုင်ငံသားများထဲမှ အိမ်လွမ်းသူများ မည်မျှရှိနေမည်မသိ။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့် မြို့ကြီးများအပါအဝင် အခြားမြို့များ၌လည်း သင်္ကြန်ရာသီစာ ရေကစားမဏ္ဍပ်များ၊ အလှပြယာဉ်များ၊ သံချပ်အဖွဲ့များကလည်း အစီအရီ။ မည်သို့ပင်ဖြစ်စေ ကိုယ့်ဇာတိမြေကသာ ကိုယ့်အတွက်အပျော်ဆုံးဖြစ်သည်ဟု ဇာတိမြေချစ်သူများက ခံယူကြသည်။

မြန်မာပြည်အတွင်း နေထိုင်ကြသော တိုင်းရင်းသားအသီးသီး၊ လူမျိုးအသီးသီး၊ ကိုးကွယ်ရာဘာသာအသီးသီးတို့ မတူကွဲပြားသော်လည်း တူညီစွာပေါင်းစုစည်းပြီး ပျော်ရွှင်စွာဆင်နွှဲသည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ပြောင်းလဲလာသည့် ဒီမိုကရေစီရေစီးကြောင်းနှင့် အတူ မျှောပါရင်း မြန်မာတို့၏ နှစ်သစ်ကို ငြိမ်းချမ်းရေးတေးသံသာများဖြင့် ကြိုဆိုရင်း ပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ထပ်တူ မွေးရပ်မြေကို တမ်းတနေမည့် အဝေးရောက် မိတ်ဆွေများအားလုံးလည်း နှစ်သစ်မှာ ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း။ ။

**(သီသီမင်း)**



**မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းတစ်လျှောက် ရေသဘင်ပွဲဆင်နွှဲလျက်ရှိသည့် သင်္ကြန်ချစ်သူများကို တွေ့ရစဉ်။**

(အောင်ကျော်ဦး)

## လူမှာ အသက်အပိုမပါ

**နေပြည်တော် မေ ၁၅**

သင်္ကြန်က အကျနေ့ပြီးခဲ့လေပြီ။ ယနေ့အကြတ်နေ့ မနက်ဖြန်အတက်(၂)ရက်တော့ ပျော်လိုက်ရဦးမည်။ ပျော်တာ ကြိုက်သလောက်ပျော်ကြပါ။ တစ်ခုသိထားရမှာက လူမှာအသက်အပိုမပါတာ သတိထားစေချင်သည်။ အပျော်ကျူးရင် သတိလက်လွတ်ဖြစ်တတ်သည်။ သင်္ကြန်ရက်မတိုင်မီတွင် သတင်းစာ၊ စာစောင်များတွင် သင်္ကြန်ပွဲတော်အတွင်း ကား/ဆိုင်ကယ် မောင်းနှင်သူများ လိုက်နာရန် နှိုးဆော်ချက်များ အများအပြားလည်း ထုတ်ပြန်ခဲ့သည်။ လိုက်နာသူရှိသလို မလိုက်နာသူလည်းရှိကြသည်။ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ကား/ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ၏ အသက်က သေမင်းခံတွင်းဝကို ၅၀ ရာခိုင်နှုန်းအပ်ထားရသည်ကို မမေ့သင့်ပေ။ ကိုယ်ကစည်းကမ်းရှိရှိ မောင်းနှင်သော်လည်း စည်းကမ်းမရှိ၊ သတိမမူသောသူနှင့် တွေ့လျှင် အသက်ပေးသွားရသည်ကိုလည်း တွေ့မြင်နေရသည်။ အထူးသတိထားစေချင်သည်။ ဘယ်သူမှားမှားခံရမှာက ကိုယ်ဆိုတာမမေ့ကြပါနှင့်။

သင်္ကြန်အကျနေ့တွင် မြင်တွေ့ရသော မြင်ကွင်းက စိတ်ပျက်စရာကောင်းလှသည်။ ဆိုင်ကယ်များအိတ်ဇောပိုက်ဖြုတ်၊ ဆိုက်ကယ်ပေါ်တွင် ကိုးရိုးကားရားနှင့် သုံးလေးယောက်စီး၊ အလဲလဲအကွဲကွဲနှင့် မီးပွိုင့် ဖြတ်မောင်း စည်းကမ်းရှိတဲ့လူက ရပ်ထားရတဲ့အဖြစ်ပါ။ ဒီလိုစည်းကမ်းမဲ့ခဲ့လို့လည်း သင်္ကြန်ရောက်တိုင်း သောက်စားမူးယစ်၊ မဆင်မခြင်မောင်း၊ ယာဉ်မတော်တဆမှုများမှ သေဆုံးဒဏ်ရာရခဲ့ကြသည်များ တွေ့နေ၊ မြင်နေ၊ ကြားနေရသည်။

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်တစ်ခုထဲတွင် ယာဉ်မတော်တဆမှုသည် ၁၃ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၅၇ ဦး၊ သေဆုံးသူ ၁၁ ဦး ရှိခဲ့သည်။ အရွယ်မတိုင်မီ အကြွေစော၍ ဝမ်းနည်းပက်လက်ကျန်ခဲ့သော မိသားစုများ မဖြစ်ရစေရန် သွားသတိ၊ လာသတိ၊ သတိလေးထားစေချင်သည်။

**သန်းဦး(လေးမျက်နှာ)**

# ကိုးကန့်သောင်းကျန်းသူများ ခံစစ်ဆင်ထားသည့်တောင်ကုန်းအား တပ်မတော်က ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းသိမ်းပိုက်

**နေပြည်တော် မေ ၁၅**

ကိုးကန့်သောင်းကျန်းသူ အင်အား ၂၅၀ ခန့် အခိုင်အမာခံစစ်ဆင်ထားသည့် ပါစင်ကျော် အရှေ့မြောက်ဘက်ခြမ်းရှိ ပေ ၅၁၀၀ ကျော်မြင့်မားသော ပွိုင့်-၁၅၈၄ တောင်ကုန်းအား ယနေ့မွန်းလွဲ ၁ နာရီတွင် တပ်မတော်စစ်ကြောင်းများက ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်း သိမ်းပိုက်ရရှိခဲ့သည်။

ကိုးကန့် သောင်းကျန်းသူများ အခိုင်အမာ ခံစစ်ဆင်ထားသည့် ပွိုင့်-၁၅၈၄ တောင်ကုန်းအား မေ ၅ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများ၊ သံချပ်ကာတိုက်ယာဉ်ပစ်ကူများ ရယူ၍ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စား စိတ်ဓာတ်ဖြင့် အဆင့်ဆင့် ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ချေမှုန်းရာတွင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် အခိုင်အမာ ဘန်ကာများပြုလုပ်ပြီး လက်နက်ကြီးများ၊ လက်နက်ငယ်များ၊ စနိုက်ပါများ၊ စက်လတ်များနှင့် လက်ပစ်ဗုံးများအသုံးပြုကာ ပုံသေပစ်ကြောင်းယူ၍ အဆင့်ဆင့်ခုခံတိုက်ခိုက်ခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများ၏ ခုခံတိုက်ခိုက်မှုကို တပ်မတော်သားများအနေဖြင့် ရဲဝံ့အတားအဆီးများ၊ လူလုပ်အတားအဆီးများနှင့် မိုင်းထောင်ခြင်းများ ဆောင်ရွက်ထားသော်လည်း တပ်မတော်သားများအနေဖြင့် မိမိနိုင်ငံတော်၊ တိုင်းရင်းသား ပြည်သူများနှင့် တပ်မတော်အတွက် အချုပ်အခြာအာဏာတည်တံ့ရေး၊ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်များ လုံခြုံစေရေးအတွက် အများပြည်သူများ အေးချမ်းပျော်ရွှင်လျက်ရှိသော မဟာသင်္ကြန်ကာလအတွင်း အသက်ကို ပဓာနမထား ကိုယ်ကျိုးစွန့်လွှတ်၍ ရဲဝံ့စွန့်စားပြီး ရန်သူအား တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ရယူသိမ်းပိုက်နိုင်ခြင်းဖြစ်ကြောင်းနှင့် ယင်းတောင်ကုန်းအား သိမ်းပိုက်ရရှိခြင်းကြောင့် စန်တအိုက်ရှန်ကုန်းမြင့်ဒေသအား မြေအနေအထားအရ စိုးမိုးမှုရရှိပြီး ဆုတ်ခွာသွားသော ရန်သူများအား အမြစ်ပြတ်တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၅၈၄ တောင်ကုန်းအား သိမ်းပိုက်ရယူပြီး ဆုတ်ခွာသွားသော ကိုးကန့် သောင်းကျန်သူများအား လိုက်လံ တိုက်ခိုက်ချေမှုန်းခဲ့ရာ ပွိုင့်-၁၅၈၆ တောင်ကုန်းအား ထပ်မံသိမ်းပိုက်ရရှိသည်။ သိရှိရသည်။

ပွိုင့်-၁၈၄၅ တောင်ကုန်းနှင့် တာကထန်ကျေးရွာတို့မှ ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ ရန်သူမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ပြီး ထိုသို့ ခုခံတိုက်ခိုက်မှုများကို တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ ဟန်ချက်ညီညီ ထိန်းချုပ်တိုက်ခိုက် ချေမှုန်းခဲ့ခြင်းကြောင့် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် စင်းရွှေထန်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသအား သိမ်းပိုက်ရရှိခဲ့သည်။ ယင်းနောက် ရန်သူများ ဆုတ်ခွာရာသို့ လိုက်လံရှင်းလင်းဆောင်ရွက်ရာ ညနေ ၆ နာရီခွဲတွင် အာစီကောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား ထပ်မံသိမ်းပိုက်ရရှိသည်။

ထို့အတူ လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ကိုးကန့်သောင်းကျန်းသူများက ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်တွင် စီစဉ်ညွှန်ကြားလျက်ရှိသော ရန်သူ့ကွပ်ကဲမှုအဖွဲ့အခြေပြုလျက်ရှိသည့် လုံထန်ကျေးရွာအရှေ့ဘက်၌ မြင့်မားမတ်စောက် စွန့်စားစွာဖြင့် ရန်သူအား လုံ့စွပ်ထိုးတိုက်ခိုက်ချေမှုန်းမှု (၄၆)ကြိမ် တိုက်ခိုက်ချေမှုန်းခဲ့ရသည်။ ရန်သူအနေဖြင့်လည်း တပ်မတော်စစ်ကြောင်းများအား တန်ပြန်တိုက်စစ်ဖြင့် ခုခံတိုက်ခိုက်မှု (၃၂) ကြိမ်ခန့် ပြုလုပ်ခဲ့သော်လည်း တပ်မတော်သားများက ကြံ့ကြံ့ခံရင်ဆိုင်၍ တွန်းလှန်ချေမှုန်းတိုက်ခိုက်ခဲ့သည်။

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် အလျား မီတာ ၁၂၀၀၊ အနံ မီတာ ၈၀၀ ခန့်ရှိ ကျောက်စိုင်ကျောက်တုံးများ ပေါများသော ပွိုင့်-၁၅၈၄ တောင်ကုန်းအား မြေအနေအထားအရ အသာစီးရယူပြီး အခိုင်အမာဘန်ကာများ ဆောက်လုပ်ထားခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက တိုက်ရိုက်ပစ်လက်နက်ကြီးများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ ရန်သူ၏ ဘန်ကာ ၁၄ လုံးအား ဖျက်စီးချေမှုန်းနိုင်ခဲ့သည်။

ပွိုင့်-၁၅၈၄ တောင်ကုန်းအား ကိုးကန့်သောင်းကျန်းသူများက တောင်ကြားလမ်းတစ်လျှောက် အင်အားအစုအပြုံလိုက် ပိတ်ဆို့ခြင်း၊ သဘာဝအလားတူ ကိုးကန့်သောင်းကျန်းသူများအနေဖြင့် စန်တအိုက်ရှန်ကုန်းမြင့်ဒေသများရှိ တောင်ကြားလမ်းများအား အင်အားအများအပြားပိတ်ဆို့ထားခြင်း၊ သဘာဝအတားအဆီးများနှင့် လူလုပ်အတားအဆီးများ၊ မိုင်းများထောင်ထား၍ ပိတ်ဆို့ခြင်းများ ဆောင်ရွက်ထားခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ရန်သူမမျှော်လင့်သော မြင့်မားမတ်စောက်သည့် တောင်ကြောများမှတစ်ဆင့် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ချေမှုန်းခဲ့သည်။ ထိုသို့ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ပေ ၆၀၀၀ ကျော်မြင့်မားသော ပွိုင့်-၁၈၄၅ တောင်ကုန်းအား မေ ၉ ရက်က သိမ်းပိုက်ရရှိခဲ့ပြီး ရန်သူဆုတ်ခွာရာနောက်သို့ ထပ်ကြပ်မကွာ လိုက်လံ တိုက်ခိုက်ချေမှုန်းခဲ့ရာ တာကထန်ကျေးရွာအား မေ ၁၃ ရက်က သိမ်းပိုက်ရရှိခဲ့သည်။ တာကထန်ကျေးရွာအနေဖြင့် ပတ်ဝန်းကျင်ဒေသများအား ရေပေးဝေမှုအချက်အခြာကျသော နေရာဖြစ်ခြင်းကြောင့် တပ်မတော် စစ်ကြောင်းများက ဦးစားပေးတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းသော တောင်ကုန်းနှင့် ဟိုင်းကျိုက်ကျေးရွာတို့အား တပ်မတော်စစ်ကြောင်းများက မေ ၅ ရက်မှစတင်၍ ရန်သူများ မမျှော်လင့်သည့် ကျောက်တောင် ထူထပ်မြင့်မားမတ်စောက်သော တောင်နံရံများမှတစ်ဆင့် ရဲရဲတက် တိုက်ခိုက်ချေမှုန်းခဲ့သည်။

ယင်းသို့ တိုက်ခိုက်ချေမှုန်းရာတွင် ကိုးကန့်သောင်းကျန်းသူများက မြေအနေအထားအသာစီးရယူ၍ လက်နက်ကြီးများ၊ စနိုက်ပါများ၊ လက်ပစ်ဗုံးများဖြင့် ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ တောင်ကြောတစ်လျှောက် အဆင့်ဆင့်ခြေကုပ်ယူကာ ရန်သူအား ဟန်ချက်ညီညီ ထိန်းချုပ်တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ယနေ့မွန်းလွဲ ၃ နာရီတွင် သိမ်းပိုက်ရရှိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့် သောင်းကျန်းသူများထံမှ ဖျက်ဆီးချေမှုန်းခဲ့သော ဘန်ကာ ၁၄ လုံး အပါအဝင် စုစုပေါင်း ဘန်ကာ ၄၄ လုံး၊ အလောင်း နှစ်လောင်း အာရ်ပီဂျီရှစ်လက်၊ စက်လတ်နှစ်လက်၊ စနိုက်ပါတစ်လက်၊ အမ်(၂၂) ၁၁ လက်၊ ကေ(၁၂) တစ်လက်၊ အေကေ (၄၇) နှစ်လက်၊ ဝမ်ချက်စတာတစ်လက်၊ အာရ်ပီဂျီဒုံးသီး ၄၄ လုံး၊ ပို့ကျည် ၅၁ တောင့်၊ ကျည်မျိုးစုံ ၉၃၈၆ တောင့်၊ ကျည်အိမ်မျိုးစုံ ၃၉ ခု၊ လက်ပစ်ဗုံး အလုံး ၁၇၀၊ တိုက်မိုင်း ၁၅ လုံး၊ ရှေ့ထွက်မိုင်းလေးလုံး၊ ရှပ်ကွဲမိုင်း တစ်လုံး၊ ဒီတိုနီတာ ၂၃ ခု၊ စက်လတ် ကျည်ခါးပတ်တွဲ ငါးခု၊ ၄၀ မမ ဗုံးသီး ငါးလုံး၊ ကျင်းတူးကိရိယာ အခု ၂၀၊ မိုင်းရှာစက်တစ်လုံး၊ ရီမုတ်သုံးခု၊ ကျောပိုးအိတ်နှစ်လုံး၊ မိုးကာတဲနှစ်လုံး၊ အီကွေ့မန့်သုံးစုံ၊ မီးစက်တစ်လုံး၊ အသံချဲ့စက်တစ်လုံး၊ လော်စပီကာတစ်ခု၊ ဓာတ်ငွေ့ကာမျက်နှာဖုံးနှစ်ခုတို့အား သိမ်းဆည်းရမိပြီး တပ်မတော်မှ အရာရှိ၊ စစ်သည် ၁၆ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ စစ်သည် ၁၁၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် ပါစင်ကျော်အရှေ့မြောက်နှင့် အရှေ့ဘက်ဒေသတွင် အဓိက မြေနေရာများ ထိန်းချုပ်နိုင်ခြင်း မရှိတော့ဘဲ ဆုတ်ခွာထွက်ပြေးလျက်ရှိရာ တပ်မတော်စစ်ကြောင်းများက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအထိ အဆင့်ဆင့်ထိန်းချုပ် တိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**






ကိုးကန့်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသော လက်နက် ခဲယမ်းများကို တွေ့ရစဉ်။ (မြဝတီ)



ကိုးကန့်သောင်းကျန်းသူများ၏ ဘန်ကာတစ်လုံးကို တွေ့ရစဉ်။ (မြဝတီ)

အားကစား

# မန်ဇူကစ်၏ အပြုအမူမှာလက်ခံနိုင်စရာမရှိဟု ပေါလ်စခိုးဝေဖန်

အက်သလက်တီကိုနှင့် ရီးယဲလ်တို့ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်၌ ဂိုးမရှိသရေကျခဲ့ရာ အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး မန်ဇူကစ်နှင့် ရီးယဲလ်နောက်ခံကစားသမားများ ပြဿနာဖြစ်ပွားခဲ့ပြီး မန်ဇူကစ်တုံ့ပြန်သည့် အပြုအမူမှာ လက်ခံနိုင်စရာမရှိဟု မန်ယူကစားသမားဟောင်း ပေါလ်စခိုးက ဝေဖန်ခဲ့သည်။

ရီးယဲလ်နောက်တန်းကစားသမားသုံးဦးဖြစ်သော ဗာရာနီ၊ ရာမို့စ်၊ ကာဗာဂျယ်တို့သုံးဦးနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုများအထိပါဦးတည်လာခဲ့သည်။ အဆိုပါပွဲ၌ မန်ဇူကစ်မှာ ကာဗာဂျယ်၏ ကိုယ်ထိလက်ရောက်တုံ့ပြန်မှုနှင့် ကိုက်ခဲမှုခံခဲ့ရသည်ဟုဆိုခဲ့သော်လည်း ကာဗာဂျယ်က ၎င်းအနေဖြင့် ထိုသို့လုပ်ဆောင်ခဲ့ခြင်းမရှိဟု ငြင်းဆိုခဲ့သည်။

အဆိုပါပွဲတွင်မန်ဇူကစ်အား ရီးယဲလ်နောက်ခံကစားသမားများက အထူးအာရုံစူးစိုက်ကာထိန်းချုပ်ရန် ကြိုးပမ်းခဲ့ကြပြီး ရာမို့စ်၏တံတောင်နှင့်ထိမိကာ မျက်နှာကွဲခဲ့ပြီး နောက်ပိုင်းတုံ့ပြန်စိန်ခေါ်မှုများကို ပြုလုပ်လာခဲ့ခြင်းကြောင့် ပေါလ်စခိုးက ဝေဖန်ခဲ့ခြင်းဖြစ်သည်။




ပေါလ်စခိုးက "မန်ဇူကစ်က သူ့ကိုယ်သူဒုက္ခရောက်အောင် တွန်းပို့သလိုမျိုးပြုမူခဲ့တယ်။ တကယ်ဆို သူ့အနေနဲ့ အများကြီးခံခဲ့ရပြီး အေးအေးဆေးဆေးတုံ့ပြန်ရမှာလေ။ အခုတော့ခံရပြီး အခုလိုမျိုးတုံ့ပြန်ခဲ့တာက ကလေးဆန်လွန်းပါတယ်။ တစ်ခြားနည်းတစ်ခုနဲ့ အဖြေရှာသင့်တာပေါ့" ဟုဝေဖန်ခဲ့သည်။

ရာမို့စ်၏တံတောင်ကြောင့် မျက်လုံးအပေါ်ဘက်ကွဲအက်ခဲ့ပြီးနောက် ဗာရာနီကို တံတောင်ဖြင့်တွတ်ခဲ့သည်ဟုဆိုကာ ဒိုင်ကမန်ဇူကစ်ကို ပြစ်ဒဏ်ကျူးလွန်ခဲ့သည်ဟုသတ်မှတ်ခဲ့သည်။

ကာဗာဂျယ်က "ပွဲပြီးတော့ မန်ဇူကစ်ကို ကျွန်တော်ကိုက်ခဲ့တယ်ဆိုပြီး စွပ်စွဲခဲ့ပါတယ်။ ကျွန်တော်ရှင်းရှင်းလင်းလင်းပဲပြောပြထားချင်တာက ဘယ်ကစားသမားကိုမှ မကိုက်ခဲ့သလို ဘယ်တုန်းကမှလည်းဒါမျိုးလုပ်ဖို့ မကြိုးစားခဲ့မိဘူး"ဟုချေပပြောကြားခဲ့သည်။

ယင်းမက်ဒရစ်ဒါဘီ၌ ပထမပိုင်းတစ်ပိုင်းလုံး ရီးယဲလ်က ပွဲကိုလွှမ်းမိုးထားခဲ့ပြီး ဒုတိယပိုင်းတွင်မန်ဇူကစ်ပြဿနာကသာ ကစားပွဲတစ်ခုလုံး လွှမ်းမိုးသွားခဲ့၍နှစ်ဖက်ကစားသမားများ ဘောလုံးအပေါ်အာရုံစူးစိုက်မှုလျော့ကျသွားခဲ့သည်။

သို့သော် ပေါလ်စခိုးက ရီးယဲလ်အား ဂိုးမရှိသရေကစားနိုင်ခြင်းက နောက်အကျော့တွင် အက်သလက်အတွက် အလားအလာကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရရှိစေခြင်းပင်ဖြစ်ပြီး ဂါရတ်ဘေးလ်အခွင့်အရေးကောင်းကို ဖြုန်းတီးခဲ့ခြင်းက အက်သလက်တီတို့ကို အသက်ရှူချောင်သွားစေခဲ့ခြင်းဟု ဆက်လက်ပြောကြားခဲ့သည်။

ပေါလ်စခိုးက "ဒါကရီးယဲလ်အတွက် အန္တရာယ်ရှိတဲ့ရလဒ်ပါ။ အက်သလက်တီက ဘာနေဗျူးမှာတစ်ဂိုးသွင်းနိုင်ခဲ့ရင် ရီးယဲလ်က နှစ်ဂိုးသွင်းနိုင်မှဖြစ်မှာလေ။ ရီးယဲလ်အနေနဲ့ ပထမပိုင်းမှာ အနိုင်ရခဲ့သင့်ပြီး ဒီရလဒ်အတွက် အက်သလက်တီဂိုးသမားကို အသင်းသားတွေအနေနဲ့ ကျေးဇူးတင်သင့်ပါတယ်။ ဒုတိယပိုင်းမှာတော့ ဖန်တီးမှုကောင်းကောင်းကို ပုံဖော်နိုင်ခြင်းမရှိသလို ပထမပိုင်းမှာ အပိုင်အခွင့်အရေးနှစ်ကြိမ်လောက်ကို ဂိုးအဖြစ်မပြောင်းလဲနိုင်တဲ့အတွက် ရီးယဲလ်အသင်းသားတွေ နောင်တရနေကြမှာပါ" ဟုဆိုသည်။ **(မေလှဲ့သင်း)**

# မန်ယူ၏ခြေစွမ်းသည် ချယ်လ်ဆီးမှမဟုတ် မည်သည့်အသင်းကိုမဆို အနိုင်ယူနိုင်စွမ်းရှိနေဟု ဂယ်ရီနဗီးချီးကျူး

လာမည့်ဧပြီ ၁၉ ရက်တွင်ယှဉ်ပြိုင်ကစားမည့် ချယ်လ်ဆီးနှင့်မန်ယူတို့ ပွဲစဉ်၌ မန်ယူအနေဖြင့်ချယ်လ်ဆီးကို ရှုံးနိမ့်စရာအကြောင်းမရှိဘဲအနိုင်(သို့မဟုတ်) သရေရလဒ်ကို ရရှိအောင်ကစားနိုင်စွမ်းရှိသော ခြေစွမ်းမျိုးပိုင်ဆိုင်ထားကြောင်း ထုတ်ဖော်ချီးကျူးခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်များအတွင်း မန်ယူအနေဖြင့် စပါး၊ လီဗာပူး၊ မန်စီးတီးတို့ကို အနိုင်ကစားခဲ့ပြီး အမှတ်ပေးဇယားရပ်တည်နိုင်မှုကို အပြောင်းအလဲမရှိအောင် အားထုတ်နိုင်ခဲ့သည်။



မန်ယူသည် မန်စီးတီးအားအိမ်ကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရအောင်ကစားနိုင်ခဲ့ပြီး နောက်ဆုံးခြေစွမ်းတည်ငြိမ်ကောင်းမွန်မှုကို စစ်ဆေးမည့် ချယ်လ်ဆီး၏ စတန်းဖို့ဒ်ဘရစ်ချ်စာမေးပွဲကို အောင်မြင်အောင်ဖြေဆိုရန် လိုအပ်နေသေးသည်ဟုလည်း နဗီးလ်က သတိပေးပြောကြားခဲ့သည်။ မန်ယူ၏လက်ရှိကစားပုံမှာကောင်းမွန်သေသပ်သော်လည်း မန်ယူ၏လူထုတ်ပုံက ချယ်လ်ဆီးကို အနိုင်ရရန်မှာ ကန့်သတ်ချက်တစ်ရပ်ရှိနေသေးသည်ဟု ယုံကြည်နေသည်။

နဗီးက "လီဗာပူးနဲ့ စီးတီးတို့နဲ့ပွဲမှာ စမ်းသပ်မှုကို အောင်အောင်မြင်မြင်ကျော်လွှားနိုင်ခဲ့ပါတယ်။ စတန်းဖို့ဘရစ်ချ်မှာ ကစားရမယ့်ချယ်လ်ဆီးနဲ့ ပွဲကတော့ အခက်ခဲဆုံးဖြစ်လာမှာပါ။ မန်ယူရဲ့လက်ရှိကစားကွက်နဲ့ ခြေစွမ်းက အရင်ရာသီကမန်ယူရဲ့ ခြေစွမ်းကောင်းထက်တောင်ကောင်းမွန်ခဲ့ပါတယ်။ ဒီနှစ်ရာသီက အစောပိုင်းစွမ်းဆောင်ရည်နဲ့အခုစွမ်းဆောင်ရည် လုံးဝကိုခြားနားသွားပြီး အမာကျောဆုံးအဆင့်ခြေစွမ်းကို သက်သေပြနိုင်ခဲ့တယ်။ ဗန်ဟားလ်က ကစားသမားတွေကိုလိုက်ပြီး ကစားကွက် အမြဲတမ်းပြောင်းလဲကျင့်သုံးနေခဲ့ပေမယ့် အခုဒီလေးပတ်အတွင်း သူသုံးနေတဲ့ ၄-၃-၃ ကစားကွက်က ကစားသမားတွေကို ပိုပြီးသက်သောင့်သက်သာရှိစေရုံမက အဝင်အထွက်တိုးအားတွေကို ပိုပြီးကောင်းလာစေတယ်" ဟု ဆိုသည်။ **(မေလှဲ့သင်း)**

# ချန်ပီယံလိဂ်ဖလားသုံးလုံးရရှိရန် ပစ်မှတ်ထားနေဟု အလွန်ဆိုပြောကြား

ဇာဗီအလွန်ဆိုသည် လီဗာပူးနှင့်ရီးယဲလ်မက်ဒရစ်အသင်းတို့နှင့် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်စီဆွတ်ခူးနိုင်ခဲ့ရာ ယခုနှစ်တွင်အသင်းသစ်ဘိုင်ယန်နှင့် တတိယမြောက်ဖလားတစ်လုံးထပ်မံဆွတ်ခူးနိုင်ရန် ကြိုးပမ်းသွားမည်ဟုဆိုသည်။ အလွန်ဆိုအနေဖြင့် အန်ဆယ်လော့တီ လက်ထက်တွင် ရီးယဲလ်၌ ပုံမှန်ကစားခွင့်နည်းပါးလာပြီး တိုနီခရူးစ်အား ကွင်းလယ်နေရာအတွက် ထပ်မံဝယ်ယူခဲ့ရာ ရီးယဲလ်ကိုစွန့်ခွာ၍ ဘိုင်ယန်သို့ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

အလွန်ဆိုက" အခုလို ကျွန်တော့်ကစားသမားဘဝကုန်ဆုံးခါနီးအချိန်မှာ တတိယကလပ်အသင်းတစ်သင်းနဲ့ တတိယမြောက်ချန်ပီယံလိဂ်ဖလား ကိုင်မြှောက်ခွင့်ရချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချန်ပီယံလိဂ်က ကစားသမားတွေအားလုံးအတွက် အဓိက ဖလားတစ်လုံးဖြစ်လို့ပါ။ လီဗာပူးကထွက်ခွာမယ်ဆိုတုန်းက ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရသလို ရီးယဲလ်မှာလည်းထိုနည်းတူပါပဲ။ ဒါပေမယ့်အတွေ့အကြုံသစ်တွေနဲ့ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ချင်လို့ ဘိုင်ယန်ကိုရောက်ရှိလာတာဖြစ်ပြီး ဒီကလပ်က တကယ့်ထိပ်တန်းပါပဲ"ဟု ဆိုသည်။

အသက်(၃၃)နှစ်အရွယ်ရှိ အလွန်ဆိုသည် ဘိုင်ယန်နှင့်အတူခြေစွမ်းပြကာ ၎င်း၏အဆင့်အတန်းမြင့် ခြေစွမ်းကိုထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်ကို ပြသနိုင်ခဲ့သည်။ **(မေလှဲ့သင်း)**

# ဝဲလ်ကော့နှင့် အပြောင်းအရွှေ့စာချုပ် လီဗာပူးချုပ်နိုင်ရန်မလွယ်ကူ

အာဆင်နယ်တောင်ပံကစားသမား သီယိုဝဲလ်ကော့အား စာချုပ်သစ်တရားဝင်ချုပ်ဆိုရန် ဆွေးနွေးမှုများကို လာမည့်နှစ်ပတ်အတွင်းဆွေးနွေးသွားမည်ဟု အာဆင်နယ်က ကြေညာခဲ့သည်။ ဝဲလ်ကော့သည် လက်ရှိတွင် အာဆင်နယ်အသင်း၌ တစ်ပတ်လုပ်ခပေါင်ကိုးသောင်းရရှိနေပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်တော့သည်။ အာဆင်နယ်က ဝဲလ်ကော့အားလက်ရှိလစာပမာဏဖြင့်ပင် စာချုပ်သစ်တစ်ရပ်ထပ်မံချုပ်ဆိုလိုနေသော်လည်း ၎င်းက အခြားကွင်းလယ်ကစားသမားများဖြစ်သည့် အိုဇေးလ်၊ ဆန်းချက်ဇ်တို့ကဲ့သို့ တစ်ပတ်လျှင် ပေါင်တစ်သိန်းအထက်ရရှိလိုနေရာ စာချုပ်ကိစ္စမှာ ကြန့်ကြာနေခဲ့သည်။

လီဗာပူးကမူအသင်း၏ အားနည်းနေသောတောင်ပံတိုက်စစ်အတွက် အဆိုပါတောင်ပံတိုက်စစ်မှူးကို ခေါ်ယူလိုနေပြီး ၎င်းလိုချင်သောလစာပမာဏဖြင့်ပင် ပေးချေကာခေါ်ယူချင်နေသည်။ ထို့ကြောင့် လီဗာပူးနှင့် အာဆင်နယ်ကြား ဝဲလ်ကော့၏အပြောင်းအရွှေ့အတွက် ညှိနှိုင်းသွားမည်ဖြစ်သည်။

ပြီးခဲ့သည့် မတ်လအတွင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဝဲလ်ကော့၏စာချုပ်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ စတင်နေပြီဖြစ်ကြောင်းပြောကြားခဲ့သော်လည်း ကစားသမားကိုယ်တိုင်ကမူ ၎င်းအနေဖြင့် စာချုပ်ကိစ္စနှင့်ပတ်သက်၍ တရားဝင်လာရောက်ဆွေးနွေးခဲ့ခြင်းမျိုးမရှိခဲ့ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာကလည်း ယခုနှစ်နွေရာသီတွင် ဘန်လေတိုက်စစ်မှူး ဒန်နီအင်းစ်နှင့် စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီးဖြစ်ရာ ဝဲလ်ကော့ကို ထပ်မံခေါ်ယူနိုင်မည်ဟု ယုံကြည်နေသည်။

ဝဲလ်ကော့ကမူ လီဗာပူးအသင်းသို့ပြောင်းရွှေ့ကစားခြင်းထက် လက်ရှိကစားနေသော အာဆင်နယ်တွင်သာ ဆက်လက်ကစားရန်ဆန္ဒရှိနေပြီး ဒဏ်ရာမှပြန်လည်သက်သာလာပြီးနောက် ပုံမှန်ခြေစွမ်းရရန် ရုန်းကန်နေရသည်။ အာဆင်နယ်ဘက်ကမူ ပထမပွဲထွက်ကစားသမားစာရင်းတွင်မပါဝင်သော ဝဲလ်ကော့အား လက်ရှိလစာပမာဏထက် အလွန်မများသောနှုန်းဖြင့်သာ ကမ်းလှမ်းသွားရန် ဆန္ဒရှိနေသည်။

(ခင်ခင်သက်)



# ဗန်းမောက်မြို့နယ် အရှေ့ကုန်းကျေးရွာ မီးသတ်တပ်ဖွဲ့ရုံးအသစ်ဆောက်လုပ်

**ဗန်းမောက် ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ် မံအင် -မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာတွင် မီးသတ်တပ်ဖွဲ့ရုံးအသစ်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးသတ်တပ်ဖွဲ့ရုံးအဆောက်အအုံကို မတ် ၂ ရက်မှ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆောက်အအုံ ဆောက်လုပ်မှုမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိ ကြောင်းသိရသည်။

ယင်းအဆောက်အအုံမှာ အလျား ၂၇ ပေ၊ အနံ ၁၈ ပေရှိ သွပ်မိုးပျဉ်ကာ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေ ကျပ် ၈၅ သိန်းခန့် ရှိကြောင်းသိရသည်။

ယင်းအဆောက်အအုံဆောက်လုပ်ရာသို့ မံအင်-မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ဖေနှင့် ရာအိမ်မှူး ဦးထွန်းအောင်၊ ဒေသအရန်မီးသတ်တပ်စုမှူး ဦးထွန်းသိန်းဝင်းနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက အချိန်မီပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်။

မံအင်-မင်းကုန်းကျေးရွာအုပ်သည် ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ထောင်စု ၁၅၀၀ ခန့်၊ လူဦးရေ ၁၂၀၀၀ ခန့် နေထိုင်လျက်ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်ရွှေလုပ်ငန်းလုပ်ကိုင်ကြသူများပြားသဖြင့် နွေရာသီမီးဘေးအန္တရာယ်ကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန်အတွက် လိုအပ်လျက် ရှိမီးသတ်ကားတစ်စီးကို အချိန်မီရရှိနိုင်ရေးအတွက် ဒေသခံများမှ လိုလားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသမှာ တစ်ပိုင်တစ်နိုင် ရွှေတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်ကြသူများပြားတဲ့အတွက် ယာယီပုံကျ အဆောက်အအုံတွေကလည်း များပြားပါတယ်။ နွေရာသီမှာ မီးဘေးအန္တရာယ်ကို စိုးရိမ်ရပါတယ်။

မီးလောင်ရာမှာ မီးကို ဆုံးရှုံးမှုမများခင် ငြိမ်းသတ်နိုင်ဖို့ရန်အတွက် မီးသတ်ကားတစ်စီး လိုအပ်နေပါတယ်။

"မီးသတ်ကားရှိရင် ကျွန်တော်တို့ မံအင်-မင်းကုန်းကျေးရွာအုပ်စုအတွက်သာမကပဲ တခြားကျေးရွာအုပ်စုတွေက မီးလောင်မှုတွေကိုလည်း သွားရောက်ပြီး ကူညီငြိမ်းသတ်ပေးနိုင်တာပေါ့။ ကျွန်တော်တို့ ကျေးရွာက ဗန်းမောက်မြို့နဲ့လည်း မိုင် ၃၀ ကျော်၊ ၄၀ ခန့်ကွာဝေးပါတယ်။

ကျေးရွာမီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် မဖြစ်မနေလိုအပ်နေတဲ့ မီးသတ်ကားကရရှိနိုင်ရေး ဒေသခံတွေလိုလားနေကြသလိုပဲ ကျွန်တော်တို့ဒေသအရန်မီးသတ်တပ်ဖွဲ့ကလည်း ကျေးရွာ ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး မီးသတ်ကား အမြန်ဆုံးရရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ဗန်းမောက်မြို့နယ် အရှေ့ကုန်းကျေးရွာမှ မီးသတ်တပ်စုမှူး ဦးထွန်းသိန်းဝင်းက ပြောပြသည်။

**နီတိုး(မော်လူး)**



# ရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေဖြန့်ဝေ

**မြင်းခြံ ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် စံဦးကျေးရွာသည် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောကြောင့် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်းတို့ စီစဉ်ပေးမှုဖြင့် မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများကို ရေသယ်ယာဉ်များဖြင့် သယ်ယူပြီး ဖြန့်ဝေပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် စံဦးကျေးရွာသည် ရေတွင်းများ တူးဖော်သော်လည်း ရေငန်များသာ ထွက်ရှိ၍ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်းသိရပြီး ယင်းသို့သော အခြေအနေကြောင့် ယခုကဲ့သို့ ဖြန့်ဝေပေးကြောင်းသိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသသည် မိုးနည်းရေရှားဒေသရပ်ဝန်းဖြစ်ပြီး နွေရာသီရောက်ရှိလာချိန်တွင် အချို့သော ဒေသများ၌ သောက်သုံးရေရှားပါးမှုနှင့် နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။

ထိုကဲ့သို့ ကြုံတွေ့နေရမှုတို့ကို နိုင်ငံတော်အစိုးရမှ အဝီစိရေတွင်းများတူးဖော်ခြင်း ၊ သောက်သုံးရေ မိုးရေလှောင်ကန်များ ပြန်လည်တူးဖော်ခြင်း၊ ရေသယ်ယာဉ်များဖြင့် ရေများဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ရွာက မိုးရေလှောင်ကန်တွေရှိပေမယ့်လည်း အရင်နှစ်တွေက မိုးရွာသွန်းမှုနည်းပါးပါတယ်။ အခုအချိန်မှာ သောက်သုံးရေပြတ်လပ်မှုတွေ့ကြုံနေရပါတယ်။ သောက်သုံးရေအတွက် တခြားနေရာတွေကို သွားပြီး သယ်ယူရပါတယ်။ ဒီလိုသွားသယ်ရင် အသွားအပြန် တစ်နာရီခွဲလောက်ကြာပါတယ်။ အဲဒီလို သောက်ရေပြတ်လပ်မှုအတွက် ရေရရှိအောင် အခုလိုဆောင်ရွက်ပေးခဲ့လို့ အတွက် ကျေးဇူးတင်ရှိပါတယ်"ဟု စံဦးကျေးရွာမှ ကျေးရွာသားတစ်ဦးကပြောသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# နွားထိုးကြီး မလှိုင်ကတ္တရာလမ်းကြောင့် ကုန်ကားတွေ အဆင်ပြေ

**နွားထိုးကြီး ဧပြီ ၁၅**

နွားထိုးကြီးနှင့် မလှိုင်လမ်း ၂၆ မိုင် အားရာသီမရွေး သွားနိုင်သော ကျောက်ကတ္တရာခင်း ၁၂ ပေလမ်း ခင်းပြီးသွား၍ မိတ္ထီလာ၊ ရန်ကုန်ကို မြင်းခြံ၊ တောင်သာ မြို့နယ်များကို မဖြတ်သန်းရတော့ပဲ အချိန်တို၊ ခရီးတိုဖြင့် နွားထိုးကြီး၊ မလှိုင်လမ်းကဖြတ်လမ်းသဖွယ်ဖြစ်နေသောကြောင့် လမ်းတံတားကြေးနှင့် ဂိတ်ကြေးများ ကုန်ကျစရိတ်မရှိ၍ ကုန်ကားအချို့ပြောင်းလဲပြေးဆွဲနေကြောင်းသိရသည်။

အထူးသဖြင့် ၁၂ ဘီး၊ ၂၂ ဘီး ဘိလပ်မြေကုန်ကား ကြီးများမှာ နွားထိုးကြီး၊ မလှိုင်လမ်းကဖြတ်ပြေးနေ၍ လုပ်ငန်းအဆင်ပြေနေသည်။

နွားထိုးကြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နွားထိုးကြီး၊ မကျီးကန်၊ ဖလံကုန်းရွာထိ ကတ္တရာကျောက်လမ်း ၁ ဒသမ ၃ မိုင်ကို ၈၀ ဒသမ ၄ သန်းဖြင့် လမ်းခင်းနိုင်သကဲ့သို့ မလှိုင်ကျေးလက်ဦးစီးကလည်း နွားထိုးကြီး မလှိုင်နယ်စပ်ထိ ကျောက်ကတ္တရာခင်းနိုင်၍ နွားထိုးကြီးမလှိုင် ကတ္တရာလမ်းအဖြစ် သွားနိုင်ကြောင်း သိရသည်။

**ဋ္ဌေးမြင့်မောင်**

# တံတားဦးမြို့နယ် ချောင်းခွာရွာဝင် တံတားပြင်ဆင်ရန်လို

**တံတားဦး ဧပြီ ၁၅**

တံတားဦးမြို့နယ် ချောင်းခွာရွာအဝင်၊ တင်းတားဆည်မြောင်းဘောင်ဖြတ်ကူးသော ပေ ၃၀ ရှည်ရှိ သစ်သားတံတားမှာ ပျက်စီးနေရာ ဒေသခံများက ပြင်ဆင်ပေးရန် လိုလားနေသည်။

ကင်းတာဆည်ရေမှ ရေပေးမြောင်းဖြစ်ပြီး ဆည်ရေမှာ ချောင်းခွာရွာအနီး ကန်အ-တွင်း စီးဆင်းသော ဆည်ရေပေးမြောင်းဖြစ်ကာ စည်ပင်သာယာရေးဦးစီးဌာနက သစ်သားတံတားအဖြစ် လွန်ခဲ့သော နှစ် ၂၀ ခန့်က တည်ဆောက်ခဲ့သော တံတားဖြစ်သည်။ တံတားမှာ လမ်းခင်းတံတား၊ သစ်သားချောင်းများပျက်စီးနေ၍ သွားလာရေး ခက်ခဲနေသည်။ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စည်ပင်သာယာရေးဦးစီးဌာနသို့ လွှဲ ပြောင်းပေးထားသောချောင်းခွာရွာဝင်တံတားဖြစ်၍ သွားသွားရေးအားကိုးနေရသော တံတားဖြစ်သည်။

**ဋ္ဌေးမြင့်မောင်**

# စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေး ဆွေးနွေး

**ကလေး ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်း ၆၂ ဦးတို့အား စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကိုရည်ရွယ်၍ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးပညာပေးဆွေးနွေးပွဲကို ဧပြီ ၁ ရက်မှ ၄ ရက်အထိ ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးဦးအောင်ကြည်ဝင်းက ပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဝန်ထမ်းများသည် (Third Wave) အရ တာဝန်ရှိသူ၊ တာဝန်သိသူ၊ တာဝန်ယူသူ၊ တာဝန်ခံသူ၊ တာဝန်ကျေသူဖြစ်အောင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရ၏လမ်းညွှန်မှုနှင့်အညီ အထူးကြိုးစားဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် တောင်သူတို့နှင့်ထိတွေ့ပူးပေါင်းပြီး ကွင်းထဲအရောက် ကွင်းဆင်းဆောင်ရွက်သွားကြရန် တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူး၊ ခရိုင်မှတာဝန်ခံ (SMS)များ၊ မြို့နယ်များမှ ဦးစီးမှူးများက ပို့ချပညာပေးခြင်း၊ ဝန်ထမ်းများမှ ပြန်လည်ဆွေးနွေးမေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း၊ အရည်အချင်းစစ်စာမေးပွဲပြုလုပ်ခြင်းများနှင့် အမှတ်အနည်း၊ အများအလိုက် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(Iprd)**

# ရေတာရှည်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်သူများ၏စိုက်ပျိုးသီးနှံများအတွက်အဆင်ပြေ

**ရေတာရှည် ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ဧပြီ ၁၃ ရက် ညနေပိုင်းက လေပြင်းများတိုက်ခတ်၍ မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မိုးရေလိုအပ်သည့် တောင်သူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်းသိရသည်။

ယင်းဒေသတွင် နွေရာသီအပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးသီးနှံခင်းများ ရေလိုအပ်လျက်ရှိကာ ယခုရွာသွန်းသည့် မိုးသည် တောင်သူများအတွက် တန်ဖိုးရှိသောမိုးဖြစ်ကြောင်း တောင်သူများက ပြောပြသည်။

"နွေစပါးတွေက ထွက်ခါနီးနေပြီ။ အခုမိုးကြောင့် အတော့်ကို အဆင်ပြေသွားတာပေါ့ ကြံစိုက်ခင်းသမားတွေလည်း အများကြီးကောင်းတယ်။ စိုက်ခင်းတွေအတွက် ပျက်စီးစရာစိုက်ခင်းတွေမရှိတော့တာ" ဟု တောင်သူတစ်ဦးက ပြောသည်။

လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်နှင့်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း မိုးထစ်ချုန်းမှုကြောင့် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် လမ်းသွားလမ်းလာများရှင်းကာ ရေတာရှည်မြို့ ဗဟိုသင်္ကြန်မဏ္ဍပ်တွင် ဖျော်ဖြေမည့် ယိမ်းအဖွဲ့များ၊ တီးဝိုင်းအဖွဲ့များဖျော်ဖြေတက်ဆက်နိုင်ခြင်းမရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဗန်းမောက်မြို့နယ် အရှေ့ကုန်းကျေးရွာတွင် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကျင်းပ

**ဗန်းမောက် ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင် -မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဆင်းပွဲကို ဧပြီ ၁၂ ရက်နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို အရှေ့ကုန်းကျေးရွာ သာသနာ့ရက္ခိတကျောင်းတိုက် ဦးစီးနာယကဆရာတော်ဘဒ္ဒန္တကုန္ဒောဘာသက ကြီးမှူးဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းနွေရာသီသင်တန်းတွင် ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တ ကောဝိသတို့မှ နည်းပြဆရာတော်များအဖြစ်ဆောင်ရွက်ကာ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် တက်ရောက်လာကြသည့် သင်တန်းသူ၊ သင်တန်းသား ၁၅၀နှင့် ယင်းတို့၏ မိဘများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ မံအင်-မင်းကုန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ဖေ၊ ရာအိမ်မှူး ဦးထွန်းအောင်နှင့် အလှူရှင်များမှ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက်အဆိုပါ သင်တန်းနည်းပြဆရာတော် ဘဒ္ဒန္တဝိလာသမှ နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မိန့်မှာစကားဟောကြားခဲ့သည်။

ယင်းနောက် သင်တန်းအောင်လက်မှတ်နှင့် ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများကို ဆုများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနွေရာသီသင်တန်းကို မတ်၁၅ ရက်မှစတင်သင်ကြားပို့ချခဲ့ပြီး ဧပြီ ၁၁ရက်တွင် သင်တန်းပြီးဆုံးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဝ၅၈**

ဆောင်းပါး



# ရွေးချယ်မှုအပေါ်မူတည်လျက်

**à သရက်တန်းစိုးရွှေ(စိတ်ပညာ)**

နှစ်သစ်ကူးသောသင်္ကြန်ကာလကို နည်းအမျိုးမျိုးဖြင့် ဖြတ်သန်းနေတတ်ကြပေသည်။ မြို့ပြဒေသသို့ လည်ပတ်သည့် သူများသည်လည်း ရေစိုခံဂျင်းဘောင်း၊ ဂျင်းအင်္ကျီ ကိုယ်စီဖြင့် သင်္ကြန်ကားဖြင့်လည်ပတ်တတ်ကြပေသည်။ ရေစိုခံရန်အတွက် မိတ်ကပ်လိမ်းခြယ်ခြင်းမှအစ သင်္ကြန်ရသကို ခံစားတတ်ကြပေသည်။

ရုပ်ပြောင်ဟုဆိုသောဟာသပုံနှင့် သရုပ်ပျက်ဆံကေသာတို့မှာ ပုံစံစုံနေပေသည်။ သရုပ်ပျက်အဝတ်အစားများ ဝတ်ဆင်မှုကိုလည်းများစွာတွေ့နေရပေသည်။ လွန်ကဲစွာမူးခြင်းများနှင့်အတူ လူစုစုတွင်ခိုက်ရန်ဖြစ်မှုသွေးသံရဲမှုတို့လည်း နေရာအနှံ့တွေ့နေရပေသည်။ အချက်ပေးသံတို့နှင့် လူမှုကူညီရေးကားတို့ကိုနေရာအနှံ့တွေ့နေရပေသည်။ ကားတိုင်းတွင် ကြိုတင်ယူလာသော တုတ်၊ ဓားတို့ကိုယ်စီ ဝှက်ထားကာ သွေးဆူသွေးပူနေတတ်ကြပေသည်။

မူးလိုက် အေးလိုက်သောက်လိုက်ဖြင့် အရက်မျိုးစုံနှင့်အအေးဒဏ်ကြား ပျော်ပါးနေကြသူတို့ များလွန်းလှပေသည်။ ပင်ပန်းခြင်းများ ခဏမေ့ကာမူးမူးနှင့်ပျော်၊ မူးမူးနှင့်ရိုက်နှက်ကာ သွေးသံရဲရဲများမကြာခဏတွေ့နေရပေသည်။ စင်ပေါ်မှ ခေတ်တေးသွားနှင့်အညီ ကြမ်းကြမ်းရမ်းရမ်းကခုန်နေသောမြင်ကွင်းသည်ပင် ပျော်ပါးခြင်းဆိုသောအဓိပ္ပာယ်ကို သရုပ်ဖော်နေပေသည်။

ပျော်ပြီးရင် ပါးသွားခြင်းအဓိပ္ပာယ်ဖြစ်ပေသည်။ တစ်ရက်လည်လိုက်တိုင်း ငွေကုန်လူပန်းကာ မူးရမ်းမှုအကြား ကျင်လည်သွားနေတတ်ပေသည်။ ရေပိုက်နှင့် ပက်သူများသည်ပင် အတာရေအေးချမ်းစွာပတ်ဖျန်းခြင်းအစား အမြင်ကပ်သူကို ပိုက်နှင့်နာနာထိုးခြင်း၊ ဝတ်ဆင်ထားသောအဝတ်အစား လှန်စေရန်ပြုခြင်းဆိုသောမကောင်းသောစိတ်ဖြင့်ပင် ပြုလုပ်လာသည့်အတွက်မူရင်းသင်္ကြန်ရသတို့ အကျည်းတန်သွားသလိုဖြစ်သွားနေမြဲပင်ဖြစ်သည်။

အခြားတစ်ဖက်တွင် မူသင်္ကြန်ရသသည် အေးချမ်းခြင်းတို့နှင့်ပြည့်စုံနေပေသည်။ ဒုလ္လဘရဟန်းခံသူ ဥပုသ် သီတင်းသီလစောင့်တည်သူ၊ စတုဒိသာကုသိုလ်ပြုသူတို့နှင့် အေးချမ်းလှပေသည်။ ဝတ်စားဆင်ယင်မှုအပိုင်းယဉ်ကျေးစွာ ဝတ်ဆင်သလိုပင် မိန်းကလေးများမှာပခုံးထက်တွင် တပတ်ကလေးများပင်တင် လာပေသည်။ ဘုန်းတော်ကြီးကျောင်းအဝင်မှ ဥပုသ်သီတင်းသီလ စောင့်တည်သူများကို စောင့်ကြိုကာ လက်ဖက်ကမ်းခြင်း၊ ချိုချဉ်ကမ်းခြင်းများပြုလုပ်လေ့ရှိသည်။ အချင်းချင်းလေးစားကာ ကုသိုလ်တရားနှင့်လွှမ်းခြုံထားသည့်အတွက် လူတိုင်း၏ မျက်နှာမှာ တည်ငြိမ်အေးချမ်းလျက်ရှိနေပေသည်။

ကိုယ်တတ်နိုင်သည့် အချိုရည်၊ မုန့်မျိုးစုံကို ဥပုသ်သည်များကို ညှော်ခံ ကျွေးမွေးရင်း ကုသိုလ်ယူကြပေသည်။ အချို့မှာ တစ်နှစ်ပတ်လုံးစုထားသော ဓမ္မစာအုပ်များကိုပင် ကုသိုလ်ပြုဝေပေးနေသည်မှာ ဆန်းလှသောအတွေးကလေးဟုပင် ယူဆရင်းကြည်နူး လိုက်မိပေသည်။ ဥပုသ်သည်များနှင့် ဘုန်းတော်ကြီးကျောင်းလာသူများကို စတုဒိသာ ထမင်းကျွေးရေးကြိုတင်စာရင်းပေးကာ ကုသိုလ်ပြုကြပေသည်။လေးစားခြင်းများ အေးချမ်းခြင်းများ၊ တည်ငြိမ်ခြင်းများဖြင့် ကုသိုလ်ပြုသူအလီလီဖြင့် ကုန်ကျမှုနည်းကာ ကြည်နူးနေကြရပေသည်။ နေ့ခင်းပိုင်းရောက်သည်နှင့် ဖျော်ရည်များ ဖျော်ကာအိမ်တိုင်းစေ့သွားကာ ဥပုသ်ရသူများကို ကုသိုလ်ပြုခြင်းကို အုပ်စုလိုက် လုပ်ကိုင် ဆောင်ရွက်လျက်ရှိပေသည်။ တစ်အိမ်သွားတိုင်း ဆုပေးသံညံသလို ကုသိုလ်ပြုသူတို့သည်လည်း ပျော်ရွှင်ကြည်နူးနေရပေသည်။ ထိုပုံရိပ်သည်ကား ကျေးလက်အညာဒေသသင်္ကြန်နှင့် မြို့ပြသင်္ကြန်တို့၏ ခြားနားသောပုံရိပ်များပင် ဖြစ်ပေသည်။

ရွေးချယ်မှုအတိုင်းသာ ခံစားရပေသည်။ မြို့ပြတွင် ပျော်ပါးသည်။ မူးရူးသည်။ ကခုန်သည်။ ပင်ပန်းသည်။ ငွေကုန်သည်။ ခိုက်ရန်ဖြစ်သည်။ လူမှုကူညီရေးကားတို့ဖြင့် ပြည့်နှက်နေသည်။ အော်ကြသည်။ အသံနာကာ အသံမထွက်တော့ချေ။ သင်္ကြန်ပြီး နိဂုံးတွင် ကားပျက်စီးခြင်း၊ လူသေဆုံးခြင်း၊ ဒဏ်ရာရစာရင်းနှင့် အတူကျိုးပဲ့သေကျေကာ ဘဝဆုံးပါးသူတို့ စာရင်းများထွက်လာပြီး စိတ်မကောင်းခြင်းများစွာ နောက်တများစွာဖြင့် ခံစားရသောကာလတို့ကြုံတွေ့သည်လည်း ရှိသွားကြပေသည်။

အခြားတစ်ဖက်တွင်မူ အေးချမ်းသည်။ တည်ငြိမ်သည်။ ကောင်းမှုတွင်ပျော်မွေ့သည်။ လူလေးစားသည်။ ဆုပေးသံတွေညံနေသည်။ သရုပ်ပျက်အဝတ်အစား မတွေ့ရပေ။ ငွေကုန်မှုနည်းသည်။ ကျွေးမွေးချင်သူများသည်။ မေတ္တာသံတို့ သင်းနေသည်။ မေတ္တာရနံ့လှိုင်နေသည်။ ထိခိုက်မှုဟူသည်မရှိ။ တရားသံအမျှဝေသံတို့နှင့် ပြည့်နှက်ကာနှစ်သစ်ကို စိတ်သစ်လူသစ် ကောင်းမှုအသစ်တို့ဖြင့် ကြိုဆိုနေပေသည်။ နိဂုံးချုပ်သင်္ကြန်သည် ကောင်းမှုတို့နှင့် ပြည့်လျှံကာ နှစ်သစ်ကို ကောင်းမှုအသစ်တို့ဖြင့် ကြိုဆိုရင် မင်္ဂလာနှစ်သစ်မင်္ဂလာသင်္ကြန်အဖြစ် ဖြတ်သန်းသွားနိုင်ခဲ့ပေသည်။ ကိုယ်စိုက်သောအပင်၏ အသီးကို ကိုယ်သာရိတ်သိမ်းရ ပေသည်။ ကိုယ်လုပ်သော လုပ်ရပ်အတိုင်း ကိုယ့်ထံအကျိုးပေးတို့ရောက်လာတတ်ပေသည်။ ကောင်းတာလုပ်သမျှ ကောင်းတာဖြစ်ပြီး မကောင်းတာလုပ်သမျှ မကောင်းတာဖြစ်တတ်သောလောက အမှတ်တရားအကြား ကိုယ်တိုင်၏ရွေးချယ်မှုအတိုင်းသာ မူတည်တတ်သည်မို့ သင်္ကြန်တွင်းတွင် သတိတစ်ခု အသိတစ်ခုပေးလိုသည်က ရွေးချယ်မှုအပေါ် မူတည်ပါသည်ဟူ၍သာလျှင်ဖြစ်ပေသည်။

**ရွေးချယ်မှုအတိုင်းသာ ခံစားရပေသည်။ မြို့ပြတွင် ပျော်ပါးသည်။ မူးရူးသည်။ ကခုန်သည်။ ပင်ပန်းသည်. . .**

## ကျုံပျော်မြို့နယ်၏ မြန်မာ့ရိုးရာအတာ သင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ကျုံပျော် ဧပြီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၏ မြန်မာ့ရိုးရာအတာသကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ရှိ သင်္ကြန်မဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်္ကြန်ယိမ်းအဖွဲ့များ၊ သကြန်ချစ်သူ ပြည်သူများ လာရောက်ကြပြီး၊ မင်္ဂလာအချိန်တွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲ ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးခင်မောင်စိုးတို့က သင်္ကြန်မဏ္ဍပ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက်ဖွင့်ပွဲ အခမ်းအနားသို့ လာရောက်ကြသော ပရိတ်သတ်များအား သင်္ကြန်ရေဖြင့် ပက်ဖျန်းကစားကြသည်။

ထို့ပြင်ယိမ်းအဖွဲ့များမှ ကပြဖျော်ဖြေခြင်း နှင့် ခေတ်ပေါ် စတိတ်ရှိုးအဖွဲ့မှ တေးသံသာများဖြင့် ဖျော်ဖြေခြင်းများဖြင့် တင်ဆက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




## စတုတ္ထအကြိမ်မြောက် မော်လူး ESE သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကျင်းပ

**မော်လူး ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး ESE သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ည ၇ နာရီက မော်လူး လျှပ်စစ်ရုံးဝင်း အရှေ့ ပြည်သူ့အားကစားကွင်းအနီး ESE သင်္ကြန်မဏ္ဍပ်တွင် စတုတ္ထအကြိမ်မြောက် အတာရေသဘင်မဏ္ဍပ်ဖွင့်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ အမှတ် (၁၈) ခြေလျင်တပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းအောင်၊ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက်မော်လူးဒေသမှ လုပ်ဖို့ဖြူယိမ်းသမအဖွဲ့က မြန်န္တာသီချင်းဖြင့် စတင်ဖျော်ဖြေတင်ဆက်ခဲ့ပြီး တက်ရောက်လာကြသူများကို မော်လူး ESE အဖွဲ့မှ မုန့်ဟင်းခါး အာဟာရဒါနများဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း သိရသည်။ **ဝ၅၈**

## သထုံမြို့နယ်မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန် ပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ

**သထုံ ဧပြီ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ ညနေ ၅ နာရီခွဲက ဗဟိုရေကစားမဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့သည်။

ရှေးဦးစွာ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်တို့က သထုံမြို့နယ်၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အတာသင်္ကြန်နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားကာ ကြွရောက်လာသူများအား အောင်သပြေခက်ဖြင့် ရေစင်ပက်ဖျန်းပေးခဲ့သည်။

ယင်းနောက် မွန်၊ ကရင်၊ ပအိုဝ့်၊ ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့များ၊ သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာ ကိုယ်စားပြုပြိုင်ပွဲဝင်ယိမ်းအဖွဲ့များတို့က မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် စုပေါင်းဖျော်ဖြေခဲ့ကြသည်။

သထုံမြို့နယ်တွင် နှစ်စဉ် မဟာသင်္ကြန် ပွဲတော်အား စည်ကားစွာ ဆင်နွှဲလျက်ရှိရာ ယခုနှစ်တွင် ဗဟိုရေကစားမဏ္ဍပ်နှင့်အတူ အခြားရေကစားမဏ္ဍပ်ငယ်များတွင် ပြည်သူများပျော်ရွှင်အေးချမ်းစွာဖြင့် ရေကစားခဲ့ကြပြီး မြို့တွင်းနေရာအနှံ့တွင် လည်း စတုဒိသာများ လှူဒါန်းကြသူများဖြင့်စည်ကားလျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## တိုင်တရာကျေးရွာတွင်လေပြင်းတိုက်ခတ်

**အင်္ဂပူ ဧပြီ ၁၅**

အင်္ဂပူမြို့နယ်ရဲတပ်ဖွဲ့ မဲဇလီကုန်းနယ်မြေရဲစခန်းပိုင် နယ်မြေအတွင်းရှိ ကျွဲဇင်းကျေးရွာအုပ်စု တိုင်တရာကျေးရွာတွင် ဧပြီ ၁၂ ရက်၊ ညနေ ၅ နာရီခွဲမှ ညနေ ၅နာရီ မိနစ် ၄၀ ထိ ၁၀ မိနစ်ခန့်က လေပြင်းများတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့်တိုင်တရာကျေးရွာအတွင်းရှိ လူနေအိမ် ၁၆ လုံး အမိုးလန် ပြိုကျပျက်စီးခဲ့၍ ယင်းနေရာသို့ မဲဇလီကုန်းနယ်မြေရဲစခန်းမှူးရဲအုပ် ရဲကျော်ထူးဦးဆောင်သော တပ်ဖွဲ့ဝင် ၁၆ ဦးမှ လိုအပ်သည်များ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်ဆက်)**

## မြစ်ကြီးနားမြို့နယ်၌ စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၏ ပထမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီက လယ်ကုန်းရပ်ကွက်ရှိ ပေါ်ဦးတောရကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုလ္လဘရဟန်း ၃၈ ပါးနှင့် ရှင်သာမဏေ ခုနစ်ပါးတို့အား သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှောက် ပူဇော်ခဲ့ကြ-သည်။

အခမ်းအနားသို့ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းယု အမှတ်(၃၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သန့်ဇင်အောင်နှင့်ဇနီး တပ်တွင်းမိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ပန်းမြတ်မွန်တို့ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာသို့ ဖိတ်ကြားထားသူများ၊ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၄၉၉)**

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

a'|ufwmarmif;tmif

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။ ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

အာဆီယံကို အဓိက မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် အာဆီယံလုံခြုံရေး အသိုက်အဝန်း (ASEAN Security community)၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN economic community)နှင့် အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အဝန်း (ASEAN socio-cultural community) တို့ကို ထူထောင်တော့မည်ဖြစ်သည်။ အာဆီယံဒေသကြီးတစ်ခုလုံးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မည့် AEC အနေဖြင့် ကမ္ဘာလုံးနှင့် စီးပွားရေးပေါင်းစည်းရာတွင် စွမ်းဆောင်ရည်ပြည့်ဝပြီး ယှဉ်ပြိုင်နိုင်မှု စွမ်းအားမြင့်မားသည့်အပြင် အာဆီယံကိုလည်း ကမ္ဘာ့ထုတ်လုပ်မှုလုပ်ငန်းများ (သို့မဟုတ်) ကမ္ဘာ့ထုတ်လုပ် မှုလမ်းကြောင်းနှင့် ပိုမိုပေါင်းစည်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ဆွဲဆောင်မှုအပြည့်အဝရှိစေမည့် ဒေသကြီးဖြစ်သည့်အတွက် AEC သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းနှင့် ထဲထဲဝင်ဝင်ပေါင်းစည်းနိုင်ရေးအထိရောက်ဆုံး နည်းလမ်းတစ်ရပ်ဖြစ်သည်။ AEC အကောင်အထည်ဖော်ရာတွင် အခြေခံဥပဒေစည်းမျဉ်းစည်းကမ်းများကို အဓိကထားပြီး အာဆီယံနိုင်ငံများအတွင်း သဘောတူညီမှုရှိစေရန်အတွက် ဘုံစံချိန်စံညွှန်းများကို ကျင့်သုံးမည့်အပြင် အရေးကြီးသည့် နယ်ပယ်များဖြစ်သည့် ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံ တစ်ခုတည်းဖြစ်ပေါ်ရေး၊ သာတူညီမျှကိုဖော်ဆောင်မည့် ပြိုင်ဆိုင်မှုဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အဆင့်နည်းပညာထွန်းကားရေးကိုအားပေးမည့် ဉာဏဆိုင်ရာပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးရေးစံများ၊ အကျင့်ပျက်ခြစားမှု၊ အာဆီယံဘုံ သတ်မှတ်ချက်များ၊ SME ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အာဆီယံပြတင်းတစ်ပေါက်စနစ် (Asean Single Window System) စသည့်ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို အာဆီယံအစိုးရများက တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်။ ပို၍အရေးကြီးသည်မှာ AEC ကို လက်တွေ့အကောင်အထည်ဖော်မည့်သူများမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံသားများအနေဖြင့် အဓိကနယ်ပယ်ကြီးငါးရပ်ဖြစ်သည့် ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ အာဆီယံပြတင်းတစ်ပေါက်စနစ်ထွန်းကားရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် ကျွမ်းကျင်လုပ်သား (Skill labour) တို့တွင် စွမ်းဆောင်ရည်ပြည့်ပါဝင်နိုင်မှသာ AEC မှတစ်ဆင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်မှုအခြေခံလုပ်သားများ၊ အဆင့်မြင့်တက်ကျွမ်းသူများ၊ ပညာရှင်များအနေဖြင့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (global supply chain)နှင့်ပေါင်းစည်းနိုင်မည်ဖြစ်သည်။

ယခုအခါ အာဆီယံသည် ဒေသဆိုင်ရာအဖွဲ့အစည်းများအနက် စားသုံးသူအများဆုံးဖြင့် ဖွဲ့စည်းထားသောကြောင့် အင်အားကြီးမားသလို ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများအသီးသီးနှင့်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် လည်းကောင်း၊ G-20 နှင့်လည်းကောင်း၊ စီးပွားရေး၊ ဒေသတွင်းတည်ငြိမ်ရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုဖောက်ပြန်မှုဝိုင်းဝန်းဖြေရှင်းရေးစသည်တို့ ထိရောက်စွာညှိနှိုင်းဆွေးနွေးနိုင်ပြီး အထူးသဖြင့် အာဆီယံဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ တစ်ကမ္ဘာလုံးနှင့် တိုးမြှင့်ပေါင်းစည်းရေးလုပ်ဆောင်နိုင်မှုကြောင့် အာဆီယံသည် GSC နှင့်ပိုမိုပေါင်းစည်းရေးအရှိန်အဟုန်ပိုမိုမြှင့်တင်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပထမဆုံးအာဆီယံဥက္ကဋ္ဌအနေဖြင့် အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းမှာလည်း နိုင်ငံ၏ ဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်သည့်အပြင် ကမ္ဘာ့အကြီးအကဲများ၏ အသိအမှတ်ပြုမှုကြောင့် အာဆီယံအနေဖြင့် သာမက မြန်မာနိုင်ငံအတွက်ပါ GSC နှင့်ပေါင်းစည်းရေး အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**Global Supply Chain သို့ပိုမိုဝင်ရောက်နိုင်ရေးအတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုပေါ်လစီနှင့်ပတ်ဝန်းကျင်ကောင်း**

Global Supply chain ပိုမိုဝင်ရောက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတကာကုမ္ပဏီကြီးများ၊ လုပ်ငန်းကြီးများ၊ global supply chain နှင့်ဆက်စပ်မည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ပိုမိုဝင်ရောက် ရင်းနှီးမြှုပ်နှံရေးဖြစ်သည်။ global supply chain သို့ဝင်ရောက်ရန် ရည်မှန်းထားသည့် နိုင်ငံတိုင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေအနေဖြင့် ဆွဲဆောင်မှုရှိရမည့်အပြင် လက်တွေ့လုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေး အလေးထားရမည်ဖြစ်သည်။ global supply chain သို့ ပိုမိုဝင်ရောက်နိုင်ရေးအတွက် အရေးအကြီးဆုံးဖြစ်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအနေဖြင့် ပြည်တွင်းလုပ်ငန်းများကို အကာအကွယ်ပေးမှုများ (perventive measures)ပိုမိုလေ global supply chain ဝင်ရောက်နိုင်မှု နည်းပါးလေဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားဖြစ်စေသည်။

နိုင်ငံတကာလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများဖိတ်ခေါ်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ အဓိကကျင့်သုံးသည့် နည်းလမ်းမှာ ဆွဲဆောင်မှုများပေးသည် FDI ရင်းနှီးမြှုပ်နှံမှုဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်း၊ တစ်နည်းအားဖြင့် ဆွဲဆောင်မှုပေးသည့် နည်းလမ်း(incentive method)ဖြစ်သည်။ ဆွဲဆောင်မှုပေးရာတွင် အခွန်အကောက်ကင်းလွတ်သည့်ကာလ (tax holiday)အားဖြင့်လည်းကောင်း၊ လုပ်ငန်းကန့်သတ်မှုလျှော့ချခြင်းဖြင့်လည်းကောင်း၊ အဖွဲ့အစည်းနှင့် အဆောက်အအုံ ဆိုင်ရာ ဆွဲဆောင်မှုများဖြစ်သည့် အထူးစီးပွားရေးဇုန် (special economic zone(SEZ))၊ ပို့ကုန်မြှင့်တင်ရေး ဇုန်(export processing zone(EPZ))များဖြင့် ဆွဲဆောင်မှုများပေးနိုင်သည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဆွဲဆောင်မှုပေးသည့် နည်းလမ်းအနေဖြင့် အခွန်အကောက်ကင်းလွတ်မှု(tax exception)ကိုသာ အဓိကထားလေ့ရှိသည်။

## နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာလုပ်ငန်းကြီးများ လာရောက်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက်. . . .

နောက်နည်းလမ်းတစ်ခုမှာ incentive အရပေးခြင်းမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာလုပ်ငန်းကြီးများ လာရောက်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် အဘက်ဘက်မှ မိမိဘာသာတည်ဆောက်ထားမှု နည်းလမ်း၊ တစ်နည်းအားဖြင့် အလှအပတည်ဆောက်ထားမှုနည်းလမ်း (beauty context)ဟုခေါ်ပြီး အခြေခံလိုအပ်ချက်များဖြစ်သော လုပ်သာကိုင်သာရှိသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိသလို ရုပ်ဝတ္ထုဆိုင်ရာ အဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆိပ်ကမ်း၊ လေဆိပ်များ၊ လျှပ်စစ်၊ ဆက်သွယ်ရေး စသည်တို့ကိုပါ အဆင်သင့်ဖြစ်စေရန် ကြိုတင်စီမံထားခြင်းပင်ဖြစ်သည်။ အမှန်တကယ်မှ FDI လုပ်ငန်းကြီးများအနေဖြင့်လည်း ဆွဲဆောင်မှုနည်းလမ်းအရဖြစ်သည့် ဆွဲဆောင်မှုများထက်(beauty context) အရ ရှိသင့်ရှိထိုက်သည့် အလှအပတရားများကိုပါ ပိုမိုအလေးထားလာသလို လက်ရှိနိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် လွယ်ကူချောမွေ့မှုမည်မျှရှိသည်ကို တိုင်းတာသည့် လုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေချောမွေ့မှု(ease of doing business)၊ စီးပွားရေးလွတ်လပ်မှုညွှန်ကိန်း(economic freedom index)၊ နိုင်ငံတကာယှဉ်ပြိုင်နိုင်မှုညွှန်ကိန်း (international competitiveness index)၊ အဂတိဖြစ်နိုင်ခြေညွှန်ကိန်း(corruption perception index)စသည်တို့သည်လည်း တိုင်းပြည်၏ ရှိပြီးသား ရုပ်ဝတ္ထုဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုနှင့်အတူ softinfrastructure ဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ တိုင်းပြည်အဆင့်စီးပွားရေးအခြေအနေများအားလုံး အကျုံးဝင်ကြောင်းတွေ့ရသည်။ ယခုအခါ FDI လုပ်ငန်းများအနေဖြင့် ဆွဲဆောင်မှုနည်းလမ်း(incentive method)ထက် အလှအပတည်ဆောက်ထားမှုနည်းလမ်း (beauty context)ကိုလည်း အလေးထားလာကြပြီဖြစ်သည်။ အထူးသတိပြုရမည့်အချက်မှာ သင့်တော်သည့် ရုပ်ဝတ္ထုဆိုင်ရာ အခြေခံအဆောက်အအုံများသာ မဖွံ့ဖြိုးလျှင် ကုန်ကျမည့်စရိတ်က အခွန်သက်သာမှုနှင့် လုပ်ခဈေးချိုမှုတို့ကို ချေဖျက်နိုင်သည့်အတွက်မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်မည့် FDI လုပ်ငန်းကြီး များကို ဟန့်ထားရာကျနိုင်ပေမည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ (FDI)အနေဖြင့်လည်း နှိုင်းယှဉ်အခွင့်အရေးသာသည့် ကမ္ဘာ့အရပ်ရပ်သို့ ပြောင်းရွှေ့ရင်းနှီးထုတ်လုပ်မှုများပြုလုပ်ရာတွင် ယေဘုယျအားဖြင့် သဘာဝသယံဇာတထုတ်ယူသည့် FDI (resource oriented FDI) နှင့် ပြည်တွင်းနှင့်ပြည်ပဈေးကွက်ကို ဦးတည်သည့် FDI (market oriented FDI) ဟူ၍ နှစ်မျိုးရှိသည်။ ပထမအမျိုးအစားမှာ သဘာဝသယံဇာတကို ထုတ်ယူမှုအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး အဆိုပါ FDI သည် ဆပွားအကျိုးသက်ရောက်မှု (multiplier effect) မရှိသလို နည်းပညာလွှဲပြောင်းပေးမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် (value added product) ပိုမိုထုတ်လုပ်ခြင်းစသည့် လက္ခဏာများ မရှိသောကြောင့် (resource oriented FDI) သည် global supply chain နှင့် ချိတ်ဆက်မှု မရှိပေ။ နိုင်ငံအနေဖြင့်လည်း ထုတ်ကုန်ဝေစုသဘောတူညီချက် (product sharing contract) အရ အချိုးအစားတစ်ခုကိုသာ ရမည်ဖြစ်ပြီး နိုင်ငံအနေဖြင့် သဘာဝသယံဇာတအပေါ် မှီခိုလွန်းပါကလည်း ဒတ်ချ်ရောဂါ (Dutch disease) ဟုခေါ်သည့် သယံဇာတကျိန်စာ (resource curse)သင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ပို၍ တားဆီးနိုင်ကြောင်း သတိပြုရမည်ဖြစ်သည်။

## နိုင်ငံရေးအခြေအနေတည်ငြိမ်မှု၊ တိုင်းပြည်အဆင့်စီးပွားရေးအခြေအနေတည်ငြိမ်. . .

Global supply chain သို့ ပိုမိုဝင်ရောက်ရေး အထူးအားပေးသည့်အချက်မှာ ဈေးကွက်ကို ဦးတည်သည့် FDI (market oriented FDI) များ ပိုမိုဝင်ရောက်လာမှသာ Global supply chain နှင့် ပိုမိုပေါင်းစပ်နိုင်မည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အချိန်တိုအတွင်း မြှင့်တင်လာနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရသည့် အဓိကအကြောင်းရင်းများဖြစ်သော တန်ဖိုးနိမ့်မူလထုတ်ကုန်များကိုသာ အားကိုးနေရခြင်း၊ စက်မှုမထွန်းကားခြင်း၊ ဝန်ဆောင်မှုပို့ကုန်အားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ နည်းပညာအသစ်ရယူနိုင်မှုမရှိခြင်း၊ အရင်းအနှီးနည်းပါးခြင်း စသည်တို့ဖြစ်သည်။ အဆိုပါ အခက်အခဲများနှင့် ကျော်လွှားဖြေရှင်းနိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ FDI များဖြစ်သည့် နိုင်ငံတကာ လုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများ ပိုမိုဖိတ်ခေါ်ပြီး ဈေးကွက်ကို ဦးတည်သည့် ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်မှသာ မြန်မာနိုင်ငံအနေဖြင့် GSC သို့ ပိုမိုဝင်ရောက်လာမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် တန်ဖိုးမြှင့်ထုတ်ကုန်နှင့်ပို့ကုန်များ ဆင့်တင်ပြုပြင်လုပ်ငန်းများနှင့် လုပ်အားစူးစိုက်သုံးစက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ အဆိုပါ FDI လုပ်ငန်းကြီးများနှင့် မြန်မာ့ SMEs များ ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် အရင်းအနှီး၊ အဆင့်မြင့်နည်းပညာ၊ စီမံအုပ်ချုပ်မှုမှအစ ပြည်ပဈေးကွက်ပိုမိုရရှိမှုတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ၊ ဝန်ဆောင်မှုပို့ကုန်များ၊ တန်ဖိုးမြှင့်ပို့ကုန်များ၊ ဈေးကွက်သစ်များ ပိုမိုထိုး ဖောက်နိုင်မှုစသည့်ကောင်းကျိုးများကြောင့် အချိန်တိုတွင်းသိသာ သည့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်မည်ဖြစ်သည်။ စီးပွားရေးကဏ္ဍများအနက် စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုး မှုသည် ဘောဂဗေဒ သဘောတရားအရကြည့်လျှင် နောက်သို့အကျိုးကွင်းဆက်များ backward linkages နှင့် ရှေ့သို့ အကျိုးကွင်းဆက်များ forward linkages အကြီးမားဆုံးဖြစ်၍ စက်မှုလုပ်ငန်းများ ထူထောင်မှုသည် လူမှုစီးပွားရေးအကျိုးကျေးဇူး (socio-economic impact) အများဆုံးဖြစ်သည်။ ထို့အတွက် မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပို့ကုန်ဦးစားပေးလုပ်အားစူး စိုက်သုံး စက်မှုလုပ်ငန်းများ ထူထောင်ခြင်းဖြင့် GSCသို့ပိုမိုပေါင်းစည်းနိုင်ရေးကို နည်းလမ်းပေါင်းစုံဖြင့် အထူးကြိုးစားနေကြခြင်းဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်း** (conducive investment environment)

FDI လုပ်ငန်းကြီးများအတွက် လက်တွေ့ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရေး အထူးအလေးထားသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းသို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးကျွမ်းဝင်လွယ်ကူမြန်ဆန်စေသည့် ပတ်ဝန်းကျင် (investor friendly environment) ဖော်ဆောင်ရေးပင်ဖြစ်သည်။ FDI လုပ်ငန်းကြီးများအတွက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းရှိ/မရှိ သုံးသပ်ရာတွင် အဓိကထားသည့် စံသတ်မှတ်ချက်များအနေဖြင့် တည်ငြိမ်မှု (Stability)၊ လုံခြုံစိတ်ချမှု (Security)၊ ဥပဒေစိုးမိုးမှု (ruel of law)၊ တွက်ချက်ခန့်မှန်းနိုင်မှု (accountability) တို့ဖြင့် တိုင်းတာလေ့ရှိသည်။ တည်ငြိမ်မှု (stability) ဟု ဆိုရာတွင် နိုင်ငံရေးအခြေအနေတည်ငြိမ်မှု၊ တိုင်းပြည် အဆင့်စီးပွားရေးအခြေအနေတည်ငြိမ်မှု၊ ဒေသအတွင်း ပဋိပက္ခများ၊ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်မှု၊ ဆူပူအုံကြွမှုများ ဖြစ်ပေါ်မှုစသည်တို့ဖြင့် အကဲဖြတ်လေ့ရှိသည်။ လုံခြုံစိတ်ချမှု (security) အရကြည့်လျှင် FDI ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေအကြောင်းအရ လည်းကောင်း၊ လက်တွေ့ရုပ်ဝတ္ထုဆိုင်ရာ အရလည်းကောင်း အကာအကွယ်ပေးမှုများ၊ ဒေသခံတို့၏ သဘောထားခံယူချက်၊ ဉာဏဆိုင်ရာ မူပိုင်ခွင့်အကာအကွယ်ပေးမှုများ၊ တရားမဝင်ကုန်သွယ်ရေးထိန်းချုပ်မှု အခြေအနေစသည်တို့နှင့် သက်ဆိုင်သည်။ တရားဥပဒေစိုးမိုးမှု (rule of law) ဟုဆိုရာတွင် FDI ဥပဒေ၊ SEZ ဥပဒေများ လုပ်ထုံးလုပ်နည်းများအနေဖြင့် ဆွဲဆောင်မှုရှိရမည့်အပြင် ထိရောက်သည့်ဥပဒေကြောင်းအရ အရေးယူမှုများနှင့် အကာအကွယ်ပေးမှုများရှိဖို့ လိုပါသည်။

တွက်ချက်ခန့်မှန်းနိုင်မှု (accountability) သည် ကာလလတ်နှင့်ကာလရှည်အတွက် ရင်းနှီးမြှုပ်နှံမှုများမှ မည်မျှ အကျိုးအမြတ်ရရှိနိုင်သည်ကို တွက်ချက်နိုင်မှုပင်ဖြစ်သည်။ ၎င်းအချက်သည် တည်ရှိနေသည့်ရုပ်ဝတ္ထုဆိုင်ရာ အခြေခံအဆောက်အအုံများ (physical hard infrastructure) ဖွံ့ဖြိုးမှုအခြေအနေနှင့် ဖြစ်ပေါ်နေသည့်ထုတ်လုပ်မှုအင်အားစုများ (factor of production) နှင့် real estate ဖြစ်သည့် မြေ၊ အဆောက်အအုံဈေးနှုန်းနှင့် ငှားရမ်းခများနှင့် အဓိကသက်ဆိုင်ပေသည်။ FDI လုပ်ငန်းကြီးများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင်အမြတ်ရရှိရေးသည်လည်း အရေးပါသည့်ညွှန်ကိန်းလည်းဖြစ်သည်။ တွက်ချက်ခန့်မှန်းနိုင်မှု (accountability) သည် လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွက် ခက်ခဲနေသည့် စိန်ခေါ်မှုပင်ဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ဒေါ်လှယဉ်က မေမေ့အခန်းဆီ တက်သွားခိုက် ဦးမြဘူးနှင့် ဖေဖေက စာကြည့်ခန်းအတွင်း၌ စကားပြောနေကြသည်။

ညနက်မှ ပြန်သွားကြသော ဦးမြဘူးရော ဒေါ်လှယဉ်ပါ မျက်နှာမကောင်းကြ။ ဖေဖေသာလျှင် ဘာမှမဖြစ်သကဲ့သို့ ကြည်ကြည်လင်လင် ဣန္ဒြေရရဖြင့် ရှိနေသည်။

ကျွန်တော်က ဖေဖေ့အနား ကပ်သွားသည်။ ဖေဖေသည် ဆေးပြင်းလိပ်ခဲရင်းက စာတစ်အုပ်ဖတ်နေရာမှ မော့ကြည့်ပြီးပြုံးချိုစွာ စကားဆို၏။

"မောင်က ကိုကို ထောင်ကျလို့ စိတ်မကောင်း ဖြစ်နေသလား "

ကျွန်တော်က ရင်ကိုကော့ပြီး မာနကြီးစွာ ပြန်ပြောသည်။

" မောင် စိတ်မကောင်းဖြစ်နေတာ မဟုတ်ပါဘူး . . . မောင်ကိုကိုက သူရဲကောင်းပဲ . . . "

ဖေဖေသည် ကျေနပ်စွာပြုံးပြီး ပြန်မေးသည်။

"ဒါဖြင့် မောင်က ဘာမေးချင်လို့ ဖေဖေ့ဆီ ကပ်လာသလဲ "

"မောင် . . . မေးစရာရှိတယ် . . . "

"မေးလေ . . . သား "

"ဦးလေး ဦးမြဘူးက မောင့်ကိုကိုကို ဘာလို့ထောင်ချရသလဲ "

ဖေဖေသည် မျက်မှောင်တစ်ချက်ကြုတ်သွားပြီးနောက် ဘာကိုသဘောကျသည်မသိ၊ အားရပါးရရယ်သည်။

"ဖေဖေ ဘာရယ်တာလဲ . . . "

"မောင့်ကို သဘောကျလို့ ရယ်တာပေါ့ . . . မောင်က ဦးမြဘူးကို စိတ်ဆိုးနေသလား "

"မောင် စိတ်ဆိုးတယ် "

"စိတ်မဆိုးပါနဲ့ သားရယ် . . .၊ ဦးမြဘူးကလည်း မောင့်ကိုကို့ကို ချစ်တာပါပဲ "

"မောင့်ကိုကို့ကို ချစ်ရင်ဘာလို့ထောင်ချရသလဲ . . . "

ဖေဖေသည် ဆေးပြင်းလိပ်ကို ပါးစပ်မှချွတ်လိုက်ပြီး အနီးရှိ ပြာခံခွက်တွင်း ထည့်လိုက်သည်။

မျက်နှာမှာ ပြန်လည်၍ တည်ကြည်သွားပြီး ကျွန်တော့်ကို စိတ်ရှည်စွာ ရှင်းပြသည်။

" ဦးမြဘူးက သူ့ဝတ္တရား သူဆောင်ရွက်တာ၊ ဝတ္တရားဆိုတာက ကိုယ့်အလုပ်ကိုယ် ကျေပွန်အောင်လုပ်တာကို ခေါ်တယ် . . . "

" ဖေဖေ့အလုပ် ဆရာဝန် . . .၊ ဆရာဝန့်ဝတ္တရားက လူနာကို ဆေးကုပေးရတယ် . . .၊ လူနာဆိုရင် ချစ်ချစ်၊ မုန်းမုန်း၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ရောဂါပျောက်အောင် ကုသပေးရတယ် . .၊ဒါကိုဝတ္တရားလို့ခေါ်တယ် . . .။ မောင် နားလည်ရဲ့လား . . . "

"မောင် နားလည်ပါတယ် ဖေဖေ . . . "

" တရားသူကြီးရဲ့ဝတ္တရားက ဥပဒေကို ထိန်းပေးရတယ် . . .။ ဥပဒေကို ဖောက်ချိုးရင် ချစ်ချစ်၊ မုန်းမုန်း၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အပြစ်ပေးရတယ် "

" ဒါဖြင့် ကိုကို့မှာ အပြစ်ရှိသလား . . . "

" အင်္ဂလိပ်တွေလုပ်ထားတဲ့ ဥပဒေအရဆိုရင် အပြစ်ရှိတယ် . . .။ မောင့်ကိုကိုပြောသွားတာ ကြားတယ်မဟုတ်လား၊ အဲဒီဥပဒေကို မကြိုက်ရင် လွတ်လပ်ရေးရအောင် လုပ်ရမယ် . . .။ လွတ်လပ်ရေးရအောင်လုပ်ဖို့က မောင့်ကိုကိုတို့ ဝတ္တရား . . .။ မောင့်ကိုကိုလည်း သူ့ဝတ္တရား သူကျေအောင် လုပ်သွားတာပဲ "

"ဒါဖြင့် . . . မောင် ဘာလုပ်ရမလဲ . . . "

"မောင်လည်း ကြီးလာရင် မောင့်ဝတ္တရား ကျေပွန်အောင် လုပ်ပေါ့။ မောင်ကြီးလာရင်ဘာလုပ်ချင်လဲ . . . "

ကျွန်တော့်အတွက် ဖြေစရာ အဆင်သင့်ရှိသည်။

" မောင် ကြီးလာရင် ကိုကို့လိုပဲ လွတ်လပ်ရေးရအောင်လုပ်မယ်၊ ပြီးတော့ ဖေဖေ့လိုပဲ ဆရာဝန်ကြီး ဖြစ်အောင်လုပ်မယ် . . . "

"ပြီးတော့ ဖေဖေ့လိုပဲ ဆရာဝန်ကြီး ဖြစ်လာအောင်လုပ်မယ် . . . ဟုတ်လား "

ဤအကြိမ်တွင်ဖေဖေသည် ကျွန်တော့်ကို ပွေ့ဖက်ယူ၍ ပေါင်ပေါ်တင်သည်။

" ဒါမှ ဖေဖေ့သား၊ ကိုကို့ညီ၊ ဝတ္တရားအကြောင်း ဖေဖေ ပုံပြောပြမယ်၊ နားထောင် "

ထိုညက ဖေဖေသည် ကျွန်တော့်ကို ပုံနှစ်ပုံ ပြော-ပြသည်။

တစ်ပုံမှာ ဒတ်ချ်လူမျိုးကလေးတစ်ဦးအကြောင်းဖြစ်သည်။ ဒတ်ချ်လူမျိုးတို့နေရာမှာ ပင်လယ်ဖြင့်ဝိုင်းနေသဖြင့် ရေကာတာကြီးများ ကာထားရသည်။ ရေကာတာ ကျိုးပေါက်လျှင် ပင်လယ်ရေလွှမ်းကာ လူအားလုံး သေကုန်မည်။ တနေ့သ၌ လူကလေးတစ်ဦးသည် ရေကာတာတစ်လျှောက်ဆော့ကစားနေရာမှ ရေကာတာတွင် အပေါက်ကလေးတစ်ခု တွေ့သည်။ အပေါက်ကလေးမှာ ရေတို့တိုးဝင်စီးကျနေသည်။

ဤသို့သာ ရေတို့ စီးဝင်ကျသော် တဖြည်းဖြည်းနှင့် ရေကာတာကြီး ပေါက်ကျိုးလာမည်ဖြစ်ကြောင်း လူကလေးသိသည်။ လူကလေး ရောက်သောနေရာမှာ ရွာနှင့်ဝေးသည်။ ရွာအရောက် ပြန်ပြေးပြောလျှင် ရေစားသဖြင့် ရေကာတာကြီး ပြိုသွားနိုင်သည်။ ထိုအခါ လူကလေးသည် ကြံရာမရသဖြင့် အပေါက်ကလေးအတွင်း သူ့လက်ညှိုးကလေးကို ထိုးသွင်းပိတ်ဆို့ထားသည်။ လူကလေးသည် ချမ်းအေးသောတစ်ညလုံး ရေပေါက်ကို လက်ညှိုးကလေးဖြင့် ဆို့ပိတ်၍ မအိပ်ဘဲ နေရှာသည်။ လူကလေး ပျောက်နေသဖြင့် မိဘများနှင့် လူကြီးများက တစ်ညလုံး လိုက်ရှာကြသည်။ နံနက်လင်းမှ လူကလေးကို တွေ့ကြရသည်။ ထိုအချိန်၌ လူကလေးမှာ ချမ်းအေးလွန်းသဖြင့် သတိလစ်မေ့မြောနေသည်။ သို့ရာတွင် သူ့လက်ညှိုးကလေးကား ရေပေါက်ကို ဆို့ပိတ်လျက်သာတည်း။ လူကလေးကျေးဇူးကြောင့် ရေကာတာကြီး မကျိုးပေါက်သည်ကို နားလည်သဘောပေါက်ကြသော လူအများက လူကလေးကို သူရဲကောင်းအဖြစ် မှတ်တမ်းတင်ကြသည် ဆို၏။

ဖေဖေပြောပြသော ဒုတိယပုံပြင်ကား အင်္ဂလိပ်ရေတပ်ဗိုလ်ချုပ် နယ်(လ်)ဆင်၏ အကြောင်းဖြစ်သည်။ နယ်(လ်)ဆင်သည် ထရာဖောက်ဂါး ရေကြောင်းတိုက်ပွဲကြီးအတွင်း၌ မိမိထက် အင်အားကြီးမားသော ရန်သူရေတပ်ကြီးကို အနိုင်တိုက်သည်။ အောင်ပွဲရချိန်၌ နယ်(လ်)ဆင်ကို ရန်သူ့ကျည်သင်သည်။နယ်(လ်)ဆင်မသေခင် တိုင်းသူပြည်သားများအား နောက်ဆုံးစကားမှာကြားခဲ့သည်။သူ့စကားကား " အမိ အင်္ဂလန်ပြည်သည် တိုင်းသူပြည်သားတိုင်းကို မိမိတာဝန် ကျေပွန်ကြမည်ဟု မျှော်လင့်၏ "ဟူသတည်း။ ပုံများ ဆုံးသွားသောအခါ ဖေဖေသည် ပြုံး၍ မှတ်ချက်ချသည်။

"သားလည်း ကြီးလာရင် တာဝန်ကျေပွန်ရမယ် . . . "

"ဟုတ်ကဲ့ ဖေဖေ . . . "

"ကဲ . . . ဒါဖြင့် သား သွားအိပ်တော့ . . . မနက်ကျရင် စောစောထပြီး ကိုကို့ကို သဘော်ဆိပ်သွားနှုတ်ဆက်ရအောင် "

ကျွန်တော်သည် ဖေဖေ့အပါးမှ ခွာလာခဲ့သည်။ ဖေဖေပြောပြသော ပုံတို့ကြောင့် ကျွန်တော့်စိတ်များ တက်ကြွနေပြီး ထိုည၌ ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့သည်။ နောက်တစ်နေ့၌ ကျွန်တော်တို့တစ်အိမ်သားလုံးနှင့် ခိုင်၊ မြိုင်သာမက ကြိုင်ပါ ကိုကို့ကို သဘော်ဆိပ်တွင် လိုက်လံနှုတ်ဆက်ကြသည်။

သန်လျင်တွင် ထောင်မရှိသဖြင့် ကိုကိုနှင့်တကွ အပြစ်ရသူအားလုံးကို ရန်ကုန်နှင့် အင်းစိန်ထောင်ကြီးသို့ ပို့ရမည်ဆို၏။ သဘော်ဆိပ်၌ လူစုလူဝေးကြီး တိုးမပေါက်အောင် စည်ကားလှသည်။

"သခင်မျိုးဟေ့ ဒို့ဗမာ "ဟူသော အသံများ၊ " အင်းစိန်ထောင်ကြီး ချဲ့ချဲ့၊ အမေကမွေးထောင်ကကျွေး "ဟူသော အသံများ ပဲ့တင်ထပ်နေသည်။

ကိုကိုနှင့်တကွ အခြားသခင်နိုင်ငံရေးသမားများကို လက်ထိတ်ခတ်မထား၊ ပုလိပ်အများ စောင့်ကြပ်နေသည်သာရှိ၏။

သဘော်ထွက်ခါနီး ကိုကိုသည် ကျွန်တော်တို့အနီးသို့ ကပ်လာ၍ နှုတ်ဆက်သည်။ ဖေဖေကမူ ဆေးပြင်းလိပ်ခဲရင်း အပြုံးမပျက်။ သို့ရာတွင် မေမေ၏ မျက်လုံးများ၌ မျက်ရည်တွေဝဲနေသည်။

မေမေ့ကို အားပေးနှုတ်ဆက်ပြီး ကိုကိုသည် ကျွန်တော်တို့ လူငယ်များဘက်သို့ လှည့်လိုက်သည်။

မမျှော်လင့်သော ကြိုင့်ကို မြင်ရသော် ကိုကို အံ့ဩသွားပုံရသည်။ ကိုကို အံ့ဩမည် ဆိုလျှင်လည်း အံ့ဩလောက်သည်။ တစ်သက်လုံး ပဒုမ္မာအင်္ကျီကို ခါးမှမချသော ကြိုင်သည် ထိုနေ့ကမူ ပင်နီရင်ဖုံးအင်္ကျီဝတ်ထား၏။ ခါး၌လည်း ယောထဘီအနက်ကလေးကို ဝတ်ထား၏။ မြိုင်နှင့် ဆင်တူပင်ဖြစ်၏။

မြိုင်သည် နုနယ်ကြည်ဝင်း၍ ကြော့ရှင်းလှပသည်။ ကြိုင်သည် တည်ကြည်ခန့်ညား ပြည့်ဝင်းချောမော၏။

အံ့ဩမှု ပြေသောအခါ ကိုကိုသည် လှိုက်လှဲစွာ ပြုံးလျက် ကြိုင့်အနီးသို့ ကပ်သွား၍ လှိုက်လှဲစွာဆို၏။

"ကြိုင့်ကို အခုလို မြင်ရတာ ကိုထွန်းအောင် ဝမ်းသာတယ်။ ကျေးဇူးလည်း သိပ်တင်တယ် ကြိုင် . . . "

ကြိုင်သည် မည်သို့မျှ စကားမပြန်။ တောက်ရွှန်းလှပသောမျက်လုံးကြီးများဖြင့်သာ ကိုကို့ကိုပြန်ကြည့်နေသည်။

ကိုကိုက မြိုင့်ဘက်သို့လှည့်၍ ဆိုနေ၏။

" ကိုကို သွားမယ် မြိုင် . . . ထောင်နံပါတ်ရတဲ့အခါ မြိုင့်ဆီကို ကိုကို စာရေးလိုက်မယ်၊ ကိုကို့ဆီ စာပြန်နော် "

မြိုင်သည်လည်း စကားမပြန်နိုင်၊ အံလေးကြိတ်၍သာ ခေါင်းညိတ်ပြရှာ၏။

ထိုစဉ်သဘော်ကြီးက ဥသြမှုတ်သည်။ ကိုကိုသည် ကျွန်တော်နှင့် ခိုင်တို့၏ပါးများကို နမ်းကာ ပုလိပ်များခေါ်ရာသို့ လိုက်သွားသည်။

ကမ်းလုံးကျွတ်မျှရှိနေသော ပရိသတ်ကြီးက ကြွေးကြော်သံတို့ကို တစ်ခဲနက် အော်ဟစ်၍ နောက်ဆုံး နှုတ်ဆက်ကြသည်။ ခိုင်နှင့် ကျွန်တော်သာ ပရိသတ်ကြီးနှင့်အတူ လိုက်အော်သည်။

ဖေဖေက ဆေးပြင်းလိပ်ခဲရင်း ငြိမ်နေသည်။ ပြုံးတော့မပြုံးနိုင်ရှာ။ မေမေကမူ ကိုကို့ရှေ့၌ တင်းဆည်နိုင်ခဲ့သော်လည်း ယခုမူ ပါးပြင်သို့ မျက်ရည်များ စီးကျနေ၏။ ထိုနေ့က မျက်ရည်ကျသူမှာ မေမေတစ်ယောက်တည်း မဟုတ်။

ဝေးသွားသော သဘော်ကြီးကို လက်ကိုင်ပဝါလေးများ ပြကာပြကာနှင့် နှုတ်ဆက်ရင်း ငေးကျန်ခဲ့သူ မြိုင်နှင့် ကြိုင်တို့၏ ဖြူဖွေးသော ပါးကလေးများ၌လည်း မျက်ရည်ဥတို့ ခိုတွဲနေကြလေသည်တကား။

## (၁၂) ခိုင်ရဲ့မောင်

နောက်ပိုင်းဖြစ်ပျက်ခဲ့သည်များကို အသေးစိတ် ကျွန်တော် မမှတ်မိတော့။ ထူးထူးခြားခြား ပြောင်းလဲမှုကြီးများ မရှိသဖြင့် သာမန်ဖြစ်ရိုးဖြစ်စဉ် ကိစ္စများသည် ကျွန်တော့်အာရုံ၌ ဝေဝေဝါးဝါးသာထင်သည်။

ကျွန်တော့်မေမေမှာ တစ်လတစ်ကြိမ် ထောင်ဝင်စာခံကာ ကျွန်တော့်ကိုကို့ကို သွားတွေ့ခြင်းသာ ဖြစ်၏။ ထိုစဉ်က ကိုကိုနှင့် နိုင်ငံကျော်သခင်များကို အင်းစိန်ထောင်ကြီး၌ ချုပ်ထားသည်။ ပထမ တစ်လတွင် ကျွန်တော်၊ ဖေဖေနှင့် မေမေတို့ သွားတွေ့ကြ၏။ နောက်လများတွင်မူ ကျွန်တော် မလိုက်ရတော့။ မလိုက်ရတော့သည့်အကြောင်းလည်း ရှိသည်။

ကိုကိုထောင်ကျပြီး မကြာမြင့်မီပင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားသည်ဆို၏။

သပိတ်အသီးသီး ပြန်လှန်သဖြင့် ကျောင်းများ ပြန်လည်ဖွင့်လေသည်ဖြစ်ရကား ကျွန်တော်တို့လည်း ကျောင်းမှန်မှန် တက်ရသည်။ ကြိုင်သည် ကောလိပ်သို့ ပြန်သွားရသည်။ ထောင်ထဲတွင် ရှိနေသော ကိုကိုသည်သာကျောင်း ပြန်မတက်ရရှာ။

ဒေါက်တာဘမော် အစိုးရပြုတ်ကျသွားသောအခါ ဦးပုခေါင်းဆောင်သော အစိုးရတက်လာသည်ဟု သိရသည်။ သို့ရာတွင် အလုပ်သမား၊ လယ်သမား လှုပ်ရှားမှုများကား ဆက်တိုက်မှန်မှန် ထွက်ပေါ်နေ၏။

ဦးပုအစိုးရဆိုသည်မှာလည်း အစိုးရအမည်သာ ခံသည်။ အမှန်စင်စစ် အာဏာမရှိဟု သိရသည်။ အာဏာ အမှန်တကယ်ရှိ၍ အစိုးရစင်စစ်မှာ ဘုရင်ခံနှင့် အင်္ဂလိပ်များသာဖြစ်သည်ဟု လူကြီးများက ဝေဖန်ပြောဆိုသံကိုကျွန်တော်ကြားခဲ့ရသည်။

သခင်တို့၏ အစည်းအဝေးမှာ မှန်မှန်ပင်ဆက်၍ ရှိနေသည်။ အဖမ်းအဆီးသတင်းများကိုလည်း မကြာခဏ ကြားနေရသည်။ သုံးရောင်ခြယ်နှင့် တူတံစဉ်၊ သုံးရောင်ခြယ်နှင့် ဒေါင်းပါသော အလံကြီးများကို လွှင့်ထူ၍ လူအုပ်၊ လူတန်းကြီးများ စီတန်းလှည့်လည်ခြင်းကိုလည်း မကြာခဏ တွေ့မြင်ရသည်။

အမှန်ကို ဝန်ခံရလျှင် ကလေးဘဝဖြစ်သဖြင့် ထိုနိုင်ငံရေးလှုပ်ရှားမှုများကို ကျွန်တော်သည် ကြာရှည် စိတ်မဝင်စားနိုင်ပါ။ ကလေးတို့သဘာဝ ကျောင်းတက်ရင်း ဆော့ကစားရင်းနှင့် အချိန်ကို ကုန်လွန်စေခဲ့သည်။

ကျောင်းများပြန်ဖွင့်သောအခါ ကျွန်တော်တို့အတွက် အစ,စရှေးနည်းတူ ပြန်ဖြစ်နေသည်။ နံနက်တိုင်း ကျွန်တော်တို့သူငယ်ချင်းသုံးဦးသည် အတူတကွ ကျောင်းတက်မြဲတက်သည်။ ညနေတိုင်း မြရာတောများ၌ ကစားမြဲကစားကြသည်။

ကိုကိုသည် ထောင်တွင်းမှနေ၍ အိမ်ကို စာမှန်မှန်ရေးသည်။ မြိုင့်ဆီကိုလည်း စာမှန်မှန်ရောက်သည်ဟု ကြားရသည်။ အိမ်သို့လာသောစာများ၌ မာကြောင်း၊ သာကြောင်း မျှလောက်သာ ပါသည်။ မြိုင့်ဆီရေးသော စာများ၌မူ ဘာတွေပါသည်မသိ။ ကျွန်တော်သိသည်မှာ မေမေနှင့် ဖေဖေကိုကို့ထံ တစ်လနှစ်ကြိမ်စာရေးသည်။ ခိုင်ပြောပြသဖြင့် မြိုင်က ကိုကို့ထံ တစ်ပတ်တစ်ခါ စာရေးကြောင်းသိရသည်။ ကိုကို့ထံ စာရေးလျှင် မြိုင်သည် လှပသော စာအိတ်ပြာလေးများကိုသုံး၍ ထိုစာအိတ်ပြာကလေးများမှာလည်း ရေမွှေးနံ့ဖြင့် ကြိုင်သင်းနေကြောင်း စပ်စုသော ခိုင့်ထံမှ အသေးစိတ် သိရသေးသည်။

ဤသို့ဖြင့် ရက်များ တစ်စတစ်စ ကုန်ခဲ့ရာ နွေရာသီဆိုက်ရောက်ခဲ့သဖြင့် စာမေးပွဲကြီးစစ်ပြီး ကျောင်းကြီးလည်း ပိတ်လိုက်၏။

ထိုနွေရာသီ၌ပင် ကိုကိုလည်း ထောင်မှလွတ်သည်။ ထောင်မှလွတ်သော်လည်း ကိုကိုသည် သန်လျင်သို့ ပြန်မလာ။ ကောလိပ်ကျောင်းပိတ်သဖြင့် ကြိုင်သာ ပြန်ရောက်လာ၏။

ကိုကို ပြန်မလာခြင်းကို ရိုးနေသဖြင့် ကျွန်တော်တို့အိမ်သူအိမ်သားများအတွက်မူ မဆန်း၊ မြိုင်ခမျာ ကျွန်တော်တို့အိမ်ဘက်သို့ ကူး၍ ကိုကို့အကြောင်း မကြာခဏ မေးရှာသည်။

"အင်း . . . မြိုင် ခမျာတော့ သနားစရာပဲ "

ဤသို့ ဖေဖေ့ရှေ့ မေမေ တစ်ခါညည်းဖူးသည်ကို ကျွန်တော်ကြားရသည်။ ဖေဖေက ဘာမျှပြန်မပြောဘဲ မေမေကို မျက်မှောင်ကြုတ်၍ တစ်ချက်သာပြန်ကြည့်၏။ ဒေါ်စာဥကြီးကမူ တစ်မျိုး မှတ်ချက်ချသည်။

"မိန်းမကြိုက်တော့ မျှော်လိုက်တာ။ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ . . .။ ဒါပေမယ့်မောင့်ကိုကိုက ဘာမှ မဟုတ်ပါဘူး . . . "

"ဒေါ်လေး . . . အဲဒါ ဘာပြောတာလဲဟင် . . . "

"မိန်းမတွေ ကြိုက်လို့ရှိရင် မျှော်ရတယ်တော်ရေ့ . . . မျှော်ရတယ်။ လည်ပင်းကို တစ်တောင်ပြည့်ရော . . . "

"အဲဒါ ဒေါ်လေး ဘယ်လိုလုပ်သိလဲ "

"သိတာပေါ့တော် . . . သိတာပေါ့ . . . "

"ဘာလဲ . . . ဒေါ်လေးလည်း အဲဒီလို မျှော်ဖူးသလား "

ဒေါ်စာဥကြီး မမျှော်ဖူးသည်ကို ကျွန်တော် သိသည်။ အကြောင်းမှာ အခေါက်ထူကြီးဖြင့်သူ့လည်ပင်းမှာ တစ်တောင်ပြည့်ရန် မဆိုထားနှင့် နှစ်လက်မပင် ရှိမည်မဟုတ်။

"ဟယ် . . . ဒီကောင်လေး တောက်တီးတောက်တဲ့တွေ၊ ဒေါ်လေးက ဘယ်သူ့ကို မျှော်ရမှာလဲ . . . "

"သိဘူးလေ . . . ဦးလေး ကိုဖိုးခင်ကိုလားလို့၊ ဒါမှမဟုတ် ဦးထွန်းမောင်ကြီးကိုလား "

ဤသို့ပြောပြီး ကျွန်တော်သည် ဒေါ်လေး ထလိုက် ထိပ်မခေါက်ခင် ထွက်ပြေးလာခဲ့၏။

ဒေါ်လေးက မည်သို့ဝေဖန်သည်ဖြစ်စေ၊ ကိုကိုကမူ ပြန်မလာ။ ဖေဖေပြောသကဲ့သို့ ကိုကိုသည်သူ့ဝတ္တရားကို သူဆောင်ရွက်နေဟန်တူ၏။

နွေရာသီကျောင်းပိတ်ရက်များအတွင်း မြိုင်သည် ခိုင်နှင့်အတူ ကျွန်တော်တို့အိမ်သို့လာ၍ ပီယာနိုအတီးသင်သည်။ ဖေဖေသည် ဘာစိတ်ကူးရသည်မသိ။ မြိုင့်ကို သူကိုယ်တိုင် အဆို၊ အတီး သင်ပေးသည်။

မြိုင်ကလည်း ကြိုးစားသည်။ ကြိုးစားသည်ဆိုရာ၌ အတီးထက် အဆိုကို ပိုကြိုးစားသည်။

မြိုင် သီချင်းဆိုပုံမှာ အလွန်လှပသည်။ စည်းနှင့်ဝါးကိုကိုင်၍ ဟန်ယူဆိုပုံမှာ တင့်တယ်ပြေပြစ်သည်။ အကြောစိမ်းများ သန်းနေသော လည်တိုင်ဝင်းဝင်းကလေးကလည်း ကြည့်၍ ကျက်သရေရှိသည်။နှုတ်ခမ်းနီနီပါးပါးကလေးများ လှုပ်ရှားပုံမှာ ရှုမငြီးဖွယ်ဖြစ်၏။ သီချင်းဆိုနေစဉ် မြိုင့်မျက်လုံးများမှာမျက်ရည်တို့ဖြင့် တောက်ပပြီး ချိုသာသော အသံကလေးသည် ကြေကွဲလွမ်းဆွတ်ဖွယ်သာယာ၏။

မြိုင်က ပတ်ပျိုးများကိုသာ ဆိုချင်သည် ဆိုသဖြင့် ကြိုးနှင့်ဘွဲ့သီချင်းခံ အသင့်အတင့် တက်ပြီးသောအခါဖေဖေသည် ဖြတ်လမ်းဖြင့် . . . **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ဖြူးရေနုတ်ကွင်းများရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်တော့မည်

**ဖြူး မေ ၁၅**

ဖြူးမြို့နယ် ကညွတ်ကွင်းဒေသနှင့် ညောင်ပင်သာဒေသတို့တွင် ကျေးရွာအုပ်စုများအတွင်းရှိ လယ်မြေဧက ၁၀၀၀၀ ကျော်တို့မှ စိုက်ပျိုးပြီး လယ်မြေများမှာ နှစ်စဉ်ရိတ်သိမ်းချိန်နီးလာသည့်အခါများတွင် ရေကြီးနစ်မြုပ်ခြင်းဒဏ်ခံကြရကြောင်း သိရသည်။

ထို့ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန် ဆည်မြောင်းဦးစီးဌာနက ယခုနှစ်နှစ်ဦးပိုင်းမှစ၍ ချောင်းကော၊ မြောင်းကော၊ အင်းကောများအား ပြန်လည်တူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ မြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဇဟားချောင်း အလျားပေ ၆၁၅၀၀၊ အောက်ခြေအကျယ်ပေ ၂၀ မှပေ ၃၀၊ အနက် ၆ ပေ ၆ လက်မ၊ ကျီးရိုး၊ သုံးခွအင်း ရေနုတ်မြောင်း အလျားပေ ၁၃၀၀၀၊ အောက်ခြေ အကျယ် ၇ ပေ၊ ပျမ်းမျှအနက် ၇ ပေ၊ ခင်နောက်မီး ရေနုတ်မြောင်းအလျား ပေ ၁၄၀၀၀၀၊ အောက်ခြေအကျယ် ၁၅ ပေမှ ၂၅ ပေ၊ ပျမ်းမျှအနက် ၅ ပေ၊ ဆိတ်ဖြူရိုး ရေနုတ်မြောင်း အလျား ပေ ၂၀၀၀၀၊ အောက်ခြေအကျယ် ၂၁ ပေ၊ ပျမ်းမျှအနက် ၅ ပေတို့ကို ဆည်မြောင်းဦးစီးဌာနမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သစ်ပတ်ချောင်းအလျား ပေ ၁၁၆၀၀၊ အောက်ခြေအကျယ် ပေ ၁၀၊ ပျမ်းမျှအနက် ၅ ပေ ၆ လက်မ၊ ကျီးပင်ပေါက်ရေနုတ်မြောင်း အလျား ပေ ၁၁၈၀၀၊ အောက်ခြေအကျယ် ပေ ၄၀၊ ပျမ်းမျှအနက် ပေ ၃၀၊ ဘန်းလောင်ရေကာတာအလျားပေ ၈၂၀၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၄ ပေ၊ ဆေးရိုးကုန်းနန္ဒမိတ် ရေတားတမံအလျား ပေ ၄၀၀၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၅ ပေ ၆ လက်မတို့ကိုလည်း ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက် ၃၈ စီးနှင့် မြေထိုးစက် ငါးစီးတို့ဖြင့် နေ့ညမပြတ် တူးဖော်မြေဖို့လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများအား မိုးမကျခင်လုပ်ငန်းများ ပြီးစီးသွားပါက ကညွတ်ကွင်းဒေသနှင့် ညောင်ပင်သာဒေသအတွင်းရှိ ကျီးရိုးအုပ်စု၊ အင်ပင်သာအုပ်စု၊ ကညင်ဒိုင်း အုပ်စု၊ ဇီးခုံ၊ သပြေလဟာကျေးရွာအုပ်စု၊ မိဿလင် ကျေးရွာအုပ်စုများအတွင်းရှိ လယ်မြေဧက ၁၉၀၀ ကိုလည်းကောင်း၊ ငမြစ်ချင်း၊ ဘုရားလဟာ၊ ခင်ကြီး၊ သပြေလဟာ၊ မြပဲခူး၊ လက်တက်ကြီး တေိုးခင်ကျေးရွာနှင့် ကင်မွန်းခြံ ကျေးရွာအုပ်စုများအတွင်းရှိ လယ်မြေဧက ၄၅၀၀ ကိုလည်းကောင်း ရေကြီးနစ်မြုပ်မှုဘေးမှ သက်သာသွားနိုင်မည်ဖြစ်သည်။

ယင်းအပြင် ကညင်ဒိုင်းကျေးရွာအုပ်စု မိဿလင်ကျေးရွာ အုပ်စုနှင့် သပြေလဟာကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၅၀၀၀ တို့မှာ ရေကြီးနစ်မြုပ်မှုဘေးမှ လျော့ပါးသက်သာလာစေမည်ဖြစ်ပြီး စိုက်သမျှသီးနှံများအောင်မြင်ဖြစ်ထွန်းလာကြတော့မည်ဖြစ်သည်။

"ကျွန်တော်တို့ ဒီဒေသတွေမှာ နှစ်စဉ်စပါးများ စိုက်ပျိုးပြီးဖြစ်ထွန်းအောင်မြင်ကြလို့ ဝမ်းသာနေကြတုန်းအောင် မြင်ဖြစ်ထွန်းနေကြတဲ့ စပါးစိုက်ခင်းတွေ ရိတ်သိမ်းခါနီးကျမှ ချောင်း၊ မြောင်းရေနဲ့ စစ်တောင်းမြစ်ရေတွေကြီးလာတော့ စပါးစိုက်ခင်းတွေ ရေအောက်ရောက်ကုန်ကြပြီး နှစ်စဉ်ဆိုသလို ဆုံးရှုံးမှုနဲ့ ကြုံကြရပါတယ်။

"ဒီနှစ်မှာတော့ ဆည်မြောင်းဦးစီးဌာနက အခုလို ချောင်းကော၊ မြောင်းကော တွေတူးဖော်၊ ရေဘေးကာကွယ်ပေးတာတွေ မြေဖို့ပြုပြင်တော့ နောင်နှစ်တွေမှာ ကျွန်တော်တို့ လယ်သမားတွေ ရေနစ်မြုပ်မှုဘေးက ကင်းဝေးကြတော့မှာမို့ အထူးအားရဝမ်းသာ ဖြစ်ကြရပါတယ်"ဟု ယင်းဒေသမှ ဒေသခံလယ်သမားတစ်ဦးက ပြောပြသည်။



**(ဖြူးမြင့်ဦး)**

# မြို့နယ်ဆေးဝါးကြီးကြပ်စစ်ဆေးရေးအဖွဲ့မှတားမြစ်ဆေးဝါးများစစ်ဆေး

**တနင်္သာရီ မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်ဆေးဝါးကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ ဧပြီလအတွင်းက တနင်္သာရီမြို့၌ ရောင်းချနေသည့် ဆေးဆိုင်များ၊ ဈေးဆိုင်များနှင့် ကွမ်းယာဆိုင်များအား ကျန်းမာရေးဦးစီးဌာနမှ တားမြစ်ထားသောဆေးဝါးများ၊ လိင်စိတ်ကြွစေသည့်ဆေးများနှင့် တရားဝင်မှတ်ပုံတင်ထားရှိခြင်းမရှိသည့် ဆေးများရောင်းချနေမှု ရှိမရှိ တို့ကို စစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့အပြင် အသားအရေကို ပျက်စီးစေနိုင် သည့် ဓာတုဆေးဝါးများပါဝင်သော မိတ်ကပ်များ၊ အလှကုန်ပစ္စည်းများ ရောင်းချနေမှု ရှိမရှိ နှင့် ရောင်းချခွင့်လိုင်စင် ရှိမရှိ စသည်တို့ကို စစ်ဆေးကြသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာဇော်အောင်နှင့် လက်ထောက်ဆရာဝန်ဒေါက်တာမျိုးဇော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ရဲစခန်းမှူး ရဲအုပ်မောင်မောင်နှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်ခဲ့သည်။

ယင်းအပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းလွင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအင်ကို၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့်မီးသတ်ဦးစီးဌာနဝန်ထမ်းများ ပါဝင်ခဲ့သည်။

ဂင်းမြို့နယ်ဆေးဝါးကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ



ဆေးဆိုင်အကြီးလေးဆိုင်၊ ဈေးဆိုင်နှင့်ကုန်စုံဆိုင် ၁၅ ဆိုင်နှင့် ကွမ်းယာဆိုင်ငါးဆိုင် စုစုပေါင်း ၂၄ ဆိုင်တို့အား တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်နိုင်ခဲ့သည်။

ဆိုင်ပိုင်ရှင်များကိုလည်း မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့က တားမြစ်ဆေးဝါးအကြောင်းနှင့် ယခုကဲ့သို့လာရောက်စစ်ဆေးရခြင်းရည်ရွယ်ချက်ကို အသိပညာပေးရှင်းလင်းပြောကြားပြီး ရောင်းချခွင့်မရှိသော ဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဆက်လက်ရောင်းချခြင်း မပြုရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

# အထက်မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်းသမိုင်းဝင် ဒေသများလေ့လာ

**မန္တလေး မေ ၁၅**

မန္တလေးမြို့ အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်းကကြီးမှူး၍ နာယကဦးစော(သမိုင်းပါမောက္ခ-ငြိမ်း)၊ ဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)တို့က မေ ၁၂ ရက်၌မိတ္ထီလာမြို့နယ်သတင်းဆရာများနှင့် တွေ့ဆုံခဲ့ပြီး ကျော်ကြားသမိုင်းဝင်ဒေသများကို လေ့လာခဲ့သည်။

အသင်းဥက္ကဋ္ဌ ဦးငွေအောင်က မိတ္ထီလာမြို့နယ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်(တင်လှိုင်-မိတ္ထီလာ)နှင့်အဖွဲ့နှင့် တွေ့ဆုံ၍ သတင်းမီဒီယာလုပ်ငန်းဆွေးနွေးကြပြီး ကျော်ကြားသည် မြို့နယ် သင်တောကြီးကျေးရွာ အမိဌာန်အောင်ဆုတောင်းပြည့် မဟာရွှေသိမ်တော်မြတ်စွာဘုရား၊ဝေဘူတောင်၊ငြိမ်းချမ်းရေး အဘယလာဘမုနိများသို့ကွင်းဆင်းလေ့လာမှတ်တမ်းများ ပြုစုခဲ့သည်။

**ရွှေလင်းပြည့်စုံ**

# မကွေးတိုင်းဒေသကြီးမှ ပြည်သူများ ပျော်ရွှင်စွာရေကစားလျက်ရှိ

**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီးတွင် ပြည်သူများပျော်ရွှင်စွာ ရေကစားလျက်ရှိသည်ကို တွေ့ရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့်ဌာန ဆိုင်ရာများသည် ဗဟိုမဏ္ဍပ်တွင် ယိမ်းအကအလှ များဖြင့် ဖျော်ဖြေနေမှုများ၊ လျှပ်စစ်ဝန်ကြီးဌာနမဏ္ဍပ်၊ဌာနဆိုင်ရာစုပေါင်းမဏ္ဍပ်များ၊ မကွေးတိုင်းဒေသကြီး လေတပ်စခန်းဌာနချုပ်မဏ္ဍပ်များသို့ လှည့်လည်ကြည့်ရှု အားပေးခဲ့ပြီးနောက် မဏ္ဍပ်များရှိ ယိမ်းအဖွဲ့များအား ဆုများချီးမြှင့်ခဲ့ကြသည်။

မကွေးမြို့ပေါ်ရှိရေပက်မဏ္ဍပ်များတွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိပြီး မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့များမှ ပြည်သူများ အန္တရာယ်ကင်းရှင်းရေးနှင့်ယာဉ်အန္တရာယ်ကင်းရှင်းစွာရေကစား နိုင်ရေးအတွက် လုံခြုံရေးအား အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**



# မျက်နှာကို ဓာတ်မီးဖြင့်ထိုးမိရာမှ လူသတ်မှုဖြစ်ပွား

**ကျောက်တံခါး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရဲစခန်းတောင်ဘက်ငါးမိုင်ခန့်အကွာ ကံကလေးကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် လူသတ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်မှာ မေ ၁၃ ရက် ည၈ နာရီခွဲခန့်တွင် ကျောက်တံခါးမြို့နယ် ကံကလေးကျေးရွာအုပ်စု သာယာကုန်းကျေးရွာနေ မစန်းစန်းနွယ်သည် နေအိမ်၌ရှိနေစဉ် ခင်ပွန်းဖြစ်သူ ကိုသက်(ခ)သက်နိုင်ဝင်း ဓားခုတ်ခံရ၍ သေဆုံးသွားကြောင်းကြားသိရသဖြင့် သွားရောက်ကြည့်ရှုရာ သာယာကုန်းကျေးရွာ ဦးဝင်းကြိုင်နေအိမ်ရှေ့ ရွာလည်လမ်းမပေါ်တွင် ကိုသက်(ခ)သက်နိုင်ဝင်းအား လည်ပင်းယာဘက်ခြမ်းတွင် အရှည်သုံးလက်မခန့်၊ အနံတစ်လက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိပြီး သွေးများထွက်၍ သေဆုံးနေကြောင်းတွေ့ရသည်။

မျက်မြင်သက်သေ ဦးဝင်းကြိုင်၏ ပြောပြချက်အရ ဇော်မင်းဦးက ကိုသက်၏ မျက်နှာကို ဓာတ်မီးဖြင့်ထိုးရာမှ စကားများကြပြီး ဇော်မင်းဦးက အသင့်ပါလာသောဓားဖြင့်ခုတ်၍ ကိုသက် (ခ) သက်နိုင်ဝင်းမှာ သေဆုံးသွားကြကြောင်းသိရသည်။ သေဆုံးသူနှင့် ပြစ်မှုကျူးလွန်သူမှာ လျှပ်စစ်ဝန်ထမ်း(လုပ်သား)များဖြစ်ကြောင်းသိရပြီး သေဆုံးသူ၏ဇနီး မစန်းစန်းနွယ်က ကျောက်တံခါးမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် ကျောက်တံခါးမြို့မရဲစခန်းက အရေးယူထားကြောင်းသိရသည်။

**မျိုးဦး(ကျောက်တံခါး)**



မလှိုင်မြို့ အမှတ်(၆) နယ်မြေရပ်ကွက်ရှိ ရွှေသိမ့်တော်ဘုန်တော်ကြီးကျောင်းဝန်းအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ၇ ရက် တရားစခန်းကို မေ ၁၃ ရက် နံနက်၁၀နာရီတွင် (၈၈) ကြိမ်မြောက်အဖြစ် ဖွင့်လှစ်ခဲ့ရာရဟန်းယောဂီ ၁၅ ပါး သီလရှင်ယောဂီ ၇၇ ပါး၊ အမျိုးသမီး ယောဂီ ၁၄ဦးတို့ စုစုပေါင်း ၁၅၉ပါး ဖြင့် တရားစခန်းဖွင့်လှစ်ခဲ့ပြီး တစ်နှစ်ကိုနှစ်ကြိမ် အဖြစ် တရားစခန်းဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ကျော်ကျော်(မလှိုင်)

# ဘားအံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူလူဦးရေ စာရင်းများ တိကျမှန်ကန်မှုရှိစေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဘားအံ မေ ၁၅**

အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် မဲစာရင်းပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ကရင်ပြည်နယ် ဘားအံမြို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် မတ်လမှစတင်၍ စာရင်းထည့်သွင်းရာ မြို့ပေါ်ရပ်ကွက် (၉)ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၈၅ အုပ်စုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၁၄၈၇၃ ဦးအနက် ၁၀ ရက်အထိ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ ၁၈၇၅၂၀ ဦး စာရင်းပြုစုပြီး ဖြစ်သည်။

ဆန္ဒမဲစာရင်းပြုစုခြင်းကို ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးတင်လှနှင့် မြို့နယ်ကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌ ဦးသောင်ထွန်းနှင့်အဖွဲ့ဝင်များတို့က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ကွန်ပျူတာ ၂၂ လုံး၊ ကွန်ပျူတာကျွမ်းကျင် ဝန်ထမ်း ၂၉ ဦးတို့ဖြင့် လုပ်ငန်းများဆောင်ရွက်ပြီး ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများက မဲစာရင်းများအလှည့်ကျ ကူညီဖတ်ကြားပေးကြကြောင်း သိရသည်။

**မြို့နယ်ကော်မရှင်**

# ငါးထပ်ကြီး ဘုရားဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်

**လှည်းကူး မေ ၁၅**

လှည်းကူးမြို့နယ် မြို့မရဲစခန်းမှ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဆုတောင်းပြည့် ငါးထပ်ကြီး ဘုရားဝင်းအတွင်း၌ သန့်ရှင်းရေးများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့မရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ရွှေဝင်း၊ ရဲစခန်းမှူး ဒုရဲမှူးမောင်မောင်ဦးတို့ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ရဲမေများ၊ တပ်ဖွဲ့ဝင်အင်အား ၆၆ ဦး၊ မိသားစုဝင် ၄၀ တို့ဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြို့မရပ်ကွက်ရှိ မဟာအတုလကျမာန်အောင် ဆုတောင်းပြည့် ငါးထပ်ကြီးဘုရားဝန်းအတွင်းရှိ ရေကန်များ သန့်ရှင်းရေးလုပ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ သန့်ရှင်းလုပ်ခြင်းတို့ကို ပြည်သူအကျိုးပြု သာသနာအကျိုးပြုလုပ်ငန်းများကို မေ ၁၁ ရက် နံနက်ပိုင်းက နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

လှည်းကူးရဲတပ်ဖွဲ့အနေဖြင့် ဆေးရုံများ စာသင်ကျောင်းများကို ပညာရေး၊ ကျန်းမာရေး သာသနာရေးများကို ပြည်သူနှင့် တစ်သားထဲဖြစ်အောင် ပြည်သူနှင့် လက်တွဲ၍ မြို့နယ်ကောင်းမွန်လှပသာယာရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောကြသည်။ **သန်းဝင်း**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိ

**မြစ်ကြီးနား မေ ၁၅**

ကချင်ပြည်နယ်မြစ်ကြီးနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဆွေနှင့် မြစ်ကြီးနားမြို့နယ်ဦးစီးဌာနမှူး ဦးစိုးနောင်တို့၏ ကြပ်မတ်ကွပ်ကဲမှုဖြင့် မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသည့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအတွက် မိုးပွင့်(အထူး) စီမံချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။

မေ ပထမပတ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးလချိတ်လွန်းဒေါင်နှင့် ဝန်ထမ်းများက အင်ဂျစ်ယန်ကျေးရွာနေ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၁ ဦး အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၄ ဦးနှင့် ပျောက်ပျက်၊ လဲလှယ်သူ ၁၇ ဦးတို့အားလည်းကောင်း၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်တီဆိုင်းရမ်နှင့်ဝန်ထမ်းများက တီယန်ဇွပ်ကျေးရွာနေ အသက်(၁၀) နှစ်ပြည့်ပြီးသူ ၄၇ ဦး အသက်(၁၈) နှစ်ပြည့်ပြီးသူ ၉၁ ဦးနှင့် ပျောက်ပျက်၊ လဲလှယ် ၃၁ ဦးတို့အားလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၉၉)**

# ရေကြည်မြို့နယ်၌စည်းကမ်းမဲ့ယာဉ်များအား ရပ်တန့်စစ်ဆေးမှုများပြုလုပ်

**ရေကြည် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရန်နှင့် ယာဉ်မောင်းများ စည်းကမ်းမဲ့မောင်းနှင်ခြင်းကြောင့် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန်အတွက် ရေကြည်မြို့နယ် စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ပညာပေးဆောင်ရွက်မှုများအား မေ ၁၀ ရက် နံနက် ၈ နာရီတွင် ရေကြည်မြို့ မြို့မရပ်ကွက် ရေကြည်မြို့ဝင်လမ်းဆုံ၌ ဟောပြောမှုများနှင့် စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

စစ်ဆေးမှုများတွင် စည်းကမ်းမဲ့မောင်းနှင်နေသော ယာဉ်များအား ရပ်တန့်စစ်ဆေးခြင်း၊ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စည်းကမ်းမဲ့မောင်းနှင်နေသော ယာဉ်မောင်း ၁၅၀ ဦးအား ရေကြည်ဦးရိပ်သာ၌ တွေ့ဆုံ၍ ရေကြည်မြို့နယ်ရဲတပ်ဖွဲ့ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းထွန်းဝင်းမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောချက်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှု မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု များ ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ရေကြည်မြို့နယ် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ရွှေ၊ ဒုမြို့နယ်တရားသူကြီး ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့နယ်မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ မြို့ပေါ် ငါးရပ်ကွက် အုပ်ချုပ်ရေးမှူးများ ယာဉ်မောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**



# ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ မေ ၁၅**

၁၃၇၆ ခုနှစ် ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် ညနေ ၄ နာရီက ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာများ၊ ယိမ်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းစိုးတို့က ဆင်ပေါင်ဝဲမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**မြို့နယ် ပြန်/ဆက်**

# ပဲခူးတိုင်းဒေသကြီး၌ မြေအသုံးချရေးဆိုင်ရာ မျိုးစေ့၊ သီးနှံကာကွယ်ရေး သင်တန်းများပို့ချ

**သာယာဝတီ မေ ၁၅**

စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရှိ ခရိုင်ဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးမှူးရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စိုက်ပျိုးပညာပေးဝန်ထမ်းများ နည်းပညာတိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် မြေအသုံးချရေး မျိုးစေ့၊သီးနှံကာကွယ်ရေးဘာသာရပ်များနှင့် ပတ်သက်၍ သင်တန်းများကပို့ချပေးခဲ့သည်။

ထိုသို့ သင်တန်းများပို့ချပေးပြီးအရည်အချင်းစစ်မေးပွဲကို မေ ၈ ရက်နံနက်ပိုင်းက တစ်ပြိုင်နက်တည်း ကျင်းပရာ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူးဒေါ်တင်မြလွင်၊ ခရိုင်မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ မြို့နယ်ဦးစီးမှူးများက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

# ကောလင်းမြို့အောင်သီရိ ရပ်ကွက်တွင် ဒုလ္လဘသီလရှင် ဝတ်ပွဲကျင်းပမည်

**ကောလင်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အောင်သီရိရပ်ကွက် သမိဒ္ဓေါဒယ အောင်စကြာသီလရှင်စာသင်တိုက်တွင် ဒုတိယအကြိမ် ဒုလ္လဘသီလရှင်ဝတ်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

မေ ၁၂ မှ ၂၁ရက် ၁၃၄၆ခုနှစ် တန်ခူးလပြည့် ကျော် ၉ ရက်မှ ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**

# ပခုက္ကူခရိုင် ဆား၊ ဆပ်ပြာပေါက်လယ်မြေ၌ စပါးခြောက်မျိုး စမ်းသပ်စိုက်ပျိုးနေ

**မြိုင် မေ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းမှတောင်သူအချို့သည် ဆား၊ ဆပ်ပြာပေါက်လယ်မြေများတွင် စပါးစိုက်ပျိုးရေး အခက်အခဲများနှင့် ကြုံတွေ့နေကြရကြောင်းသိရသည်။

ထိုအတွက် အဆိုပါ အခက်အခဲကို ဖြေရှင်းနိုင်ရန် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) နှင့် Livelihoods and Food Security Trust Fund ပူးပေါင်း၍ မြိုင်မြို့နယ် လှည်းခုတ်ကျေးရွာအုပ်စု တောမကျေးရွာ ကွင်းအမှတ် (၇၃၁) ရှိ ၃ ဒသမ ၅၀ ဧကတွင် စပါးမျိုး ခြောက်မျိုးဖြစ်သော ရွှေပြည်ဌေးစပါး၊ R နောသုခ(ရေဆင်း) စပါး၊ Rနောသုခ (ဒေသမျိုး)စပါး၊ IRT ၁၀၇၊ IR-၈၇၇၀၅-၄-၄-၄ B1နှင့် IR-၈၇၇၀၇-၄-၄၆-B-B-Bစပါး ခြောက်မျိုးကို စမ်းသပ်စိုက်ပျိုးနေကြောင်း သိရသည်။

"မြန်မာနိုင်ငံ အလယ်ပိုင်းဒေသမှာ ဆား၊ ဆပ်ပြာပေါက်လယ်မြေတွေ အများဆုံး တွေ့ရှိရပါတယ်။ အထူးသဖြင့် မြိုင်မြို့နယ်မှာရှိတဲ့ တောင်သူတွေ ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ အခက်အခဲတစ်ခုဖြစ်ပါတယ်။

"ဆား၊ဆပ်ပြာပေါက်လယ်မြေဆိုတာ သီးနှံအထွက်နည်းတယ်။ ဒါကြောင့်ဒေသခံတောင်သူတွေမှာ လုပ်သလောက် အကျိုးမခံစားကြရဘူး။အဲဒီအခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့ ကျွန်တော်တို့ (LIFT Fund) က အခုဆား၊ ဆပ်ပြာပေါက်လယ်မြေမှာ စပါးမျိုး ခြောက်မျိုး ကို စမ်းသပ်စိုက်ပျိုးနေတာဖြစ်ပါတယ်။

"မျိုးကိုပေါင်စနစ်နဲ့ ပျိုးထောင်ပါတယ်။ ပျိုးသက်ရက် ၂၀ မှာ ၆"×၆" စနစ်နဲ့စိုက်ပါတယ်။ တောင်သူတွေကိုလည်း ပြသနည်းပညာဖြန့်ဝေပေးပါတယ်။ အခုစမ်းသပ်စိုက်ပျိုးထားတဲ့ စပါးမျိုး ခြောက်မျိုးထဲက ဒေသရေ၊ မြေ၊ ဥတုဝ၊ ရာသီဥတုနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းတဲ့စပါးမျိုးရရှိလာရင် ဒေသခံတောင်သူတွေကို အခမဲ့ ဖြန့်ဝေပေးမှာဖြစ်ပါတယ်။

"အခုစမ်းသပ်စိုက်ပျိုးတဲ့ ၃ ဒသမ ၅၂၀ ဧကမှာမျိုးစေ့ဖိုး၊ပျိုးထောင်၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့ပြီးတဲ့အထိ ကုန်ကျစရိတ် အားလုံးကို ကျွန်တော်တို့ (LIFT Fund)က ကျခံပေးသွားမှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မြိုင်မြို့နယ်တွင် ကျေးရွာအုပ်စု ငါးအုပ်စုမှ လယ်မြေဧက ၂၀၀ ကျော် ၃၀၀ ခန့် သည် ဆား၊ ဆပ်ပြာပေါက် နယ်မြေများဖြစ်ကြောင်း မြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်ဦးက ပြောပြသည်။

"မြိုင်မြို့နယ်အတွင်း ကျွန်တော်တာဝန်ယူရတဲ့ ကျေးရွာအုပ်စု ၁၉ အုပ်စုရှိပါတယ်။ အဲဒီ ၁၉ အုပ်စုထဲက ငါးအုပ်စုမှာရှိတဲ့ လယ်မြေဧက ၂၀၀ ကျော် ၃၀၀ ခန့်က ဆား၊ ဆပ်ပြာပေါက် နယ်မြေတွေဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက ဒေသမျိုး မနောသုခကို စိုက်တဲ့အခါ တစ်ဧကတင်း ၅၀၊ ၆၀ ပဲရတယ်။

"လုပ်သလောက် အကျိုးမခံစားကြရဘူး။ ယခုလို LIFTFund က လာရောက်ပြီး ဒေသရေ၊ မြေ၊ သဘာဝ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ စပါးမျိုးရရှိအောင် စပါးခြောက်မျိုး စမ်းသပ်စိုက်ပျိုးပေးတဲ့အတွက် ဒေသခံတောင်သူတွေ ယခင်ကထက် အကျိုးရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာမှန်သမျှကို အပြည့်အဝ အကူအညီပေးဆောင်ရွက်နေပါတယ်" ဟု ကွင်းတာဝန်ခံ ကိုမောင်မောင်ဦးက ပြောသည်။

ဗတာမကျေးရွာရှိ ဆား၊ ဆပ်ပြာပေါက်စနယ်မြေတွင် စိုက်သမျှသီးနှံများအထွက်နှုန်း မကောင်းသော်လည်း မိရိုးဖလာလုပ်ငန်းဖြစ်၍ နှစ်စဉ်စိုက်ပျိုးနေရကြောင်းလည်း သိရှိရသည်။

"ကျွန်တော်တို့ဒေသက မြေသဘာဝ ဆား၊ ဆပ်ပြာပေါက်မြေပဲရှိတာ။ ဒီမြေမှာပဲ စပါးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိရိုးဖလာလုပ်ငန်းလည်း၊ မိသားစုဝမ်းစာအရေးဆိုတော့ နှစ်စဉ်စိုက်နေရတာပဲ။ အခုတော့ ဆား၊ ဆပ်ပြာပေါက်မြေကို မြေကောင်းဖြစ်အောင် မြေလဲတဲ့စနစ်၊ ကျောက်မှုန့်ထည့်တဲ့စနစ်၊ လယ်ကွင်းပတ်လည်မှာ ရေစိမ့်မြောင်းတူးတဲ့ စနစ်တွေကို ပြုပြင်လို့ရတယ်ဆိုတာ သိလာရတယ်။

"ပြီးတော့ ကျွန်တော်တို့ဒေသစပါးထက် အထွက်ကောင်းတဲ့စပါးမျိုး ခြောက်မျိုးစမ်းသပ်စိုက်ပျိုးတာကိုလည်း သူတို့စရိတ်နဲ့သူတို့လာရောက်လုပ်ပေးတယ်။

"ဒေသရေ၊ မြေ၊ သဘာဝနဲ့ကိုက်ညီတဲ့ စပါးမျိုးကိုလည်းအလကားဖြန့်ဝေပေးဦးမယ် ဆိုတော့ကျွန်တော်တို့ ဒေသခံတောင်သူတွေအတွက် အများကြီးအကျိုးရှိ လာတော့မှာဖြစ်လို့ ဝမ်းလည်းသာရ၊ကျေးဇူးလည်းတင်ရပါတယ်" ဟု တောင်သူဦးမြင့်စိုးက ပြောပြသည်။

**ဖေထွေးအေးဇော်(ရေစကြို)**

# အိမ်ထောင်စုစာရင်းကို အခြေခံပြီး မဲစာရင်းပြုစုနေခြင်းကြောင့် ပိုမိုတိကျခိုင်မာ သည့်မဲစာရင်းတစ်ခုရရှိလာနိုင်



**မိတ္ထီလာ မေ ၁၅**

မကြာမီကာလတွင် မြန်မာနိုင်ငံအတွက် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရန်အတွက် အခြေခံလုပ်ငန်းတစ်ခုဖြစ်သည့် မဲစာရင်းပြုစုခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ မေလကုန်ခန့်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ သိရသည်။

ယခု ၂၀၁၅ ခုနှစ်တွင် ထူးခြားချက် အနေဖြင့် ၆၆/၆ ဟုခေါ်သော အိမ်ထောင်စုစာရင်းကို အခြေခံပြီး မဲစာရင်းပြုစုနေခြင်းကြောင့် ပိုမိုတိကျခိုင်မာ သည့်မဲစာရင်းတစ်ခုရရှိလာနိုင်ပါကြောင်း အဆိုပါ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ သိရသည်။

မကြာမီကျင်းပတော့မည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ကြိုတင်ပြင်ဆင်မှုအပိုင်းများနှင့်ပတ်သက်ပြီး ယခင်က အခြေခံမဲစာရင်းပြုစုခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လူဦးရေစာရင်းနှင့် လဝကမှ လူဦးရေစာရင်းကို အခြေခံပြုစုခြင်းဖြစ်သည်။

" မဲစာရင်းတွေ ပြုစုရာမှာ ရှိတဲ့ကွန်ပျူတာတွေနဲ့ မဲစာရင်းစာအုပ်ထုတ်တဲ့စနစ်မဟုတ်တော့ဘဲ IFEF လို့ခေါ်တဲ့ နိုင်ငံတကာအကူအညီနဲ့ စက်တွေရယူပြီး ပြုစုနေခြင်းဖြစ်ပါတယ်။

ယခုလက်ရှိတွင် မဲစာရင်း ကိုးသောင်း ပတ်ဝန်းကျင်ခန့်ရရှိနေပြီဖြစ်ပါတယ်။ မေလကုန်ခန့်မှာ ပြီးစီးမယ်လို့တော့ ခန့်မှန်းထားပါတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောကြားခဲ့သည်။

"၂၀၁၀ နဲ့ ၂၀၁၂ ရွေးကောက်ပွဲတုန်းက ၁၈ နှစ်ပြည့်ပြီး မဲပေးခွင့်ရှိတဲ့သူအရေအတွက်ဟာ နှစ်သိန်းဝန်းကျင်ပဲရှိခဲ့ပါတယ်။ အခု ၂၀၁၅ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြု စုနေတာမှာ နှစ်သိန်းငါးသောင်းဝန်းကျင်ခန့်ဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ယခု လက်ရှိမှာ မဲရုံပေါင်း ၂၇၈ ရုံစီစဉ်ထားပေးမယ့် လူဦးရေစာရင်းအတိအကျ ထွက်လာပြီးလို့ မဲရုံအရေအတွက်ထပ်မံ လိုအပ်လာရင်လည်း ထပ်တိုးပေးဖို့ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မဲရုံတစ်ရုံတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေးစသည်ဖြင့် တာဝန်ပေးအပ်ဆောင်ရွက်ရမှာဖြစ်ပြီး ယင်းအဖွဲ့များကိုလည်း သူ့ကဏ္ဍနဲ့သူ သင်တန်းများဖွင့်လှစ်ပို့ချသွားရန်ရှိကြောင်း၊ မေလအထိ အခြေခံမဲစာရင်းပြုစုရမှာဖြစ်ပြီး အဆိုပါသက်ဆိုင်ရာအဖွဲ့အသီးသီးတို့အတွက် သင်တန်းများကိုလည်း မေလကုန်လောက်မှာ ဖွင့်လှစ်ပို့ချသွားဖို့ရှိကြောင်း သိရသည်။

"ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ပြည်သူတွေသိသင့်သိထိုက်တဲ့အရာတွေ သိချင်ရင်လည်း အချိန်မရွေးဖြေကြားပေးနေပါတယ်။ ဟောပြောပွဲတွေလည်း လုပ်သွားဖို့ရှိပါတယ်။ ဥပမာ မဲစာရင်းတွေကပ်တဲ့အချိန်မှာ ကိုယ့်နာမည် ပါသင့်လျက်နဲ့မပါခဲ့ရင် မဲစာရင်းကြေညာထားတဲ့ ရပ်ကွက်ကော်မရှင်ရုံးတွေမှာ ပုံစံ(၃)ဖြည့်ပြီး တောင်းလို့ရတယ်။ မဲစာရင်းမှာ အမည်မပါသင့်ဘဲ ပါလာရင် မဲစာရင်းမှအမည်ပယ်ဖျက်ပေးရန်တောင်းဆို လွှာဆိုတဲ့ ပုံစံ(၃)(ခ)နဲ့ တောင်းဆိုနိုင်ပါတယ်။

" နောက်တခါ မဲစာရင်းမှာ ပါသင့်လျက်မပါ၊ မပါသင့်လျက်ပါနေတာတွေ ရှိရင် ပုံစံ(၄) မဲစာရင်းနဲ့စပ်လျဉ်းတဲ့ကန့်ကွက်လွှာနဲ့ တင်ပြ တောင်းဆိုနိုင်ပါတယ်။ နောက်တစ်ခုက ကိုယ်က တခြားတစ်နေရာမှာမဲပေးမယ်ဆိုရင် အခြားဒေသတစ်ခုသို့ပြောင်းရွှေ့မှာ ဖြစ်ရင် မဲစာရင်းမှ အမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာ ပုံစံ(၄)(က)နဲ့ တင်ပြတောင်းခံနိုင်ပါတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ဆက်လက်ရှင်းပြခဲ့သည်။

"၂၀၁၀၊ ၂၀၁၂ ရွေးကောက်ပွဲတွေမှာ တုန်းက အတွေ့အကြုံတွေပေါ့နော်။ တချို့ အသက်(၁၈)နှစ်ပြည့်ပြီးလို့ မဲပေးခွင့်ရှိသူတွေမှာ မှတ်ပုံတင်မရှိကြပါဘူး။ နိုင်ငံတော်ကလည်း မိုးပွင့်အထူးစီမံချက်နဲ့ ဒီကိစ္စကိုဆောင်ရွက်ပေးနေပါတယ်။

"ဒါပေမယ့် အချိန်မီရောက်မလာခဲ့ရင်လည်း မိုးပွင့်စီမံချက်အရ ထပ်မံရောက်ရှိလာသည့်မဲဆန္ဒရှင်စာရင်းတွေကို ထပ်ပြီးလိုက်ထည့်ရတာလေးတွေ တော့ရှိတာပေါ့။ မြို့နယ်လဝကဦးစီးမှူးအနေနဲ့လည်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်မှာ အဖွဲ့ဝင်တစ်ဦးအနေနဲ့ပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ တခြားထူးထူးခြားခြားအခက်အခဲတော့မရှိပါဘူး"ဟု မဲစာရင်းပြုစုရာတွင် တွေ့ကြုံရတဲ့ အခက်အခဲများနှင့် ပတ်သက်ပြီး ဦးသန်းဝင်းက ဆက်လက်ဖြေကြားခဲ့သည်။

**ဖြိုးစန္ဒာမြင့်(ကြေးမုံ)**

# အေးသာယာမြို့ မီးလင်းရေးအတွက် ဒေသခံများနှင့်တွေ့ဆုံ

**တောင်ကြီး မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရပ်ကွက် ၁၂ ရပ်ကွက် လျှပ်စစ်မီးလင်းရေးအတွက် ပြည်သူလူထုနှင့်တွေ့ဆုံပွဲကို မေ ၁၂ရက် မွန်းလွဲ ၂ နာရီတွင် အေးသာယာမြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဦးစိုင်းထွန်းရင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အေးသာယာမြို့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လျှပ်စစ်မီးလင်းရေးကော်မတီဝင်များနှင့် ရပ်ကွက်ပြည်သူလူထုများ စုစုပေါင်းအင်အား ၇၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

လျှပ်စစ်မီးလင်းရေးတွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က အေးသာယာမြို့ရှိ ရပ်ကွက် ၁၂ရပ်ကွက်တွင် ပြည်သူလူထုများအတွက် လျှပ်စစ်မီးများ သွယ်တန်းခြင်း၊ ဓာတ်တိုင်များကို ကွန်ကရစ်တိုင်ဖြင့် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့ပေါ်တွင် ထရန်စဖော်မာ မရှိသေးသော ရပ်ကွက်များကို တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဓာတ်တိုင်သည် အများအားဖြင့် သစ်သားတိုင်များဖြစ်ခြင်း၊ နှစ်ကာလကြာမြင့်ပြီး ဆွေးမြည့်နေသည့်အတွက် ကွန်ကရစ်တိုင်များ လဲလှယ်ပေးရန်နှင့် အေးသာယာမြို့၊ အမှတ်(၃)ရပ်ကွက်လမ်းဘေးရှိ စံပယ်လမ်း၊ နှင်းဆီလမ်းနှင့် ခွာညိုလမ်းများရှိ ဓါတ်တိုင်များကိုလည်း လဲလှယ်ပေးပြီး လုံခြုံရေးအတွက် လမ်းမီးပါ တပ်ဆင်ခွင့်ပြုပေးစေလိုကြောင်း၊ အဆိုပါလမ်းမီးအတွက် မီတာတစ်လုံးတပ်ဆင်အသုံးပြုခွင့်ပြုစေလိုကြောင်း ပြည်သူလူထုကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူးက တင်ပြတောင်းဆိုခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တစ်ဦးကလည်း ကျန်းမာရေးအတွက် ဆေးပေးခန်း လိုအပ်လျက်ရှိကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးနိုင်ပါရန် တင်ပြတောင်းဆိုခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်



**ထီးလင်း မေ ၁၅**

သင်္ကြန်ကာလအတွင်း ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် သတိပေးမြေစိုက်ပိုစတာများကို လမ်းဆုံများတွင်စိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသံချဲ့စက်များဖြင့် သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားသည်။

ထို့ပြင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းဦးစီး၍ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်စိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်ဖြူလှ၊ မြို့နယ်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ဒုတိယဦးစီးမှူး ဦးဆန်းဦးတို့ပါဝင်သည့်အဖွဲ့သည် သင်္ကြန်ကာလတွင် ယာဉ်မောင်းများလိုက်နာရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်း၊ သတိပေးခြင်း၊ မူခင်းအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးတို့ကို နှိုးဆော်ကြ၍ အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(၄၆၅)**

အတွေးအမြင်

# အကောင်းဘက်က မြင်ကြည့်ပါ

ကျော်ကျော်(၁၆)





မကောင်းတဲ့ အမြင်နဲ့ ကြည့်ရင် လောကမှာ ပေါင်းနိုင်စရာ ပုဂ္ဂိုလ် မရှိပါ။ ကောင်းတဲ့ အမြင်နဲ့ ကြည့်တတ်ရင်လည်း လောကကြီးမှာ မပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိပါ။

ဆရာတော်အရှင်သူမြတ်တစ်ပါးရဲ့ ဗုဒ္ဓနည်းကျ ရှုမြင်မှုလေးပါ။

လူ့ဘောင်ဘဝ လူ့လောကကြီးထဲက ဖြစ်စဉ်ဖြစ်ရပ်တွေမှာလည်း မကောင်းတဲ့အမြင်နဲ့ ကြည့်မယ်ဆိုရင် လက်ခံနိုင်စရာ ဖြစ်စဉ်ဖြစ်ရပ် လုပ်ဆောင်ချက်၊ ကြိုးပမ်းအားထုတ်မှုဆိုတာ မရှိနိုင်ပါ။

သို့သော် ကောင်းတဲ့အမြင်နဲ့ ကြည့်တတ်မယ်ဆိုရင်တော့ လက်မခံနိုင်စရာ ဖြစ်စဉ်ဖြစ်ရပ်၊ လုပ်ဆောင် ကြိုးပမ်းချက်ဆိုတာ မရှိနိုင်ဘူးလို့ သုံးသပ်ရှုမြင်မိပါတယ်။

စာရေးသူ ဒီစကားတွေနဲ့ နိဒါန်းချီနေတာ "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း" ဆိုတဲ့ မြန်မာနိုင်ငံသားအားလုံး ဘယ်လိုပြောရမှန်း မသိအောင် ဝမ်းမြောက်ဝမ်းသာဖြစ်ရမယ့် သမိုင်းဝင်ဖြစ်စဉ်ဖြစ်ရပ်၊ လုပ်ဆောင်ကြိုးပမ်းချက်အပေါ် သံသယအမြင်မကြည်မလင်နဲ့ ရေးကြပြောကြသံ တချို့ကြောင့် ကြည်လင်ရွှင်ပြ ဝမ်းမြောက်ကြစေလိုတဲ့ စေတနာနဲ့ အမြင်တချို့ကို တင်ပြချင်လို့ပါ။

ကျွန်တော်ဟာ စစ်မှုထမ်းဟောင်းတစ်ဦးပါ။ ၁၉၇၁ ခုနှစ် ဇန်နဝါရီလကနေ ၁၉၉၅ ခုနှစ် ဇွန်လအထိ ကျွန်တော်ဟာ တပ်မတော်သားတစ်ယောက်ပါ။ ၂၅ နှစ်ကျော် စစ်သည်တစ်ဦးဘဝမှာ ကျွန်တော်ရဲ့ ရှေ့တန်းသက် အနည်းဆုံး ၁၀ နှစ်ကျော်ဟာ ရှေ့တန်းစစ်မြေပြင်မှာရှိခဲ့ပါတယ်။ ရက်ပေါင်း ၃၆၅၀ ကျော်ပါ။

တိုင်းရင်းသား ညီအစ်ကို မောင်နှမ အချင်းချင်း သေကျေပျက်စီးစေနိုင်တဲ့ လက်နက်ကြီးငယ်တွေနဲ့ စစ်တိုက်ကြတဲ့ စစ်ပွဲတွေဖြစ်ကြတဲ့ ရှေ့တန်းစစ်နယ် မြေတစ်ခုမှာ ပြည်ထောင်စုမြန်မာနိုင်ငံသား လူသားတစ်ဦးအနေနဲ့ စိတ်ကူးလေးနဲ့တင် တစ်နာရီလောက် ပါဝင်ပတ်သက်နေ ကြည့်စေလိုပါတယ်။

ပန်းနဲ့ပေါက်ကြတာမဟုတ်ပါ။ ခန္ဓာကိုယ်ကျိုးပဲ့ပျက်စီးကြီးငယ်ဒဏ်ရာများတစ်ယောက်၊ နှစ်ယောက် မဟုတ် အုံလိုက်ကျင်းလိုက် ဆယ်ဂဏန်းနဲ့ချီ ဒဏ်ရာရနိုင်၊ အသက်ပါ On The Spot သေနိုင်၊ မသေသေး လည်း ဒဏ်ရာနဲ့ သယ်ယူပို့ဆောင်မှုတွေကြားက နောက်ဆုံးဆေးရုံရောက်မှ သေ၊ မသေရင် လူစဉ်မမီ ဖြစ်စေနိုင်တဲ့ အနိဋ္ဌာရုံစစ်ပွဲတွေပါ။

စစ်သား၊ အရပ်သား မသေလို့ကျန်လည်း ခြေပြတ်၊ လက်ပြတ်၊ တစ်ဖက်ပြတ်၊ နှစ်ဖက်ပြတ် လူသားတစ်ယောက် လူသားအများ လူစဉ်မမီ ဖြစ်စေနိုင်တဲ့ စစ်ပွဲတွေပါ။

ကိုယ်တိုင် အစွမ်းမရှိပေမယ့် မေတ္တာထားကြတဲ့ မိဘ၊ ဆရာသမားများ မေတ္တာလွှမ်းခြုံမှု ကျေးဇူးကြောင့် စစ်မှုထမ်းဟောင်းဘဝကို အသက်မသေ ကျန်နေခဲ့ပေမယ့် ကိုယ့်မျက်စိအောက်မှာ လူသူမနီးတောကြီးထဲက စစ်သည်အရပ်သား ကျဆုံး၊ သေဆုံး၊ မြုပ်နှံခြင်းတွေ၊ ခြေပြတ်၊ လက်ပြတ်လူစဉ်မမီ ရဲဘော်ရဲဘက် လုပ်ဖော်ကိုင်ဖက်တွေ ကြုံတွေ့ခဲ့တာမြောက်မြားစွာပါ။

ငြိမ်းချမ်းရေး ဘယ်သူအလိုချင်ဆုံးလဲလို့မေးရင် စာရေးသူက(ကျွန်တော်အလိုချင်ဆုံး)လို့ ရင်ကော့ပြောချင်ပါတယ်။ စာရေးသူ စစ်ပြန်ကြီးက ယခုအသက်ရှင်နေလျက်ပါ။ ဒါပေမယ့် အသက်စွန့်ခဲ့သူများစွာ၊ ကိုယ်လက်အင်္ဂါစွန့်ခဲ့သူများစွာတို့အတွက် နောက်ဒီစစ်ပွဲတွေရှိနေဦးမယ်ဆိုရင် ဆိုင်ဆိုင်မဆိုင်ဆိုင်၊ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဒီနယ်မြေ ဒီဒေသမှာပါဝင်နေရမယ့် ပြည်သူတွေ စစ်သည်တွေ နောက်ထပ်ခြေလက်အင်္ဂါတွေ မစွန့်လွှတ်ကြစေချင်လို့ပါ။ အသက်တွေမစွန့်ကြစေချင်လို့ပါ။ အသက်နဲ့ခန္ဓာမြဲကြစေချင်လို့ပါ။

သာမာန်နာရီပိုင်း၊ စစ်ပွဲလေးတစ်ပွဲရဲ့ အနိဋ္ဌာရုံကို ဒီဒေသ ဒီနယ်မြေ ဒီတိုက်ပွဲတွေမှာပါဝင်နီးစပ်ခဲ့ရင်သိနိုင်ပါတယ်။

မပါဝင် မနီးစပ်ခဲ့ရင်လည်း သွယ်ဝိုက်သော အတွေ့အကြုံဗဟုသုတများနဲ့ နားလည်ခံစားကြည့်ကြစေလိုပါတယ်။

ပြည်သူတစ်ဦး၊ စစ်သည်တစ်ဦး ခြေလက်အင်္ဂါ စွန့်လွှတ်ရရင် သူ့ရဲ့စိတ်ပိုင်းဆိုင်ရာ ခံစားချက် သူ့ရဲ့အချိန်၊ လုပ်အားတို့ကို တွက်ကြည့်ကြပါ။ ဆက်လက်ဖြတ်သန်းရမယ့် ဘဝခရီးကို ဝင်လျှောက်ကြည့်ကြပါ။

ပြည့်သူတစ်ဦး၊ စစ်သည်တစ်ဦး ကျဆုံး၊ သေဆုံးရင် သူ့ကိုမှီခိုရတဲ့ မိသားစုရဲ့ ရှေ့ဆက်ရမယ့်ခရီး၊ ဖြတ်သန်းရမယ့် လူ့ဘဝသက်တမ်း အရွယ်မရောက်သေးတဲ့ မှီခိုသူ သားသမီး၊ ဆွေမျိုးတို့ရဲ့ သောကကို ကိုယ်ချင်းစာကြည့်ပါ။ စစ်ပွဲရှိတဲ့ဒေသတွေမှာ စိတ်ကူးလေးနဲ့ ခဏလေးနေကြည့်ပါ။ စစ်ရှိလို့ ကိုယ့်ဒေသမှာ ကိုယ်မနေနိုင်၊ စစ်ဘေးကိုရှောင် ခဲ့ရတဲ့ ဒုက္ခ၊ နေ့စဉ်စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းမှုအတွက် စိုက်ပျိုးထွန်ယက်စားသောက်ခြင်းကို စွန့်ရတဲ့ ဘဝ၊ ကလေး သူငယ်တွေ ပညာရေးဆုံးရှုံးရတဲ့ဘဝ။ ကလေးသူငယ်ရော သက်ကြီးရွယ်အိုပါ ကျန်းမာရေးစောင့်ရှောက်မှုမရတဲ့ဘဝ အခြေအနေတွေ၊ ပညာရေး၊ ကျန်းမာရေး နိမ့်ကျလို့ မဆောင်ရွက်နိုင်တဲ့ဒေသဖွံ့ဖြိုးရေးတွေ၊ မအေးချမ်းလို့မသာယာ၊ မသာယာလို့ ခေတ်မမီ၊ ခေတ်မမီလို့ မဖွံ့ဖြိုး၊ မဖွံ့ဖြိုးလို့မတိုးတက် မုန့်လုံးစက္ကူကပ်သလို နိမ့်ကျတဲ့ လူနေမှုဘဝ။အဲဒါမှစစ်ကြောင့်၊ စစ်ပွဲကြောင့်၊ တိုက်ပွဲကြောင့်၊ မငြိမ်းချမ်းမှုကြောင့်ဖြစ်ရတဲ့ လူအခွင့် အရေးဆုံးရှုံးမှုပါ။ (ဆုံးရှုံးရမှုမှန်သမျှ ညီရင်းအစ်ကိုမောင်ရင်းနှမ ကိုယ့်တိုင်းရင်းသား မိသားစုတွေပါ။ နှစ်ဖက်တိုက် ပွဲဝင်ကြသူအားလုံးကို ရည်ညွှန်းတင်ပြခြင်းဖြစ်ပါတယ်။)

စာရေးသူမှာစစ်ပွဲနဲ့ စစ်ပွဲရဲ့အနိဋ္ဌာရုံတွေရေးပြစရာအများကြီးပါ။ အချိန်နဲ့စာမျက်နှာကိုငဲ့ရပေမယ့် ဒီဆောင်းပါးကို စာရေးသူလိုက်လိုက်လှဲလှဲ ရေးသားတင်ပြခြင်းပါ။

ကောင်းသော၊ မင်္ဂလာရှိသော လူသားအားလုံးအတွက် (အနည်းဆုံး ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံသားများအတွက်) အကျိုးရှိသော ဝမ်းမြောက်ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ် ကြိုးပမ်းဆောင်ရွက်မှုအပေါ်မှာတော့ အကောင်းမြင်ကြပါ။

အပြုသဘောကုသိုလ်စိတ်နဲ့ မှန်ကန်စွာနှလုံးသွင်းကြပါ။ အမိနိုင်ငံတော်နဲ့ နိုင်ငံသားများကို ချစ်ကြသူ အားလုံးသတိမူကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

စစ်ပွဲအောင်နိုင်ဖို့ စစ်သူကြီးတွေ စွမ်းဆောင်နိုင်ကြပါတယ်။

စစ်ပွဲတွေ ရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ ခက်ခဲပါတယ်။ ငြိမ်းချမ်းရေးရဲ့ အရသာကို မငြိမ်းချမ်းခဲ့သူတို့ အသိဆုံးပါ။

(ငြိမ်းချမ်းတဲ့နယ်မြေက လူသားတွေလည်း မငြိမ်းချမ်းသူတို့ရဲ့ဘဝနေရာတွေလို ဝင်ရောက်ခံစား ထပ်တူထပ်မျှ ကိုယ်ချင်းစာနားလည်ပေးကြပါ။)

ရတော့မယ့် ငြိမ်းချမ်းရေးကို အပြုသဘောနဲ့ ကြိုဆိုကြပါ။ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်တင်မက ငြိမ်းချမ်းရေးအလင်းတန်းကို မြင်ရပြီဆိုတာကို လက်ခံကြပါ။

စာရေးသူ (ငြိမ်းချမ်းရေးကို ကျွန်တော်အလိုချင်ဆုံး) လို့ တင်ပြခဲ့ပါတယ်။

တိုက်ပွဲတွေနဲ့ ရင်းနှီးပြီး ခါးသီးတဲ့ အတွေ့အကြုံဒဏ်ချက်တွေခံစားဖူးသူမို့ လူသားအားလုံး ငြိမ်းချမ်းစေချင်တဲ့ နှလုံးသားက ခံစားပေါ်ထွက်လာတဲ့စကားလုံးပါ။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် မူကြမ်းကြီး အတည်ပြုလက်မှတ်ထိုးနိုင်ခြင်းက စစ်ပွဲတွေရပ်တန့်ဖို့ ဘေးလူတစ်ယောက်ယောက်က ညှိပေးခဲ့ရတဲ့ လွယ်လွယ်ဖြစ်စဉ်မျိုး မဟုတ်ပါ။ တော်တော် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ရတဲ့ တည်ဆောက်မှုပါ။ သေနတ်ပြောင်းဝချင်းတေ့ထားတဲ့သူတွေ မွန်မြတ်တဲ့သည်းခံခြင်း နှလုံးသားနဲ့ မေတ္တာတရားတွေ ရင်မှာပိုက်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ရင်းနှီးကြိုးပမ်းလို့ရခဲ့တဲ့ရလဒ်ပါ။ အဖိုးဖြတ်လို့မရတဲ့ ရလဒ်အမွေကောင်းကြီးပါ။

နှစ်ပေါင်း ၆၀ ကျော် မငြိမ်းချမ်းတဲ့ ဆိုးကျိုးများကို ခံစားခဲ့ကြရပြီးပါပြီ။ ယခု ငြိမ်းချမ်းရေးတံခါးတစ်ချပ် ပွင့်ခဲ့ပါပြီ။ ငြိမ်းချမ်းရေးတောင်ကုန်းတစ်ကုန်းကို စတက်လိုက်ပါပြီ။ တံခါးတွေဆက်ဖွင့်ကြ၊ တောင်ကုန်းတွေ ဆက်တက်ကြရဦးမှာပါ။

မကောင်းတဲ့အမြင် အာဃာတ အမုန်းတရား အမွေဆိုးတွေကို သင်ခန်းစာယူပြီး ဝိုင်းဝန်းကြိုးပမ်းပူးပေါင်း ဆောင်ရွက်ကြလို့ ဖြစ်ပေါ်ရရှိလာတဲ့ ငြိမ်းချမ်းရေးသူရဲကောင်းများ (ပူးပေါင်းပါဝင်ပတ်သက်ကြိုးပမ်းဆောင် ရွက်ကြသူအားလုံးကို ရည်ညွှန်းပါသည်။) ကြိုးပမ်းမှုရလဒ်ဖြစ်တဲ့ ငြိမ်းချမ်းရေးရောင်ခြည်ကို အမိမြန်မာနိုင်ငံကို တကယ့်မျိုးချစ်စိတ်နဲ့ ချစ်မြတ်နိုးကြသူအားလုံး နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် တကယ်လက်ဝယ်ပိုင်ပိုင် ရရှိလာတော့မယ့် ငြိမ်းချမ်းရေးကြီးအတွက် တက်စွမ်းသမျှ တစ်ထောင့်တစ်နေရာစီကနေ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တပ်လှန့်နှိုးဆော်အပ်ပါတယ်။ ။

# ရခိုင်ပြည်နယ်၏ စစ်တွေမြို့၌ အတင်အချပြုလုပ်နိုင်သည့် ဆတ်ရိုးကျတံတားဖွင့်



**စစ်တွေ ဧပြီ ၁၂**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ဆတ်ရိုးကျချောင်းကို အဆင့်မြင့်မြင့် ကူးဖြတ်နိုင်သော တံတားပင်မ အဖြစ်အတင်အချပြုလုပ်ထားသည့် ဆတ်ရိုးကျတံတားဖွင့်ပွဲကို ဧပြီ ၁၂ ရက် နံနက် ၈ နာရီက အဆိုပါ တံတားမုခ်ဦးရှေ့၌ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

စစ်တွေမြို့နယ်တွင် ဆတ်ရိုးကျချောင်းဖြတ်သန်း စီးဆင်းလျက်ရှိရာတွင် ရွာကြီးမြောက် ရပ်ကွက်နှင့် ဆတ်ရိုးကျမြို့သစ်ဘက်ကမ်းတို့ကို ယခင်က ကူးတို့စက်လှေငယ်များဖြင့်သာကူး၍ ခက်ခက်ခဲခဲသွားခဲ့ရကြောင်း သိရသည်။

ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးနှင့် စက်လှေများ၊ သင်္ဘောများရာသီ မရွေး သွားလာနိုင်ရေးအတွက် ဆတ်ရိုးကျချောင်းကူးတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်နယ်အစိုးရနှင့် ကုမ္ပဏီတို့ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆတ်ရိုးကျတံတား၏ ထူးခြားချက်မှာ ပင်မတံတားကို အတင်အချပြုလုပ်နိုင်သည့်စနစ်ကို အသုံးပြုထားပြီး ရခိုင်ပြည်နယ်တွင် တစ်ခုတည်းသော အဆင့်အမြင့်ဆုံး တံတားဖြစ်သည်။

အဆိုပါ တံတားပေါ်မှ မော်တော်ယာဉ်များ လွယ်ကူစွာသွားလာနိုင်သလို တံတားအောက်မှလည်း စက်လှေများ သင်္ဘောများလည်း ရာသီမရွေး သွားလာနိုင်ရာ စစ်တွေမြို့နယ်အတွက် အကျိုးကျေးဇူးများစွာရရှိနိုင်သော တံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။ (ယာပုံ)

**ပြည်နယ်ပြန်/ဆက်**

# အင်းလေးကန်ရေလျော့နည်းရသည့်အကြောင်းရင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၂၈၈၀ အမြင့်တွင်တည်ရှိသည့်အင်းလေးကန်သည် မြန်မာနိုင်ငံ၏ကုန်းတွင်းရေအိုင်ကြီးများအနက် ဒုတိယအကြီးဆုံးရေအိုင်ကြီးဖြစ်ပြီး အာဆီယံယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ခံရသော ကျော်ကြားလှသည့် သဘာဝရေအိုင်ကြီးဖြစ်ပါသည်။

တန်ခိုးကြီးဘုရားများ၊ ထူးခြားသောရေလယ်ရွာကြီးများ၊ ရေပေါ်ကျွန်းမျော စိုက်ခင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရေတိမ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့အပြားမှခရီးသွားဧည့်သည်အများဆုံးလာရောက်လည်ပတ်သော ရေအိုင်ကြီးလည်း ဖြစ်သည်။

အင်းလေးကန်သည် အင်းသားလူမျိုးများအတွက်မရှိမဖြစ် သဘာဝအမွေအနှစ်တစ်ခု ဖြစ်သည်။ ဒေသခံအင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရိုးရာလက်မှုလုပ်ငန်းများအပါအဝင် ခရီးသွားလုပ်ငန်းများအားလုံး အင်းလေးကန်ကိုအခြေပြု၍ ဆောင်ရွက်ကြရသည့်အတွက်အင်းလေးကန်သည် ဒေသဖွံ့ဖြိုးရေးအတွက်မရှိမဖြစ်သော ကုန်းတွင်းရေအိုင်ကြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏အကြီးဆုံးရေအားလျှပ်စစ်စွမ်းအားထုတ် လုပ်ပေးရာလောပိတရေအားလျှပ်စစ်စက်ရုံ၏ အဓိကရေအရင်းအမြစ်တစ်ခုဖြစ်သောကြောင့် မြန်မာနိုင်ငံသားတိုင်းအတွက် အဖိုးမဖြတ်နိုင်သော သဘာဝအမွေအနှစ်တစ်ခုဖြစ်လေသည်။

အင်းလေးကန်၏ မူလရေပြင်အကျယ်သည် ၁၀၀ စတုရန်း မိုင်ခန့်ရှိခဲ့သော်လည်း ၂၀၁၄ခုနှစ် တိုင်းထွာချက်အရ တောင်မှမြောက်သို့ ၁၂ မိုင်နှင့် အရှေ့မှ အနောက် ၆ မိုင်ခန့်သာရှိတော့ကြောင်းနှင့် ကန်၏ရေအနက်ဆုံး နေရာမှာ မိုးရာသီ၌ ၁၂ပေ၊ နွေရာသီတွင် ၆ ပေခန့်သာ ကျန်ရှိပါတော့သည်။

သဘာဝပတ်ဝန်းကျင်ယိုယွင်း ပျက်စီးလာမှုကြောင့် အင်းလေးကန်တဖြည်းဖြည်းတိမ်ကောလာရသည့်အခြေအနေတွင် ရာသီဥတု ပြောင်းလဲမှုအကျိုးဆက်များကလည်း အင်းလေးကန်၏အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ ၂၀၁၀ခုနှစ်တွင် မြန်မာနိုင်ငံ၌ နှစ် ၅၀ အတွင်းစံချိန်တင်ပူပြင်းခဲ့ခြင်းနှင့် မုတ်သုံမိုးနောက်ကျခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးများတွင် ရေခန်းခြောက် ရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရသည်။

အဆိုပါအခြေအနေတွင် အင်းလေးကန်၌ ရေထိန်းထားမှုအနည်းဆုံးဖြစ်ကာ ရေပြင်ပမာဏအလျော့နည်းဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။ အပူချိန်ပြင်းထန်မှုနှင့်အတူ ရေများခန်းခြောက်သွားသဖြင့် ရေတိမ်ပိုင်းများသည် ကုန်းမြေကမ်းစပ်အဖြစ်ပြောင်းလဲသွားခြင်း၊ ကန်အတွင်း သောက်သုံးရေရှားပါးခြင်း၊ သွားလာရေး၊ သယ်ယူပို့ဆောင်ရေး ခက်ခဲသွားမှုကြောင့် ရေလမ်းကြောင်းများ တူးဖော်ဖောက်လုပ်သွားလာရခြင်း၊ အချို့ကျွန်းမျောများ ကုန်းသေအဖြစ်သို့ပြောင်းလဲသွားခြင်း၊ ငါးရှားပါးလာခြင်း၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း ကျဆင်းသွားခြင်းတို့ဖြစ်ပေါ်စေခဲ့သည်။

ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများကို ထိခိုက်စေခဲ့သည်၊ ထို့ကြောင့်လူသားများ၏ ပယောဂကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့်ပျက်စီးတိမ်ကောလာသော အင်းလေးကန်နှင့် ပတ်ဝန်းကျင်ရေဝေရေလဲဒေသအား အရှိန်အဟုန်ဖြင့် အချိန်မီထိန်းသိမ်းကာကွယ်ရန် လိုအပ်လာသည့်အတွက် တောင်ကြီးမြို့တွင် အင်းလေးကန်ရေရှည် တည်တံ့ရေးအလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့သေးကြောင်းမှတ်မိနေပါသေးသည်။

ယခုနှစ် ၂၀၁၅ခုနှစ်တွင်လည်း ဖေဖော်ဝါရီမှစတင်ပြီး အင်းလေးကန်ရေကျဆင်းမှုများရှိခဲ့ပြီး ဧပြီလအတွင်း ရေခန်းခြောက်မှုများပိုမိုကြုံတွေ့လာရပါသည်၊ အများအားဖြင့် ညောင်ရွှေမြို့အထွက် နမ့်ကပ်ချောင်းအတွင်းနှစ်မိုင်ခန့်တွင် ရေအနက်တစ်ပေခန့်သာအများအားဖြင့်ရှိသဖြင့်လည်းကောင်း၊ သမိုင်းဝင်ဖောင်တော်ဦးဘုရားအဝင်လမ်းတွင် သုံးမိုင်ခန့်ရေလမ်းများကောသဖြင့်လည်းကောင်း၊ ဖောင်တော်ဦးဘုရားမှ အလိုတော်ပြည့်ဘုရားသို့သွားရာရေလမ်း၊ ဖောင်တော်ဦး-သာလေး-နမ့်ပန်လမ်းများရေခမ်းခြောက်သွားသဖြင့် သွားလာ၍မရတော့သဖြင့်လည်းကောင်း၊ ဖောင်တော်ဦး-အင်းပေါ်ခုံ-ရွာမရေလမ်းကြောင်းသွားလာ၍ မရတော့သဖြင့် ၎င်းအင်းလေးကန်အတွင်းရေများလျော့နည်းပြီး လှေများသွားလာ၍ မရကြောင်းသတင်းများကျယ်ကျယ်လောင်လောင်ပေါ်ထွက်လာခဲ့ပါသည်။

သို့ဖြစ်၍ စာရေးသူနှင့် ညောင်ရွှေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးတို့သည် မြေပြင်အခြေအနေအဖြစ်မှန်အတိုင်းတင်ပြနိုင်ရန် ၂၀၁၅ခုနှစ် ဧပြီလ ၁၂ ရက်မှာ ညောင်ရွှေ-ဖောင်တော်ဦးအင်းလေးတစ်ခွင် ကွင်းဆင်းပြီး တွေ့ဆုံမေးမြန်းခဲ့မှုများအား တင်ပြလိုက်ရပါသည်၊ ရှေးဦးစွာစာရေးသူတို့အဖွဲ့သည် ညောင်ရွှေမှ ဖော်တော်ဦးဘုရားသို့ စက်လှေဖြင့် နံနက် ၈နာရီခွဲ ကနေစတင်ထွက်ခွာခဲ့ရာ စက်လှေမောင်းသူ ကိုသားငယ်အားလက်ရှိ ရေလမ်းကြောင်းအခြေအနေအားမေးမြန်းခဲ့ရာ ၎င်းက "လက်ရှိ ရေလမ်းအခြေအနေကတော့ နမ့်ကပ်ချောင်း အထွက်နှင့် ဖော်တော်ဦးဘုရားအဝင် ရေလမ်းအမှတ်(၁) (၃)မိုင်ခန့်မှာသွားလာ ရခက်ပါတယ်။ ရေတိမ်ပေမယ့် အောက်ခံမြေရွှံ့မြေဖြစ်လို့ ခရီးသည်နည်းရင်စက်လှေမောင်းလို့ရပြီး ဖောင်တော်ဦးဘုရားရင်ပြင်အထိ ခရီးသည်ကိုပို့ဆောင်ပေးရပါတယ်"လို့ပြောပြခဲ့သည်။

စာရေးသူတို့စက်လှေလည်း သတ်မှတ် စက်လှေလမ်းကြောင်းအတိုင်းဝင်ခဲ့ရာ ရွာမရေလမ်းကြောင်းအဝင်မှာရေနည်းပြီး စက်လှေအချို့ကုန်နှင့် လူဝန်များသဖြင့် တွန်းနေတာပါတွေ့မြင်ခဲ့ရသော်လည်း မိမိတို့စက်လှေမှာ ဖောင်တော်ဦးဘုရားသို့အခက်အခဲမရှိ ရောက်ရှိခဲ့ပါသည်။ ထို့အတူအခြားသောဘုရားဖူးစက်လှေများမှာလည်း ဖောင်တော်ဦးဘုရားခြေတော်ရင်းသို့ အသီးသီး ဆိုက်ရောက်လာပြီး ဘုရားဖူးပြည်တွင်း၊ ပြည်ပဧည့်ပရိသတ်များနှင့်စည်ကားလျက်ရှိတာ တွေ့ခဲ့ရပါတယ်၊ စာရေးသူတို့လည်း ဘုရားဖူးပြီးဒေသခံတာဝန်ရှိသူများနှင့် လက်ရှိအင်းလေးကန်အတွင်းဖြစ်ပေါ်နေမှုအခြေအနေအားတွေ့ဆုံမေးမြန်းခဲ့မှုအား တင်ပြလိုက်ရပါသည်-

**မေး - ဖောင်တော်ဦးဘုရားရေလမ်း အနေအထားများကိုရှင်းပြပေးပါလား။**

ဖြေ - ဒီနှစ် ရေလမ်းအဝင်အထွက် ခက်ခဲတာကတော့ ၂၀၁၅ ဖေဖော်ဝါရီလနောက်ဆုံးပတ်ကစပြီး ဖြစ်ခဲ့တာပါ၊ အဓိကကတော့ ဖောင်တော်ဦးဘုရားကနေ သာလေးကျေးရွာကဖြတ်ပြီး အလိုတော်ပေါက်ဘုရား၊ နမ့်ပန်ရေလမ်းကြောင်း၊ အင်းပေါ်ခုံ၊ ရွာမရေလမ်းကြောင်းများမှာ ရေခမ်းပြီး လှေများလုံးဝသွားလာနိုင်ခြင်းမရှိတာပါပဲ၊ အင်းလေးဖောင်တော်ဦးဘုရား ခြေရင်းအထိတော့ယနေ့ထိ လှေများဝင်ရောက်သွားလာနိုင်ဆဲပါ။

**မေး - ယခင်ကကောဒီလိုဖြစ်ခဲ့ဖူးပါသလား။**

ဖြေ - ၂၀၁၀ခုနှစ်ကတော့ တော်တော်အခြေအနေဆိုးဝါးစွာဖြစ်ခဲ့ပါတယ်၊ ဘုရားရင်ပြင်တော်နှင့် ကိုက် ၁၀၀ခန့်အထိ ရေများခန်းခြောက် ပက်ကြားအက်ကွဲတဲ့အထိဖြစ်ခဲ့ပါတယ်။

**မေး- လက်ရှိအနေအထားမှာ ဘုရားဖူးဧည့်သည်အခြေအနေဘယ်လိုရှိပါသလဲ။**

ဖြေ-ဘုရားဖူးဧည့်သည်ကတော့ ဆရာတို့မြင်တဲ့အတိုင်း နေ့စဉ်ပိုမိုလာရောက်လျက်ရှိပါတယ်။ ယခုရက်အတွင်း ပိုမိုများလာပါတယ်၊ နေ့စဉ် ဧည့်သည်ထောင်ကျော်ခန့်ရှိတယ်လို့ခန့်မှန်းပါတယ်။

**မေး - လက်ရှိရေလမ်းကြပ်တည်းမှုအပေါ် ဆရာအမြင်လေးပြောပါဦး။**

ဖြေ-အဓိကအခြေအနေကတော့ ဒီနှစ်မှာမိုးနည်းတာရယ်၊ နုန်းပို့ချမှုများတာရယ်၊ နုန်းပို့ချမှုများတာမှ ရွှံ့နွံဆိုရင် စက်လှေအားကောင်းကောင်းနဲ့မောင်းရင်ရသေးတယ်။ အင်းတိန်၊ရွာမအဝင်လမ်းတွေမှာ သဲ၊ နုန်းတွေဆိုတော့ လှေသွားလို့မရတော့ဘူး။

**မေး - ၂၀၁၀တုံးကလိုဖြစ်မယ်လို့ထင်ပါသလား။**

ဖြေ - မိုးမရွာပဲဆက်တိုက်ရေကျနေရင်ဖြစ်လာနိုင်ပါတယ်။

စာရေးသူတို့လည်းဆက်ပြီး ဘုရားရင်ပြင်တော်မှ တွေ့ရသည့်ဒေသခံတစ်ဦးဖြစ်သည့် ဦးတိုးအောင်၊ နမ့်ဟူးကျေးရွာမှလည်း တောင်အင်းခေါ်တဲ့စကားအင်းမှာရေများနေတယ်။ အင်းလေးမှာရေနည်းနေတော့ အင်းလေးကန်က နုန်းတွေနဲ့ကြမ်းပြင်မြင့်နေတယ်လို့ထင်မြင်ကြောင်းနှင့် ရေဆက်ကျနိုင်ကြောင်း၊ ဦးခင်မောင်ဝင်း၊ ရွာမကျေးရွာမှလည်း အင်းတိန်ဘက်ကကျေးရွာတွေမှာ နွေစပါးစိုက်ပျိုးတော့ ဘီလူးချောင်းကိုဆည်တမံလေးတွေလုပ်ပြီး ရေတားထားတာရယ် ညနေ ၆ နာရီကနေ မနက် ၄ နာရီအထိရေကိုလုံးဝပိတ်ထားတော့ ရေအဝင်နည်းတယ်လို့ထင်ကြောင်းဆက်လက်ပြောပြခဲ့သည်။ ဒီ့အပြင် ကိုရဲဝင်းညွန့်၊ သာလေးကျေးရွာကလည်း သူ့အမြင်ကို ဒီလိုပြောပြခဲ့ပါတယ်။ အခုအင်းလေးကန်ရေနည်းသည့်ကိစ္စ အင်းလေးထဲမှာ နေထိုင်ကြတဲ့ ရွာပေါင်း ၄၀၀ ကျော်မှ ရွာသူ၊ ရွာသားတွေနဲ့ လည်းတော်တော်ပတ်သက်ပါတယ်။ အခြားအကြောင်းတွေမပြောဘဲ အမှိုက်စွန့်ပစ်တဲ့ ကိစ္စပဲပြောကြည့်မယ်ဆို ကျွန်တော်တို့သာလေးရွာမှာ သုံးရက်တစ်ကြိမ်အမှိုက်သိမ်းတယ်၊ အချိန် ၂၀၁ ပိဿာထွက်တယ်။ ကျွန်တော်တို့က မီးရှို့ခြင်း၊ မြေသားဖြစ်စေရန် ခြံလုပ်မြှုပ်နှံခြင်းတွေလုပ်နေပါတယ်၊ တစ်ရွာထဲတောင်ဒီလောက်ထွက်နေတာ ရွာပေါင်း ၄၀၀ ကျော်ဆိုတော့ ဆရာတို့စဉ်းစားကြည့်ပါ။ ဒီအမှိုက်တွေစနစ်တကျမစွန့်ပစ်ရင်ဘယ်ရောက်သွားမလဲ၊ အင်းရေထဲရောက်သွားမှာပဲ၊ ဒီလိုပဲအင်းထဲအလည်လာကြတဲ့ ဧည့်သည်တွေလည်းအနည်းအများစွန့်ကြမှာပဲ၊ နှစ်ကာလကြာလာတော့ အင်းလေးကန်ကြမ်းပြင်မြင့်တက်လာတယ်။ ရေသိုလှောင်မှုလျော့လာတယ်လို့ထင်ကြောင်း၊ ဒ့ါအပြင်ထင်းခုတ်ပြီး ရောင်းချနေသူတွေကလည်း မြေသားများရေတိုက်စားမှုကိုပိုမိုဖြစ်ပေါ်စေကြောင်းဥပမာအားဖြင့် တောင်တိုဈေး၊ ခေါင်တိုင်ဈေးတွေမှာလာရောင်းတဲ့ထင်းတွေဟာ ဘယ်ကထွက်လဲစဉ်းစားပြီး တားမြစ်စေသင့်ကြောင်းပြောကြားခဲ့ပါတယ်။

စာရေးသူတို့လည်း ဖောင်တော်ဦးဘုရားဝန်းကျင် သာလေးကျေးရွာ၊ အင်းပေါ်ခုံရေလမ်းကြောင်း၊ ရွာမ ရေလမ်းကြောင်းတို့ကိုမှတ်တမ်းဓာတ်ပုံရိုက်ရင်း စက်လှေဖြင့်ညောင်ရွှေကိုပြန်လည်ထွက်ခွာလာခဲ့ပြီး လက်ရှိအင်းလေးကန်ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် ညောင်ရွှေမြို့ရှိ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့်ထပ်မံတွေ့ဆုံပြီး သိချင်တာလေးတွေထပ်မံမေးဖြစ်ခဲ့ပါတယ်-

**မေး - ဦးဌေးဝင်းအနေဖြင့် လက်ရှိအင်းလေးကန်ရေကျဆင်းနေတာလေးနဲ့ပတ်သက်ပြီး အမြင်လေးသိပါရစေ။**

ဖြေ - ဒီနှစ်မိုးရွာသွန်းမှုက ၂၀၁၃ကထက်မိုးရေချိန် ၂လက်မခန့်နည်းတယ်။ ပြီးတော့နမ့်ကပ်ချောင်းရေအနက်ကလည်းရှစ်ပေလောက်အထိသာရေတက်ပြီး ခုတော့ အနက်ဆုံးနေရာမှာ နှစ်ပေ ၂ပေခွဲခန့်သာရှိကြောင်း၊ ကန်ရေပြင် water level မနှစ်ကထက်ကျဆင်းနေသည့်အတွက် အတတ်နိုင်ဆုံးတားဆီးပေးနိုင်ရန် Geo-tube လို့ခေါ်တဲ့ ရေထိန်းရေဖြည့် အဆောက်အအုံ တစ်ခုကိုဘန်းကန်ကျေးရွာအထက်တစ်မိုင်မှာ တည်ဆောက်ပေးခဲ့ပါတယ်။

**မေး-ဆရာတို့အနေနဲ့ အင်းလေးကန်အတွင်း ရေလမ်းကြောင်းရှင်းလင်းခြင်းအပြင် အခြား ဆောင်ရွက်နေတာလေးတွေသိပါရစေ။**

ဖြေ-အဓိကဆောင်ရွက်ပေးနေတာကတော့ ဖောင်တော်ဦးဘုရားရေလမ်းကြောင်းများတူးဖော်ပေးခြင်း၊ ကျွန်းမျောများရှင်းလင်းခြင်း၊ သဲနုန်းများတူးခြင်း၊ Geo-tube တည်ဆောက်ပေးခြင်းများကို ခွင့်ပြုရန်ပုံငွေနှင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး-အင်းလေးကန်တိမ် ကောလာတဲ့အထဲမှာ သဲနုန်းပို့ချမှုကြောင့်လို့ပြောနေကြပါတယ်၊ ဆရာတို့ ဆောင်ရွက်နေတဲ့အတွေ့အကြုံလေးပြောပြပေးပါလား။**


ဖြေ-ဟုတ်ပါတယ်၊ အဓိကအင်းလေးကန်အတွင်းစီးဝင်တဲ့ချောင်းတွေကနေ သဲနုန်းပို့ချမှုတွေရှိပါတယ်။ အကြမ်းဖျင်းအားဖြင့် တစ်နှစ်ကျင်းသုံးသိန်းခန့် ပို့ချပြီး ကျွန်တော်တို့ဌာနမှ တစ်သိန်းခန့်သာရှင်းလင်းဖယ်ရှားပေးနိုင်ပါတယ်။ အဓိကအခက်အခဲကတော့ သဲနုန်းတွေကို စွန့်ပစ်ဖို့နေရာ မရှိတဲ့အခက်အခဲပါပဲ။ Geo-tube လုပ်သော်လည်း လောပိတအတွက် ရေအသုံးပြုခြင်း၊ သွားရေးလာရေးအတွက် ရေလမ်းကြောင်းဖွင့်ပေးရခြင်း၊ စိုက်ပျိုးရေးအတွက် တောင်သူများမှ ချောင်း၊ မြောင်းများ ဆည်တမံပြုလုပ်ခြင်းစသည့်အကြောင်းများကြောင့် အခုရာသီမှာ ရေအဝင်မရှိဘဲ အထွက်သာရှိနေသဖြင့်ကန်ရေဟာနေ့စဉ်ကျဆင်းနေမှာပဲလို့ပြောပြချင်ပါတယ်။

**မေး - ဆရာတို့ဌာနအနေနဲ့အင်းလေးကန်ရေဖြည့်တင်းပေးနိုင်ရန်အတွက် ဆောင်ရွက်ချက်များရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ - ရှိပါတယ်။ ညောင်ရွှေမြို့အဝင်သာစည်ကန်၊ နဒီကန်များကိုပြန်လည်တူးဖော်ခြင်း၊ ကန်ရေပြင်ကျယ်စေရန်ဒိုက်များရှင်းလင်းခြင်း၊ ရေထိန်းတံခါးများပြုပြင်ခြင်းတို့ကိုပြည်နယ် အစိုးရရန်ပုံငွေဖြင့်လည်းကောင်း၊ ဌာနရန်ပုံငွေဖြင့် လည်းကောင်းဆောင်ရွက်ခဲ့ပါတယ်၊ ဒီကန်နှစ်ခုမှာ ရေများများသိုလှောင်နိုင်မယ်ဆိုရင် စိုက်ပျိုးရေရသလိုအင်းလေးကန်ရေနည်းသွားတဲ့အချိန်မှာရေဖြည့်တင်းပေးနိုင်မယ်လို့မျှော်လင့်ပြီး ဆောင်ရွက်ခဲ့ပါတယ်ခင်ဗျား။

စာရေးသူတို့လည်း ဦးဌေးဝင်းအားနှုတ်ဆက်ပြီး ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့် သဘာဝဝန်းကျင်ယိုယွင်းမှု၊ ရာသီဥတုပြောင်းလဲမှုဂယက်များကြောင့် မြန်မာပြည်၏အဖိုးအဖြတ်နိုင်သည့် သဘာဝရတနာတစ်ပါးအားဒေသခံ၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့တို့အတူတကွလက်တွဲပူးပေါင်းဖြေရှင်းပြီး ကာကွယ်ထိန်းသိမ်းပါမှ ရေပေါ်မှာအိမ်ကလေးတွေဆောက်၊ ခြေဖြင့်လှေလှော်တဲ့ဒေသမှ အင်းလေးဖောင်တော်ဦးဘုရားနှင့် သာယာလှပသောရှုခင်းများအား ကမ္ဘာတည်သရွေ့ ရှင်သန်ဖူးမြော်နိုင်မည်ဟုတွေးရင်း တောင်ကြီးမြို့သို့ ပြန်လည် ထွက်ခွာလာခဲ့ပါတော့သည်။ **နေမျိုးသူရိန်(ညောင်ရွှေ)**





# ယခင်ထွက်ရှိခဲ့သော နာရီများအားလုံးထက် ပိုမိုအချိန်မှန်တိကျမှုကို ပေးစွမ်းနိုင်မည့် ပိုလန်၏စကြာအဏုမြူနာရီသစ်

ပိုလန်နိုင်ငံရှိ အဏုမြူ မော်လီကျူလာ၊ စကြာဆိုင်ရာ ရူပဗေဒဌာန (KL FAMO) ရှိ အမျိုးသားဓာတ်ခွဲ ခန်းက ကမ္ဘာ့ပထမဆုံးစကြာအဏုမြူနာရီအသစ်တစ်လုံးကို ဖန်တီးခဲ့သည်။ ယင်းနာရီသည် ကမ္ဘာပေါ်ရှိ ရှားပါးပစ္စည်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်လာလိမ့်မည်ဖြစ်ပြီး တစ်ဂ္ကနဲ့၏အမှားလေးတစ်ခုမှသည် နှစ်သန်းတစ်ထောင်အထိကိုပါ အချိန်ကာလအားဖြင့် တိကျစွာ ပြသပေးနိုင်မည်ဖြစ်သည်။

အဆိုပါပိုလန်နာရီသစ်ကို ကွန်ပျူတာများ၏ မျက်နှာပြင် (Desktop) များတွင်အသုံးပြုနိုင်မည် မဟုတ်ပေ။ ယင်းကို လက်ရှိတွင် KL FAMOရှိ အခန်းလေးခန်းတွင်သော အသုံးပြုနိုင်သေးပြီး အစိတ်အပိုင်းအားဖြင့် သုံးပိုင်းပါဝင်ကာ အဏုမြူ အရည်အသွေး၊ စကြာစက်သွားဘီးနှင့် အရည်အသွေးမြင့်မား အနုစိတ်လေဆာစနစ်ဟူ၍ ပါဝင်သည်။ စကြာအဏုမြူနာရီများသည် အလုံးစုံသစ်ဆန်းသော နည်းပညာတစ်ရပ်သာဖြစ်ပြီး ကမ္ဘာတစ်ဝန်းအသုံးပြုနေသော အချိန်အခြေခံ လက်တွေ့ဆန်းသပ်ချက်များတွင် အသုံးပြုနေဆဲဖြစ်သော သာမန်ငွေရောင်သတ္တုပျော့နာရီများအားလုံးထက် ပိုမိုတိတိကျကျ ဖော်ပြပေးနိုင်မည်ဖြစ်သည်။

သုတေသနပြုသူများက အဏုမြူအခြေခံနာရီတွင် စကြွာတီယံအဏုမြူ ၈၈၊ အချိန်ပိုမိုတိကျမှန်ကန် စေရန် ရေဒီယိုသတ္တိကြွစတြွာတီယံ ၈၇ကို အသုံးပြုထားသည်။ စကြွာတီယံ ၈၈ ကို အသုံးပြုရခြင်းမှာ နှစ်သန်းတစ်ထောင်၏ ထက်ဝက်ခန့်ကို တည်ငြိမ်စွာ ညွှန်းဆိုပြနိုင်ရန်ဖြစ်သည်။

ယင်းနာရီကို ထုတ်လုပ်ခြင်းမှာ လက်တွေ့စမ်းသပ်ချက်ပြုရာတွင် ပိုမိုတိကျသော အချိန်ကိုတိုင်းတာမှုပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ခြင်းဖြစ်သည်။ အစောပိုင်းကာလများက ဖြစ်ပေါ်ခဲ့သော အချက်အလက်များကို တိကျစွာ ဖော်ပြနိုင်ရန်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါနာရီသစ်သည် ပုံသဏ္ဌာန်အားဖြင့် ရိုးရှင်းသော်လည်း လေဆာထုတ်လွှင့်မှုက အလင်းတစ်ယူနစ်လျှင် ၄၂၉ ကြိမ်နှုန်းလောက်အထိရှိသည်။ ယင်းကြိမ်နှုန်းကို အီလက်ထရွန်နစ်နည်းစဉ်အရ တွက်ချက်ရန် အလွန်ဝေးကွာသော အခြေအနေ တစ်ရပ်တွင်ရှိနေသောကြောင့်အသုံးပြုသူများအနေဖြင့် အချိန်ကို တိုက်ရိုက်အသုံးပြုရန်မှာ မလွယ်ကူပေ။အဓိကအစိတ်အပိုင်းသုံးပိုင်းပါဝင်သော်လည်း ကမ္ဘာ့ပထမအချိန်အတိအကျဆုံးနာရီအမျိုးအစားသစ်ဖြစ်လာမည်ဖြစ်သည်။

**(မေလှဲ့သင်း)**

## အိုင်ဖုန်းများကိုယှဉ်ပြိုင်နိုင်မည့်ဝတ်ဆင်၍ရသော အန်းဒရိုက်ကိရိယာများ ဂူဂဲလ်တီထွင်မည်

နာမည်ကြီး နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော နာရီများကို လွှမ်းမိုးသွားနိုင်မည့် ဝတ်ဆင်၍ရသော အန်ဒရိုက် ဆော့ဖ်ဝဲများကို ဂူဂဲလ်က တီထွင်ပြုလုပ်၍ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း CNET သို့ ပြောကြားခဲ့သည်။

ယင်းကုမ္ပဏီသည် ယခုတီထွင်မည့် ဆော့ဖ်ဝဲလ်များတွင် apple ၏ ios ဆော့ဖ်ဝဲလ်နှင့် ဝိုင်ဖိုင် (Wi-fi) နည်းပညာများကို ထပ်မံပံ့ပိုးထားပြီးလာမည့် သီတင်းပတ်အနည်းငယ်အတွင်း အဆိုပါ ကိရိယာများကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း ဂူဂဲလ်၏ ယခုစီမံချက်နှင့် ပတ်သက်သူတစ်ဦးက ပြောသည်။

ယခုလက်ရှိတွင် ထုတ်လုပ်ထားသော စမတ်ထ်နာရီများသည် ဂူဂဲလ်၏ အန်းဒရိုက်နည်းပညာကို အခြေခံထားပြီး အခြားဝတ်ဆင်၍ရသော အန်းဒရိုက် စမတ်နာရီများတွင်သာ အသုံးပြုထားပြီး ဂူဂဲလ်၏ ထုတ်ကုန်များ အဖြစ် မတွေ့မြင်ရသေးသောကြောင့် အဆိုပါ ကုမ္ပဏီ၏ ပရိသတ်များက ဂူဂဲလ်၏ ဝတ်ဆင်၍ရသော အန်းဒရိုက်ကိရိယာများအပေါ် မေးခွန်းများ ထုတ်လာကြသည်။

ဆမ်းဆောင်း၊ ဆိုနီနှင့် မိုတိုရိုလာ မိုဘိုင်းကုမ္ပဏီများသည် ဝတ်ဆင်၍ရသော အန်းဒရိုက်နည်းပညာအပေါ် အခြေခံသည့် စမတ်နာရီများကို စျေးကွက်တွင်းဖြန့်ချိထားပြီးဖြစ်ကာ နည်းပညာစျေးကွက်ကို ဦးဆောင်လျက် ရှိသည်။ ပြီးခဲ့သည့် မတ်လတွင် ကျင်းပခဲ့သော ကမ္ဘာ့မိုဘိုင်းညီလာခံတွင် အယ်လ်ဂျီကုမ္ပဏီက ၎င်းတို့၏ အယ်ဂျ်နာရီကို မိတ်ဆက်ခဲ့ပြီး ဟွာဝေးကုမ္ပဏီကလည်း နီလာရောင်အသွေးကျသော မှန်နှင့်ပြုလုပ်ထားသည့် နာရီကို ကုမ္ပဏီ၏ ထုတ်ကုန်သစ်အဖြစ် ပြသခဲ့သည်။

**ခင်ခင်သက်**

## Dell ၏ 3000 Dual-Core Desktop ကို ဒေါ်လာသုံးရာဖြင့်ဖြန့်

Dell သည် ကွန်ပျူတာအသုံးပြုသူများအနေဖြင့် စျေးနှုန်းသင့်တင့်ပြီး အရည်အသွေးကောင်းမွန်သည့် 3000 Dual-Core Desktop ကို အမေရိကန်ဒေါ်လာ ၃၀၀ လောက်ဖြင့် စျေးကွက်သို့ ဖြန့်ချိပေးလိုက်သည်။ ယင်း PC သည် တန်ဖိုးအားဖြင့် နည်းပါးသော်လည်း Dua l0 Cose 3.6 GHz၊ HD (1600 MHz)၊ Bluetooth 4.0 နှင့် Wifi ထောက်ပံ့မှု 802.11b/g/2 တို့ ပါဝင်သည့်အပြင် USB ကီးဘုတ်နှင့် USB Mouse တို့ကိုလည်း အပိုထည့်သွင်းပေးထားသည်။

ယင်းမော်ဒယ်အမျိုးအစား PC သည် Windows 8.1 အထိ ထည့်သွင်းအသုံးပြုနိုင်ပြီးနောက်ပိုင်းတွင် Windows 10အထိ အပိုကြေးပေးဆောင်စရာမလိုဘဲ အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ Dell အနေဖြင့် အဆိုပါ Desktop ကို အွန်လိုင်းပေါ်မှ အမေရိကန်ဒေါ်လာ ၂၉၉. ၉၉ ဖြင့် စတင်ရောင်းချပေးနေပြီး ပစ္စည်းပေးပို့ခကိုလည်း Dell မှသာ ကျခံပေးသွင်းသွားမည်ဖြစ်သည်ဟု ET သတင်းဌာနက ဖော်ပြသည်။

**မေလှဲ့သင်း**

## ယာဉ်ကြောဆိုင်ရာပြဿနာရပ်များကိုစုံစမ်းစစ်ဆေးရန် ဒရုန်းများကိုအသုံးပြုလာ

ယာဉ်ကြောပြဿနာများဖြစ်သည့်ယာဉ်တိုက်မှုများ၊ယာဉ်ကြောပိတ်ဆို့မှုများစသည့်ပြဿနာများကိုစုံစမ်းစစ်ဆေးရာတွင်ပိုမိုအထောက်အကူပြုစေရန်အတွက်ကောင်းကင်မြင့်နည်းပညာရှုပ်များကိုရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပိုမိုအသုံးပြုလာကြသည်။လူထိန်းရန်မလိုသောမိုးပျံယာဉ်များ ဖြင့်မတော်တဆဖြစ်မှုအဖြစ်အပျက်များကိုမှတ်တမ်းတင်ထားရှိနိုင်ပြီဖြစ်သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့အတိုင်ပင်ခံဘီနွိုင်းပရာဟူကရှင်းပြခဲ့ရာတွင် "ဒီလိုမိုးပျံယာဉ်တွေကိုအသုံးပြုလာတဲ့အတွက်မတော်တဆထိခိုက်မှုတွေကိုကောင်းကင်ကြိုးချိတ်ဆက်ထားတဲ့အချက်အလက်တွေအဖြစ်သိမ်းဆည်းထားနိုင်မှာဖြစ်တဲ့အတွက် တရားရုံးစစ်ဆေးချက်တွေကိုများစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ထို့အပြင်အဆိုပါယာဉ်များကကားတာယာအမှတ်အသား၊ ယာဉ်တစ်စီးနှင့်တစ်စီး အကွာအဝေး၊ မြင်ကွင်းရှင်းလင်းမှုတို့ကိုပိုမိုကောင်းမွန်စေသောကြောင့်ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဒရုန်းများကို အသုံးပြုရန် ၂၀၁၄ခုနှစ် ဇန်နဝါရီလကတည်းက စဉ်းစားခဲ့သေးသော်လည်း ကနေဒါသယ်ယူပို့ဆောင်ရေးဌာန၏ ခွင့်ပြုချက်ရရှိရန်ခြောက်လခန့်စောင့်ဆိုင်းခဲ့ရသည်။ အက်ဒမန်တန်မြို့ ယာဉ်တိုက်မှုဖြစ်စဉ် ၁၅ခုကျော်ကို ဒရုန်းများဖြင့် မှတ်တမ်းတင်စစ်ဆေးနိုင်ခဲ့သည်။ ဒရုန်းများ သည်မီတာ ၇၀၀ အမြင့်လောက်အထိ ပျံသန်းနိုင်ပြီး ကောင်းကင်တွင် ၁၂မိနစ်လောက် ငြိမ်သက်ကာ အလုပ်လုပ်နေနိုင်သည့်အီလက်ထရွန်နစ်ပစ္စည်းတစ်မျိုးလည်းဖြစ်သည်။

**(မေလှဲ့သင်း)**





## အနာဂတ်ဝန်ဆောင်မှုကို စက်ရုပ်များဖြင့်သာဖြည့်ဆည်းသွားမည့် အီနာမိုစားသောက်ဆိုင်

စားသောက်ဆိုင်၏ အနာဂတ်ဝန်ဆောင်မှုအစီအစဉ်အတွက် စက်ရုပ်များကိုသာ အဓိကသုံးစွဲသွားမည်ဟု အီနာမိုတည်ထောင်သူ နိုဝယ်လ်အန်းနဝစ်ခ်နှင့် ဒန်ဒိုရယ်ပေါ်တာတို့က ပြောသည်။

မစ္စတာအန်းနဝစ်ခ်က 'ကျွန်တော်တို့ ဒီဆိုင်ကို ထူထောင်ဖို့ ကြိုးစားကြတဲ့အခါ ဆိုင်ကစားပွဲထိုးတွေက ပျင်းရိနေတတ်ကြပြီး အလုပ်ကို မခိုမကပ်လုပ်ဖို့ အားထုတ်မှုမရှိကြဘူး။ ဒါနဲ့ သူငယ်ချင်းတစ်ယောက်က E-Table လေးနဲ့ အသုံးပြုပြီး စက်ရုပ်တွေနဲ့ပဲ ဝန်ဆောင်မှုပေးဖို့ အကြံပေးခဲ့ပါတယ်။ ဒါက တစ်ခါပဲ ကုန်ကျစရိတ်ကြီးတဲ့ ကိစ္စရပ်ဖြစ်ပြီး နောက်ပိုင်းမှာ လူတွေကို လစာပေးစရာမလိုတော့ဘဲ လုပ်ငန်းရဲ့ ဝန်ဆောင်မှုတွေ ပိုမိုလျင်မြန်ထိရောက်လာစေပါတယ်" ဟု ဆိုသည်။

ယခုအခါ အီနာမိုစားသောက်ဆိုင်တွင် Touchscreen Restausaut Tablet များဖြင့်သာ လှုပ်ရှားဆောင် ရွက်နေကြပြီး ယင်းအစီအစဉ်ကို မန်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ ပညာရှင် မစ္စတာဆူရီက အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**(မေလှဲ့သင်း)**

# နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
## နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၁၃၇၇ ခုနှစ်၊ နှစ်သစ်မင်္ဂလာ ချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သောစေတနာ၊ ကရုဏာတရားမေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူ ကူညီလှူဒါန်းကြသူအလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။ အသက် (၇၀) ကျော် ဘိုး (၇၁) နှင့် ဘွား (၁၃၄)၊ စုစုပေါင်းဘိုးဘွား (၂၀၅) ဦးကိုပြုစုစောင့်ရှောက်ထားပါသည်။

**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး**

ဖုန်း – ၅၄၁၇၉၆, ၅၄၁၇၉၈, ၅၄၆၁၉၆ (လိုင်းခွဲ) ၄၀၇၊ ၄၀၈ (၂၁) ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။




t rnajymi;

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၅)၊ န၀မတန်း(A)မှ (ဘ)ဦးအေးကျော်၏သား မောင်သန့်ဇင်[၁၂/သကတ(နိုင်)၁၉၅၁၅၈] ကိုင်ဆောင်သူအား မောင်ဟိန်းပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

**ရွှေထိပ်တန်း ● ချောင်းသာ(နေ့စဉ်)**

| ကျိုက်ထီးရိုး (နေ့စဉ်) | ငွေဆောင် (သောကြာ) | ဂလွန်ပြည်တော်ပြန် |
|---|---|---|

တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလှိုဏ်ဂူ

01-701015,01-710436,09-5403844,09-5044830







# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းကို အများပြည်သိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူသို့သုံးစွဲရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ဈေးကွက်တင်ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို ဈေးများမှ ဝယ်ယူစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၁)မျိုးသည် အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Dr. JAPAN Skin Lightening Complex Nano Green Tea Active Extra Whitening & Face Lift | ထိုင်း(ယိုးဒယား)ဘာသာ စာသားများဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |

၃။ အဆိုပါအလှကုန်ပစ္စည်းကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင် သွင်း/ဖြန့်ဖြူးရောင်းချနေမှုများကို တွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃) (ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**(ကျန်းမာရေးဝန်ကြီးဌာန)**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

**နိုင်ငံကြီးသား ပီသစွာ**
**အခွန်ထမ်းဆောင်တာ**
**စားသုံးပြီးက ပြေစာဖြတ်**
**အခွန်ပါပြီးမှတ်**


AD*STAR
AD*STAR
50 KG CEMENT
နိုင်ငံတကာအဆင့်မီ ဘိလပ်မြေအိတ်ခွံများ
DRAGON CEMENT
KBZ
STRENGTH
မြန်မာနှစ်ကူးအခါသမယတွင်
ပြည်သူများ ကျန်းမာချမ်းသာပြီး
လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း
ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။
ဥရောပစက်ကြီးများဖြင့် မြန်မာပြည်တွင် ပထမဦးဆုံးထုတ်လုပ်သော ဘိလပ်မြေအိတ်ခွံများ
Kaung Thu Kha Trading Co., Ltd.
24-B, Shwe Pone Nyet Yeikmon, Bayintnaung Main Road, Kamayut Township, Yangon 11041, Myanmar.
Tel: 95-1-538101, 502168, 531007, Mobile : 95-9-5054164, 95-9-5054165 Fax : 538101, Ext-108
Email : kaungthukha@myanmar.com.mm


M.K.T Construction Co., Ltd
Modern Key Technique
“ မြန်မာ့နှစ်သစ်ကူးအခါသမယတွင်
မြန်မာပြည်သူပြည်သားများအားလုံး
ကျန်းမာချမ်းသာပျော်ရွှင်ပြီး ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့်
ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည် ”
ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၁-၃၈၂၄၂၃၊ ၀၁-၃၉၈၁၉၁၊ ၀၁-၂၄၅၇၈၆ ၀၉-၇၃၀၇၂၂၅၀၊ ၀၉-၅၁၇၈၄၇၈၊ ၀၉-၅၁၂၄၉၀၀။
Email: marketing@mktconstruction.com. Website: www.mktconstruction.com


ပျော်ရွှင်ကြည်နူး မြန်မာ့နှစ်သစ်ကူး
သဘာဝကော်ဖီစစ်စစ်အရသာ... ပရီမီယာ
PREMIER®
COFFEE
3IN1
PREMIER
INSTANT


မြန်မာသက္ကရာဇ် ၁၃၇၆–၁၃၇၇ ခုနှစ်
ပြည်သူ့အတွက်
SKY NET
နှစ်သစ်မင်္ဂလာဆုတောင်း
မြန်မာပြည်တစ်ဝန်းမှ ချစ်ခင်လေးစားရပါသော မိဘပြည်သူ
ညီအစ်ကိုမောင်နှမများ အားလုံးတို့သည် ၁၇.၄.၂၀၁၅ ရက်နေ့တွင်
ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၇၇–ခုနှစ် မင်္ဂလာနှစ်သစ်
အခါသမယမှစတင်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ
လန်းဖြာ ကြပါစေကြောင်း၊ ကောင်းကျိုးလိုအင်ဆန္ဒဟူသမျှ
တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေကြောင်း၊ အတ္တဟိတ၊ ပရဟိတ
နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုးတိုးမြှင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း
SKY NET
မိသားစုမှ မေတ္တာရှေ့ထား လေးစားစွာဖြင့် နှစ်သစ်
ဆုမွန်ကောင်းတောင်းကာ မေတ္တာအနန္တပို့သအပ်ပါသည်။

Hot Line No-0930500100



သကြၤန်အကြတ်နေ့က နိုင်ငံတော်သမ္မတအိမ်တော် ဥ္ဘဏ္ဍဝါခန်းမ၌ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ *(သတင်း စာမျက်နှာ - ၈)* (သတင်းစဉ်)

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အိမ်ရှင်စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်တို့နှင့်အတူ ကျရောက်

**နေပြည်တော် မေ ၁၅**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည်။

ယခုဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို အသင်း ၁၁ သင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းမှာ **စာမျက်နှာ ၅ ကော်လံ ၅ သို့●**

**သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်**



မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။

## မိုးကြိုကာလလေပြင်းတိုက်ခတ်မည့် သတိပေးချက်

**နေပြည်တော် မေ ၁၅**


မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးကြိုကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲနှင့်ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သကဲ့သို့ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် လေပွေလှိုင်းများကြောင့် လေရစ်ခွေမှုများဖြစ်ပေါ်၍ အထက်ဖော်ပြပါ မိုးလေဝသဖြစ်စဉ်များလည်း ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီ မိုးကြိုကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြပါရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## ယနေ့မာတိကာ

သကြၤန်နှစ်ကူး ယဉ်ကျေးမှု
စာမျက်နှာ - ၂

ထိုင်းဆွန်ခရန်ပွဲတော် ငါးရက်အတွင်း လူ ၂၅၁ ဦးသေ
စာမျက်နှာ - ၄




themirror.npt@gmail.com
www.facebook.com/themirrordaily